ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၁၀) ရက် ၊ သောကြာနေ့ ၊ (2-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၆)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ရုပ်ပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

(၇၅)နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့**အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင် ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစား **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့**ဝင် အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုပါသည် နောင်တစ်ခေတ်၏အောင်စစ်သည်

စစ်တက္ကသိုလ်သည် ၁၉၅၄ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် စတင်သန္ဓေတည်ခဲ့ပြီး အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် တန်ဖိုးထားရသည့် "နောင်တစ်ခေတ်၏ အောင်စစ်သည်"များကို လေ့ကျင့်မွေးထုတ်ပေးနေသည်။ နိုင်ငံတော်ကိုကာကွယ်ရန်အတွက် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဖြင့် မိမိသဘောဆန္ဒအလျောက် တပ်မတော်ကို ဝင်ရောက်လာခဲ့သူများဖြစ်သဖြင့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားထားရပြီး သူရသတ္တိနှင့်ပြည့်စုံ၍ အမှား၊ အမှန်၊ အဆိုး၊ အကောင်းကို ပိုင်းခြားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်ကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

စစ်တက္ကသိုလ်သည် စတင်ဖွင့်ချိန်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်ရှိ ဗထူးတပ်မြို့တွင်ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး "ကာကွယ်ရေးစစ်တက္ကသိုလ်" ဟု ခေါ်ဝေါ်ခဲ့သည်။ ၁၉၅၇ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ စစ်တက္ကသိုလ်၏ရည်ရွယ်ချက်မှာ တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့်အရာရှိကောင်းများ မွေးထုတ်ပေးရန်ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်ခဲ့သော မြန်မာ့တပ်မတော်သည် ဖြတ်သန်းခဲ့ရာ ခေတ်ကာလအဆက်ဆက်တွင် တိုင်းပြည်အကျိုးကို ဦးထိပ်ပန်ဆင်ခဲ့သည်ဖြစ်ရာ အမိစစ်တက္ကသိုလ်မှ တပ်မတော်သားအပေါင်းသည်လည်း အုတ်ချပ်ပေါင်းများစွာ၊ သဲပွင့်ပေါင်းများစွာ အနေဖြင့် အရိုးကြေကြေ အရည်ခန်းခန်း အသက်ခန္ဓာတို့ကို ပေးဆပ်ခဲ့ကြပြီးဖြစ်သည်။ အမိစစ်တက္ကသိုလ်ကြီးသည် စတင်သန္ဓေတည်ချိန်မှစ၍ သူ၏ရည်ရွယ်ချက်အတိုင်း လက်ရုံးရည်၊ နှလုံးရည်၊ ကာယအား၊ ဉာဏအားတို့ ကြံ့ခိုင်ကောင်းမွန်သည့် သားကောင်းရတနာများကို မွေးထုတ်ပေးလျက်ရှိပြီး အဆိုပါသားကောင်းရတနာ နောင်တစ်ခေတ်၏ အောင်စစ်သည်တို့သည် တပ်မတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသောတာဝန်များကို ထမ်းဆောင်ခဲ့ကြ ထမ်းဆောင်နေဆဲဖြစ်သည်။

၂၁ ရာစု ကမ္ဘာကြီးသည် အရှိန်အဟုန်နှင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးစနစ်များ အချိန်နှင့်အမျှ ပြောင်းလဲနေကြသည်။ အစဉ်ပြောင်းလဲတိုးတက်လျက်ရှိသည့် ကဏ္ဍစုံနယ်ပယ်နှင့် စစ်နည်းဗျူဟာများနောက်သို့ မျက်ခြည်ပြတ်မခံဘဲ လေ့လာ၊ လေ့ကျင့်၊ လိုက်နာနည်းလမ်းများဖြင့် အပတ်တကုတ်ကြိုးစားသွားကြရမည်ဖြစ်သည်။ အရေးကြီးသည်မှာ မည်သည့်အရာများ မည်သို့ပြောင်းလဲစေကာမူ ကိုယ့်အမျိုးဘာသာ၊ သာသနာ၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ ပြောင်းလဲမသွားကြရန် သတိမူရမည်ဖြစ်သည်။ အမိစစ်တက္ကသိုလ်တည်းဟူသော ရင်ခွင်မှမွေးဖွားပေးလိုက်သည့် နောင်တစ်ခေတ်၏ အောင်စစ်သည်များသည်လည်း တစ်ခါစစ်သား၊ ထာဝရစစ်သားခံယူချက်ကို နှလုံးသွင်းကာ တိုင်းပြည်နှင့်လူမျိုးအပေါ် မဖောက်မပြန်တည်ကြည်လေးနက်သော သစ္စာတရားတို့ဖြင့် အလုပ်အကျွေးပြုလျက်ရှိနေကြပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွက် စစ်တက္ကသိုလ်ကြီးပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း ၆၀ သက်တမ်းကို ကျော်လွန်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း မြောက်မြားစွာသော သားကောင်းစစ်သည်များကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဒီဇင်ဘာ ၂ ရက်(ယနေ့)တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းကြသည့် တပ်မတော်နှင့်နိုင်ငံတော်အတွက် အားသစ်လောင်းစေမည့် သားကောင်းဇာနည် နောင်တစ်ခေတ်၏ အောင်စစ်သည်များကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေကျပ်သန်း ၂၅၀၀ ကျော်ကို ယခုလကုန်ထိထုတ်ချေးပေးမည်



မန္တလေး ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်ရှိ တောင်သူများကို ယခုနှစ် ဆောင်းသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၂၅၀၀ ကျော်ကို ယခုလကုန်ထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် တောင်သူများကို ရာသီအလိုက် သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးကာ တောင်သူများအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးလျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကို တိုင်းဒေသကြီးအတွင်းမှာ ဒီနှစ် အောက်တိုဘာလကစပြီး ထုတ်ချေးပေးနေပါတယ်။ တောင်သူတွေ စိုက်ပျိုးရာမှာ တစ်ဖက်တစ်လမ်းကအထောက်အပံ့ဖြစ်ဖို့ စပါးတစ်ဧကအတွက် ငွေကျပ် ၁၅၀၀၀၀ နဲ့ အခြားသီးနှံတွေကို တစ်ဧကအတွက် ငွေကျပ် ၁၀၀၀၀၀ ကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပါတယ်။ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကို ဒီဇင်ဘာလကုန်ထိ ထုတ်ချေးပေးသွားမှာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်မှ တောင်သူများကို ယခုနှစ် ဆောင်းသီးနှံချေးငွေအဖြစ် ငွေကျပ်သန်း ၂၅၀၀ ကျော်လျာထားထုတ်ချေးပေးမည်ဖြစ်ရာ ယနေ့ထိ တောင်သူ ၆၈၂ ဦး၏ စိုက်ပျိုးဧက ၂၅၉၈ ဧကအတွက် ငွေကျပ် ၂၆၇ သန်းကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးနေသည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ မိတ္ထီလာ၊ စဉ့်ကူး၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ သာစည်၊ မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

မန္တလေး ဒီဇင်ဘာ ၁

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ်အေးနေဆဲဖြစ်ပြီး တစ်ပတ်ရစ်ဆိုင်ကယ်ဈေးကွက်၌သာ အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်းဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်း၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီးများမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၁ သိန်းမှ သိန်း ၄၀ ခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းမှ ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းက ပြောပြသည်။

ကားဈေးကွက်တွင် ငွေကျပ်သိန်း ၂၀၀မှ သိန်း ၃၅၀ ကြား ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေသေးကြောင်း၊ ထို့အတူ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာကားများ အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း ကားဈေးကွက်မှ သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့် ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးက ပြောပြ၍ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ဖြင့် ဈေးကောင်းရနေ

မန္တလေး ဒီဇင်ဘာ ၁

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ဖြင့် ဈေးကောင်းရနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက အဝယ်လိုက်လာခြင်းကြောင့် ဈေးကောင်း ရရှိလာကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံမှထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများ ရှိလာကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေကို မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေက မှာယူမှုတော်တော်လေး ပြန်များလာပါတယ်။ ဒါ့ပြင် မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေးပြန်ပြီးကောင်းနေတယ်။ အခုကတော့ မန္တလေးဈေးကွက်ထဲကို မြစ်သားနဲ့ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ ဝင်လာတာရှိပါတယ်။ ဒါပေမဲ့ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာ ရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟုဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း နိုဝင်ဘာ ၃၀ ရက်ပေါက်ဈေးအရ မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ထိပေါက်ဈေးရှိနေကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကလောမြို့နယ် ဘော်နင်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းဖြင့် အာလူးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကလော ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားရေး မြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဆောင်ရွက်လျက်ရှိသည့် ဘော်နင်းခေတ်မီစံပြကျေးရွာ၌ အာလူးစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဝင်းခိုင်နှင့် တာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘော်နင်းကျေးရွာတွင် ကျေးလက်စီးပွားရေးမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် စိုက်ပျိုးရေးအစုအဖွဲ့လုပ်ငန်းများဖြစ်သည့် အဖွဲ့(၁)၊ အဖွဲ့(၂)၊ အဖွဲ့(၃)၊ အဖွဲ့(၄)တို့၏ အာလူးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဘော်နင်းခေတ်မီစံပြကျေးရွာတွင် အဆိုပါအာလူးစိုက်ပျိုးခြင်းလုပ်ငန်းများကို RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ အသင်းအဖွဲ့များ၏ မတည်ငွေကျပ် သိန်း ၁၀၀ ဖြင့် ၂၀၂၂ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အာလူးများထွက်ရှိလာပါက ဒေသအတွင်း အာလူးစားသုံးမှုဖူလုံစေမည့်အပြင် အခြားဒေသများသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဝင်းခိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# သံတောင်ကြီးမြို့နယ် ဖယ်ဘိုး(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သံတောင်ကြီး ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံတောင်ကြီးမြို့နယ်ရှိ ဖယ်ဘိုး(အထက်) ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် တာဝန်ရှိသူများသည် ဖယ်ဘိုး(အထက်)ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် တစ်မိုင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က MEGA DYNAMIC ကုမ္ပဏီမှ တာဝန်ရှိသူကို လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဖယ်ဘိုး(အထက်) ကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကျောက်ရောမြေခင်းခြင်းနှင့် Box Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၇၀ ဒသမ ၉၅ သန်းဖြင့် MEGA DYNAMIC ကုမ္ပဏီက ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်း ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၈၅၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းခဲ့သည့် ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၈၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ငရုတ်သီးနှံ ဧက ၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငရုတ်သီးနှံ ၈၅၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံဖြစ်တဲ့ ငရုတ်ကို ဧက ၈၅၀ စိုက်ဖို့လျာထားပါတယ်။အခုလက်ရှိ လျာထားကထက် ကျော်လွန်စိုက်ပျိုးနိုင်တယ်။ ငရုတ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြဖို့ ဆောင်ရွက်ပေးနေတယ်။ ငရုတ်ကို မိုးမှာသိပ်မစိုက်ကြဘူး။ ဆောင်းမှာ စိုက်ကြတာ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇော်ဇော်မင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ငရုတ်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၁၄ ဧက၊ဝက်လက်မြို့နယ်တွင် ဧက ၃၄၀၊ ခင်ဦးမြို့နယ်တွင် ၄၀၄ ဧက စုစုပေါင်း ၈၅၈ ဧကဖြစ်ပြီး စိုက်ပျိုးရန်လျာထားချက်အနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၁၃ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၉၇ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၃၄၀ စုစုပေါင်း ဧက ၈၅၀ ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံစိုက် တောင်သူများအနေဖြင့် ငရုတ်သီးနှံ အထွက်နှုန်းကောင်းရန်၊ ဈေးကွက်လည်းရရှိရန် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်းပိုးမွှားကာကွယ်နှိမ်နင်းရန်နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်သီးနှံသည် စတင်ခူးဆွတ်ချိန်မှစ၍ ၁၅ ရက် တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ပြီး နောက်တစ်ပတ်များတွင် ပိဿာ ၄၀၀ နှင့် ၅၀၀ ကြားရရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ညောင်ဦးမြို့နယ် ဒါန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းထွဋ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဒါန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# လောက်ကိုင်မြို့တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**လောက်ကိုင် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ပျူစောထီးလမ်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လောက်ကိုင်မြို့နယ် စည်ပင်သာယာရေး ဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဝဏ္ဏဦးတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးဌာန ရန်ပုံငွေကျပ် ၇၇၄၁၅၀၀၀ ဖြင့် ဆောင်ရွက်သည့် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မြို့တွင်း ပျူစောထီးလမ်းတွင် နှစ်လမ်းသွား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကိုစစ်ဆေးကြပြီး အမှုဆောင်အရာရှိဦးစိုင်းရန်နိုင်ဦးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လောက်ကိုင်မြို့ ပျူစောထီးလမ်းတွင် ဆောင်ရွက်လျက်ရှိသော နှစ်လမ်းသွား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းသည် အရှည် ၈၇၅ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့်ရှစ်လက်မ ဖြစ်ကြောင်း၊ လောက်ကိုင်မြို့နယ် စည်ပင် သာယာရေးဌာန၏ ကြီးကြပ်မှုဖြင့် ယခုနှစ် နိုဝင်ဘာ ၁ ရက်က လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်ပြီး မြို့သာယာလှပရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာစေမည်ဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ လောက်ကိုင်မြို့နယ် စည်ပင်သာယာရေးအနေဖြင့် မြို့သာယာလှပရေး လုပ်ငန်းများကို နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း လောက်ကိုင် မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှု ဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးက ပြော ပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# မြန်မာ့ဂုဏ်ရည် ဆယ့်နှစ်(ဆယ့်နှစ်လ)ရာသီ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**ဆရာတက္ကသိုလ်ဘုန်းနိုင်၏ နှင်းငွေ့တစ်ထောင့်မိုးတစ်မှောင့်** လုံးချင်းဝတ္ထုထဲတွင် ဆရာတက္ကသိုလ်ဘုန်းနိုင်ကို နိုင်ငံခြားသား စာပေမိတ်ဆွေတစ်ဦးက "မြန်မာစာပေတွေမှာ သစ်ရွက်ကြွေတာတွေ၊ မြူဆိုင်းတာတွေ၊ ပန်းပွင့်တာတွေကို တွေ့နေရတယ်"ဟု ပြောပြရာ ဆရာတက္ကသိုလ်ဘုန်းနိုင်က ရသစာပေဖန်တီးမှု ဂုဏ်သတ္တိသုံးမျိုးကို ရှင်းပြပြီး-

"မြန်မာစာပေမှာ ပန်းပွင့်တာတွေ၊ ပန်းကြွေတာတွေ၊ သစ်ရွက်ကြွေတာတွေ၊ လေတိုက်မြူဆိုင်းတာတွေ ရေးသားထားကြတာဟာ မြင်နေကျ မြန်မာ့အလှတွေကို ပိုမိုမြတ်နိုးလာအောင်၊ ခေတ်အဆက်ဆက်က ကိုယ့်မြေရဲ့ အလှသဘာဝတွေကို အစဉ်သိနေ၊ မြတ်နိုးနေကြစေအောင် ရှေးစာဆိုတော်တွေက ရေးသားခဲ့ကြတာပါ။ အင်္ဂလိပ်စာပေတွေထဲမှာလဲ သူတို့ရဲ့ရေမြေတောတောင်သဘာဝတွေကို ရေးသားနေကြတာပါပဲ"ဟု ဖြေကြားခဲ့သည်။

ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ ဖြေကြားချက်မှာ ထိမိပိုင်နိုင်လှပေသည်။ ဂျပန်နိုင်ငံ၏ အမြတ်တနိုးချယ်ရီပန်းများသည် ဂျပန်နိုင်ငံ၏ပုံရိပ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီအလိုက် ရာသီပန်းမျိုးစုံ ဖူးပွင့်နေကြသည်။ အလားတူ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးအသီးသီးတွင်လည်း ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုး ဓလေ့စရိုက်အလိုက် နှစ်ခြိုက်ဖွယ်ရာ ပုံရိပ်မျိုးစုံ ရှိနေကြသည်။

မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက်မှ ပုံရိပ်များဖြစ်ကြသော ရိုးရာယဉ်ကျေးမှု ထုံးဓလေ့များနှင့် ရာသီပန်း၊ ရာသီပွဲများရှိနေကြလေရာ နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းနေကြရသည်။

ထိုလက်ဆင့်ကမ်းအမွေသည်ကား **"မြန်မာ့ဂုဏ်ရည် ဆယ့်နှစ်လရာသီ"**ထုံးဓလေ့ယဉ်ကျေးမှုများပင်တည်း။ တစ်နည်းအားဖြင့်ဆိုရလျှင် **"မျိုးချစ်စိတ်ကို မြှင့်တင်ပေးနေသည့် ပုံရိပ်များ"**ခေတ်အဆက်ဆက် စစ်ချီစစ်တက် စစ်ရေးပြကြပုံများ၊ ဆင်ရေး၊ မြင်းရေး၊ လှံရေး၊ လှေတပ် စသည့်ပြိုင်ပွဲများ၊ ဘာဘာရေး အထိမ်းအမှတ်ပွဲများ ပါဝင်နေကြသောကြောင့် **"ခေတ်သွေး၊ ခေတ်မာန် ထက်သန်စေသော ပုံရိပ်များ"**ဟုပင် ဆိုချင်သည်။

ငယ်စဉ်ကျောင်းသားဘဝ ဆယ့်နှစ်လရာသီအကြောင်း စာစီစာကုံးများ ရေးသားခဲ့စဉ်က အပေါ်ယံသဘောသာနားလည်ပြီး ရေးသားခဲ့မိသည်။ စာရေးဆရာ ပေါက်စဘဝရောက်တော့လည်း ဆယ့်နှစ်လရာသီဘွဲ့များကို စာသံပေသံ နားဝင်ပီယံရှိလှစွာဖြင့် စိတ်ကူးယဉ်ချင်တိုင်းယဉ်ပြီး ရေးသားခဲ့မိသည်။ ယခုလို အရွယ်ရ၊ အမြင်ကျယ်၊ အတွေ့အကြုံသင့်တင့်ကြွယ်လာတော့မှ "ဩော် . . . ဆယ့်နှစ်လရာသီဘွဲ့တွေဟာ **မြန်မာ့ပုံရိပ်၊ မြန်မာ့မျိုးချစ်စိတ်**တွေပါလား" ဟု တန်ဖိုးထားမြတ်နိုးရကောင်းမှန် ပို၍နားလည်ခံစားလာမိသည်။

**ရာသီမသိ ပန်းနှင့်ညို**

**မဃဒေဝလင်္ကာသစ်တွင် "လောကီအလို၊ နက္ခတ်ဂြိုဟ်က၊ ထိုထိုသီးပွင့်၊ ဓါမလင့်ဘူး၊ နရင့်ချိန်မီ၊ ကိုက်ဖူးစီလျက်၊ ရာသီမသိ၊ ပန်းနှင့်ညိုသော်၊ ညီဘိကာလ၊ မလွန်ကြရှင်"**ဟု ဖွဲ့ဆိုထားရာ ရာသီအလိုက်ပွင့်သည့်ပန်းများကိုကြည့်၍ အချိန်အခါ ရာသီကို အကဲဖြတ်မှတ်သားထားခဲ့ကြသည်။

ဤနေရာတွင် **ရာသီ**၏ အဓိပ္ပာယ်ကို သိထားသင့်ကြသည်။ ရာသီဆိုသည်မှာ တန်ခူး၊ ကဆုန်စသော တစ်လကာလအပိုင်းအခြား၊ ဆယ့်နှစ်လရာသီ။ နွေ၊ မိုး၊ ဆောင်းဟူသော ကာလသုံးပါး။ နှစ်ကာလအပိုင်းအခြားကို ခေါ်ခြင်းဖြစ်သည်။

**ရာသီပန်း**နှင့်ပတ်သက်၍ လအလိုက် ဖူးပွင့်လေ့ရှိကြသော ပန်းများမှာ တန်ခူးလတွင် ကံ့ကော်ပန်း၊ ကဆုန်လတွင် စံကားပန်း၊ နယုန်လတွင် စံပယ်ပန်း၊ ဝါဆိုလတွင် မုလေးပန်း(မြတ်လေးပန်း)၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ရင်းမာပန်း၊ သီတင်းကျွတ်လတွင် ကြာပန်း၊ တန်ဆောင်မုန်းလတွင် ခဝဲပန်း၊ နတ်တော်လတွင် သဇင်ပန်း၊ ပြာသိုလတွင် ခွာညိုပန်း၊ တပို့တွဲလတွင် ပေါက်၊ လဲပန်း၊ တပေါင်းလတွင် သရဖီပန်းများ ဖူးပွင့်ခဲ့ကြသည်။

ထို့ကြောင့် စာဆိုတော်တစ်ဦးက **ဆယ့်နှစ်လရာသီပန်း** နှင့်ပတ်သက်၍ **"ပန်းကံ့ကော်၊ ရွှေစံကား၊ ငွေသားနှ စံပယ်မှန်၊ မုလေးစတ္တာနှင့်၊ ရွှေရင်းမာကြာစခဲ၊ ဖွဲ့နှင်းလျှံ၊ သဇင်ကျန်၊ ခွာတံပေါက်လဲ၊ ပွင့်ဝတ်မှုန်ရွှေဖိမင်း၊ သင်းထုံနံ့ကင်း"**ဟု ဖွဲ့ဆိုခဲ့သည်။

**ရာသီပွဲ**နှင့်ပတ်သက်၍ လအလိုက်ကျင်းပကြလေ့ရှိသည့် ပွဲလမ်းသဘင်များမှာ တန်ခူးလတွင် သင်္ကြန်-ရေသဘင်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ နယုန်လတွင် စာပြန်ပွဲတော်၊ ဝါဆိုလတွင် ဝါဆိုပွဲတော်၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ပဥ္စင်းခံပွဲ၊ ဓမ္မစကြာအခါတော်နေ့၊ ဝါခေါင်လတွင် စာရေးတံမဲပွဲ၊ မေတ္တာအခါတော်နေ့၊ တော်သလင်းလတွင် လှေပြိုင်ပွဲ၊ ဂရုဓမ္မမြတ်သီလအခါတော်နေ့၊ သီတင်းကျွတ်လတွင် ဝါကျွတ်ပွဲတော်၊ အဘိဓမ္မာအခါတော်နေ့၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်၊ ကထိန်ပွဲတော်၊ သာမညဖလအခါတော်နေ့၊ နတ်တော်လတွင် နတ်ပူဇော်လ၊ စာဆိုတော်လ၊ ပြာသိုလတွင် မြင်းခင်းပွဲတော်၊ တပို့တွဲလတွင် ထမနဲပွဲ၊ တပေါင်းလတွင် တပေါင်းပွဲတော်၊ သဲပုံစေတီပွဲတော် စသည်ဖြင့် လအလိုက် ကျင်းပခဲ့ကြသည်။

ထို့ကြောင့် **"သင်္ကြန်တကူး၊ နှစ်ဦးညောင်ရေ၊ စာပုလွှေစင်း၊ ပဥ္စင်းတော်ခံ၊ စာရေးတံနှင့် မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းစင်းထွက်ဝင်၊ သဘင်မီးဖုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျှဉ်၊ ဤသို့ယှဉ်သွား၊ လစဉ်အမြဲ၊ ဆယ့်နှစ်ပွဲ"**ဟု ရာသီပွဲဘွဲ့ကို **လက်ဝဲသုန္ဒရအမတ်ကြီး**က စပ်ဆိုခဲ့သည်။

**ဖိုးသူတော်ဦးမင်း** ၏ **ဆယ့်နှစ်လရာသီဘွဲ့များ**တွင် လအလိုက်ပွင့်သည့်ပန်း၊ ကျင်းပသည့်ပွဲတော်၊ လအလိုက်ဖြစ်ပေါ်သည့် ကြယ်၊ တာရာ၊ ရာသီရုပ်များကို ဖွဲ့ဆိုထားသည်။

ဆယ့်နှစ်လရာသီတွင် ပါဝင်သောလအလိုက် မှတ်သားဖွယ်ရာများစွာထဲတွင် တစ်လချင်းစီ၏ ဖြစ်ပေါ်ခေါ်ဝေါ်ပုံ၊ ရှေးအစဉ်အလာကျောက်စာများတွင် ရေးထိုးခဲ့ကြပုံများအပြင် ကြယ်၊ တာရာ၊ နက္ခတ်၊ ဂြိုဟ်၊ ရာသီရုပ်များလည်း ပါဝင်ကြသည်။ အထူးသဖြင့် လူငယ်လူရွယ်တချို့ ယေဘုယျသာ သိထားကြသော **ကြယ်၊ တာရာ၊ နက္ခတ်၊ ဂြိုဟ်၊ ရာသီရုပ်**များ၏ လိုရင်းအဓိပ္ပာယ်အချုပ်ကို ဖော်ပြပေးလိုသည်။ **ကြယ်** = ညအခါ၌ကောင်းကင်တွင် အလင်းရောင်အပွင့်ကလေးအဖြစ် မြင်ရသောအရာ။ **တာရာ**=ကောင်းကင်ကြယ်။ **နက္ခတ်**=ကြယ်တာရာအစု၊ နက္ခတ်(၂၇)လုံးရှိသည်။ **ဂြိုဟ်**=လူတို့၏ကံကြမ္မာကို ဖော်ညွှန်းနိုင်သည်ဆိုသောကောင်းကင်ကြယ်(ဗေဒင်အလို)။ **ရာသီရုပ်**= ဆယ့်နှစ်လရာသီတွင် ရာသီအလိုက် အမှတ်အသားပြုသောအရုပ် စသည်တို့သည် လအလိုက်ဖြစ်ပေါ်နေကြသည့် လက္ခဏာအမှတ်အသားများဖြစ်ကြသည်။ ထို့ကြောင့် ဆယ့်နှစ်လရာသီဆောင်းပါးများ၊ တေးကဗျာများ၊ ဘွဲ့ရတုများတွင် အမြဲတမ်းပါဝင်လေ့ရှိကြသည်။

❖ ဆယ့်နှစ်လရာသီတွင် ပါဝင်သောလအလိုက် မှတ်သားဖွယ်ရာများစွာထဲတွင် တစ်လချင်းစီ၏ ဖြစ်ပေါ်ခေါ်ဝေါ်ပုံ၊ ရှေးအစဉ်အလာကျောက်စာများတွင် ရေးထိုးခဲ့ကြပုံများအပြင် ကြယ်၊ တာရာ၊ နက္ခတ်၊ ဂြိုဟ်၊ ရာသီရုပ်များလည်းပါဝင်ကြသည်။ အထူးသဖြင့် လူငယ်လူရွယ်တချို့ ယေဘုယျသာသိထားကြသော ကြယ်၊ တာရာ၊ နက္ခတ်၊ ဂြိုဟ်၊ ရာသီရုပ်များ၏ လိုရင်းအဓိပ္ပာယ်အချုပ်ကို ဖော်ပြပေးလိုသည်။ ကြယ် = ညအခါ၌ကောင်းကင်တွင် အလင်းရောင်အပွင့်ကလေးအဖြစ် မြင်ရသောအရာ။ တာရာ=ကောင်းကင်ကြယ်။ နက္ခတ်=ကြယ်တာရာအစု၊ နက္ခတ်(၂၇)လုံးရှိသည်။ ❖

သာဓကအဖြစ် လအလိုက် **ရာသီအမည်နှင့်နက္ခတ်**ကိုဖော်ပြရလျှင် တန်ခူးလ(မိဿရာသီနှင့်စိတြနက္ခတ်)၊ ကဆုန်လ(ပြိဿရာသီနှင့် ဝိသာခါနက္ခတ်၊ နယုန်လ(မေထုန်ရာသီနှင့် ဇေဋ္ဌနက္ခတ်)၊ ဝါဆိုလ(ကရကဋ်ရာသီနှင့်အာသဠ်နက္ခတ်)၊ ဝါခေါင်လ (သိဟ်ရာသီနှင့်သရဝဏ်နက္ခတ်)၊ တော်သလင်းလ(ကန်ရာသီနှင့် ပြုဗ္ဗဘဒြပိုဒ်နက္ခတ်)၊ သီတင်းကျွတ်လ(တူရာသီနှင့် အဿဝနီနက္ခတ်)၊ တန်ဆောင်မုန်းလ(ဗြိစ္ဆာရာသီနှင့် ကြတ္တိကာနက္ခတ်)၊ နတ်တော်လ(ဓနုရာသီနှင့် မိဂသီနက္ခတ်)၊ ပြာသိုလ(မကရရာသီနှင့်ဖုဿျနက္ခတ်)၊ တပို့တွဲလ(ကုံရာသီနှင့် မာဃနက္ခတ်)၊ တပေါင်းလ(မိန်ရာသီနှင့် ဥတ္တရဖလဂုနီနက္ခတ်)စသည်တို့ဖြစ်ကြသည်။

လစဉ်ဖြစ်ပေါ်သော **ယှဉ်တာရာ၊ ရာသီရုပ်၊ လပြည့်သန်းခေါင် နတ်ပေါင်းစပင်၊ ရက်ရာဇာ၊ ပြဿဒါးနှင့် ခေတ်ပေါ်အထိမ်းအမှတ်ပွဲတော်များ**လည်းရှိကြသည်။

**ဥတုသုံးပါး ရတုခြောက်ဖြာ**

**"မိုးဆောင်းနွေလ၊ သုံးပါးအစု၊ ရတုခြောက်လီ၊ ရာသီပိုင်းဖြတ်၊ ဆယ့်နှစ်ရပ်တွင်"**ဟု **ဦးတိုးက ရာမရကန်**တွင် ဖွဲ့ဆိုထားသည်။ **ဥတု** ဆိုသည်မှာ တစ်နှစ်ကို သုံးပိုင်းပိုင်းခြား၍ လေးလစီသတ်မှတ်သည့် နွေ၊ မိုး၊ ဆောင်းဟူသော ကာလ၊ လေမိုး စသော သဘာဝအခြေအနေကို ခေါ်ဆိုခြင်းဖြစ်သည်။ **ရတု** ဆိုသည်မှာ ဥတုသုံးပါးထဲမှ(နွေဦး၊ နွေနှောင်း)၊ (မိုးဦး၊ မိုးနှောင်း)၊ (ဆောင်းဦး၊ ဆောင်းနှောင်း)တည်းဟူသော အပိုင်း ခြောက်ပိုင်းကို ရတုခြောက်ပါးဟု ဖွင့်ဆိုထားသည်။ ထို့ပြင် ဆိုင်ရာရာသီဥတု၌ကျင်းပသော ပွဲသဘင်နှင့် လေးလုံးတစ်ပိုဒ်ရေးဖွဲ့သော ကဗျာတစ်မျိုးကိုလည်း **ရတု**ဟုခေါ်သည်။

**ဥတုသုံးပါးမှာ**

- ဂိမှာန - နွေဥတု - တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်
- ဝဿာန - မိုးဥတု - ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်
- ဟေမန္တ - ဆောင်းဥတု - တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ

**ဥတုခြောက်ဖြာမှာ**

ဥတုသုံးပါးအစဉ်အတိုင်း နှစ်လစီတွဲထားခြင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | တပေါင်း၊ တန်ခူး | - ဝသန္တရတု |
| ၂။ | ကဆုန်၊ နယုန် | - ဂိမှရတု |
| ၃။ | ဝါဆို၊ ဝါခေါင် | - ဝဿာနရတု |
| ၄။ | တော်သလင်း၊ သီတင်းကျွတ် | - သရဒရတု |
| ၅။ | တန်ဆောင်မုန်း၊ နတ်တော် | - ဟေမန္တရတု |
| ၆။ | ပြာသို၊ တပို့တွဲ | - သိသိရရတု |

ကမ္ဘာသည် ၂၃½ ဒီဂရီတိမ်းစောင်းလျက် နေကို တစ်နှစ်လျှင် တစ်ပတ်လည်ပတ်နေရသောကြောင့် (အီကွေတာနှင့်)အီကွေတာ၏ မြောက်ဘက်တွင် ဥတ္တရယဉ်စွန်းတန်း၊ အီကွေတာ၏ တောင်ဘက်တွင် ဒက္ခိဏယဉ်စွန်းတန်းတို့ ရှိနေကြသည်ဟု သတ်မှတ်ထားသည်။

ဥတ္တရယဉ်စွန်းတန်းပေါ်သို့ နေရောက်သည့်အခါ ကမ္ဘာ့မြောက်ဘက်ခြမ်းသည် နွေဥတု၊ တောင်ဘက်ခြမ်းသည် ဆောင်းဥတုဖြစ်ပေါ်လေ့ရှိသည်။ ဒက္ခိဏယဉ်စွန်းတန်းပေါ်သို့ နေရောက်ပါက ကမ္ဘာ့တောင်ဘက်ခြမ်းသည် နွေဥတု၊ မြောက်ဘက်ခြမ်း(မြန်မာနိုင်ငံအပါအဝင်)သည် ဆောင်းဥတုဖြစ်ပေါ်လာလေ့ရှိသည်ဟု ပထဝီသဘောအရ မှတ်တမ်းပြုထားကြသည်။

ရတုခြောက်ဖြာနှင့်ပတ်သက်၍ **ဆရာမင်းသုဝဏ်**က

- ဝါဆို၊ ဝါခေါင် ဝဿာန၊ အနောက်တောင်က မိုးသက်ကျ။
- တော်သလင်း၊ သီတင်းကျွတ်သရဒ၊ ရင်းမာကတောက်ကြာပန်းလှ။
- တန်ဆောင်မုန်း၊ နတ်တော်ဟေမန္တ၊ မြောက်လေပြန်၍ ဆီးနှင်းကျ။
- ပြာသို၊ တပို့တွဲ သိသိရ၊ ခွာညိုပေါက်လဲ ဖူးပွင့်ကြ။
- တပေါင်း၊ တန်ခူးဝသန္တ၊ ဥသြတွန်၍ တောင်လေကျ။
- ကဆုန်၊ နယုန် ဂိမှာန၊ မိုးခြိမ်းသံနှင့် လျှပ်ရောင်ပြ။
- ရတုခြောက်ပါး၊ ဆယ့်နှစ်လ၊ အခါလည်က၊ ပြန်၍စ။

ဟူ၍ မှတ်ရလွယ်အောင် စပ်ဆိုခဲ့သည်။ ထိုရတုခြောက်ဖြာကိုပင် ရှေးစာဆိုတော်တစ်ဦးက ပိုဒ်စုံရတုစပ်ဆိုထားသေးသည်။

လ၊ ဥတု၊ ရတုများ၏အစမှာ နေ့ရက်များဖြစ်ကြသည်။ မြန်မာမှန်လျှင် မြန်မာနေ့နာမ်၊ ဂြိုဟ်သက်များကို အကြမ်းဖျင်းမျှသိထားသင့်ကြသည်။ စာရေးသူတို့ ကလေးဘဝက ဘုန်းတော်ကြီးကျောင်းများတွင် လောကီ၊ လောကုတ်စာပေများကို သင်ကြားခွင့်ရခဲ့ကြသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအခြေခံ၊ နေ့နာမ်သင့်၊ မသင့်၊ ချင့်ချိန်တွက်ချက်နည်းများ၊ မိတ်ဖက်နှင့် ရန်ဖက်ရွေးချယ်နည်းများ၊ နာမည်ပေးနည်းများကို သင်ကြားခွင့်ရခဲ့ကြသောကြောင့် အချို့ဗေဒင်ပညာ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

---

➤ စာမျက်နှာ ၄ မှအဆက်

အခြေခံကိုပင် တတ်ကျွမ်းခဲ့ကြသည်။

**နေ့အလိုက် ဂြိုဟ်သက်ရိုးမိုးမှုနှင့် တိရစ္ဆာန်အမည်**

၁။ **တနင်္ဂနွေ ဂဠုန်၊** အရှေ့မြောက်ကြို = ဂြိုဟ်သက် ခြောက်နှစ် နေတုံခြောက်နှစ်မျှ။ (အ၊ အိ၊ ဩ၊ ဥ၊ ဧ)

၂။ **တနင်္လာ ကျား၊** တစ်ဆယ့်ငါး၊ = ဂြိုဟ်သက် ၁၅ နှစ် နေ့ပြားရွှေ့ရပ်က။ (က၊ ခ၊ ဂ၊ ဃ၊ င)

၃။ **အင်္ဂါ ခြင်္သေ့၊** ရွှေ့တောင်ကွေ့ = ဂြိုဟ်သက် ရှစ်နှစ် မရွေ့ရှစ်နှစ်မျှ။ (စ၊ ဆ၊ ဇ၊ ဈ၊ ည)

၄။ **ဗုဒ္ဓဟူး ဆင်၊** တောင်ရပ်ခွင် = ဂြိုဟ်သက် ၁၇ နှစ် နေလျှင်ဆယ့်ခုနစ်။ (ယ၊ ရ၊ လ၊ ဝ)

၅။ **ကြာသပတေး ကြွက်**မျိုး၊ တစ်ဆယ့်ကိုး = ဂြိုဟ်သက် ၁၉ နှစ် နေရိုးအနောက်ဘက်။ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)

၆။ **သောကြာမှာ ပူး၊** မြောက်စူးစူး = ဂြိုဟ်သက် ၂၁ နှစ် တစ်ကြူးနှစ်ဆယ်သာ။ (သ၊ ဟ)

၇။ **စနေ နဂါး၊** နောက်တောင်ပါး = ဂြိုဟ်သက် ၁၀ နှစ် နေပြားဆယ်နှစ်ရ။ (တ၊ ထ၊ ဒ၊ ဓ၊ န)

၈။ **ရာဟု ဟိုင်းဆင်၊** နောက်မြောက်ကြို= ဂြိုဟ်သက် ၁၂ နှစ် နေလို့ဒွါဒသ။

နေ့ရက်များကိုတွက်ချက်ပြီး လများကို ရက်သတ်မှတ်ရာ၌ **တန်ခူး ရက်မစုံ ၂၉၊ ကဆုန်ရက်စုံ ၃၀၊ နယုန်ရက်မစုံ ၂၉၊ ဝါဆိုရက်စုံ ၃၀** စသည်ဖြင့် တစ်လရက် ၃၀၊ ၂၉ ရက်ရှိသည်ကိုလည်း ကဗျာသံပေါက်များဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ကြသည်။ တန်ခူး(မေြာ)စလို့ ကဆုန်လ (မေ)ခေါ် နယုန်လ(ဇွန်နှစ်ဖော်)အစရှိသည်ဖြင့် မြန်မာလနှင့် အင်္ဂလိပ်လ ကိုလည်း တွဲ၍မှတ်မိစေရန် ရွတ်ဆိုစေခဲ့ကြသည်။

**ဆယ့်နှစ်လရာသီမိုးလက္ခဏာ**

မူလစာဆိုရှင်ကို မသိရသော်လည်း မုံရွေးဇေတဝန်ဆရာတော်၏ မှတ်စုတွင် ဆယ့်နှစ်လရာသီမိုးလက္ခဏာကို ဖော်ပြထားရာ တန်ဖိုးရှိလှသည်။

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး။

၂။ ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနှံ့နှံ့။

၃။ နယုန်မိုးသေး၊ မြက်သားမွေး။

၄။ ဝါဆိုလပြောင်း၊ မိချောင်းဖွေးဖွေး၊ မိုးအေးအေး။

၅။ ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ။

၆။ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ။

၇။ သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။

၈။ တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတစ်ဖြိုက်၊ မိုးတစ်လိုက်။

၉။ နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။

၁၀။ ပြာသိုချမ်းပြင်း၊ မိုးညှင်းညှင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံပျက်။

၁၁။ တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်မိုးကြွင်း။

၁၂။ တပေါင်းလည်းကူး၊ မိုးသားကြူး။

**မိုးရွာခြင်းလေးမျိုး**

မိုးရွာခြင်းလေးမျိုးရှိရာ **ပျဉ်ထောင်မိုး**(ထောင်ထားသော ပျဉ်ထောင်ပေါ်မှ ဒလဟောစီးဆင်းသကဲ့သို့ ပြင်းထန်စွာရွာသောမိုး၊ **ရောက်ရွာမိုး** (ရောက်သီးလုံးခန့်ရှိသော မိုးသီးကြီးများပါဝင်သောမိုး-မိုးသီးမိုး)၊ **ဆင်ရာတိမ်မိုး** (အုံ့ဆိုင်းပြီး မရွာဘဲ တိမ်တွေသာမည်း၍ ဆင်လာသောမိုး (ဆင်ခြေရာ၊ မြင်းခြေရာများ တိမ်ကောပျောက်ကွယ်သွားစေမည့်မိုး)၊ **ကန်ဆင်းမိုး**(တော်သလင်းမိုး၊ ကန်သင်းကျိုး) ဟူ၍ဖြစ်သည်။

**ရှေးစေတ်မိုးလေဝသခန့်မှန်းချက်**

**ဗုဒ္ဓဟူး၊ စနေ ဆန်းတုံဓမ္မ၊ တောင်လေသုတ်ဖြူး၊ တဟူးဟူးနှင့်၊ မိုးဦးလည်းခေါင်၊ မိုးလယ်ရောင်ကွင်း၊ မိုးနှောင်းဖျင်းအုံ့** ဟူသော စာဆိုအရ နှစ်ဆန်းတစ်ရက်နေ့သည် ဗုဒ္ဓဟူး၊ စနေနေ့ဖြစ်လျှင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးပါးစလုံး မိုးခေါင်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ယခုအခါမှာတော့ ရာသီဥတုဖောက်ပြန်နေသောကြောင့် ထိုခန့်မှန်းချက်မှာ မမှန်တော့ပေ။

တချို့က **ခေါင်းဆရာနှင့် ယားနာပွေးကွက်၊ ပါဒရက်က၊ ပုရွက်ပလူ၊ အနူပြဒါး၊ ပေါင်းရှစ်ပါး**ဟု မိုးလေဝသဗေဒင်တွက်ချက်ကြလေ့ရှိသည်။ **ခေါင်းဆရာ**၏ ခေါင်းကြီးအလျော့အတင်း၊ **ပွေး၊ ဝဲ၊ ယားနာ** စသည့်ရောဂါရှင်သုံးဦး၏ ရောဂါအထ၊ **ဒူလာရောဂါ၊ ပါဒရက်ရောဂါ၊ အနာကြီးရောဂါသည်** များ၏ ရောဂါအနေအထားများ၊ **ပုရွက်ဆိတ်နှင့် ပလူကောင်များ** တွင်းအောင်းနေကြရာမှ အဝင်အထွက် စသည်တို့ကို ကြည့်ကာ မိုးလေဝသခန့်မှန်းခဲ့ကြသည်။

တချို့ကလည်း ကြက်တွန်သံ၊ ကျီးကန်းအသိုက်၊ ပုစွန်တွင်း၊ ဘီလုံးငှက်တို့၏ အလေ့အထများကိုကြည့်ကာ မိုးလေဝသခန့်မှန်းခဲ့ကြသည်။ သင်္ကြန်ကျသည့်နေ့တွင် ရှားပင်ကို ဓားဖြင့် တစ်ထစ်စီထစ်ပြီး စီးကျသည့်အရည် အထွက်အနည်းအများကိုကြည့်ကာ မိုးဦး ကောင်း၊ မကောင်း ခန့်မှန်းခဲ့ကြသည်။

ဆယ့်နှစ်လရာသီနှင့်ပတ်သက်၍ ရှေးစာဆိုတော်ကြီးများက ကဗျာ၊ သံပေါက်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ပျို့၊ ရတု၊ လွမ်းချင်း၊ အဲချင်း၊ စည်တော်သံ၊ လေးဆစ် စသည်ဖြင့် စာပေမျိုးစုံနှင့် မှတ်တမ်းတင်ပြီး လက်ဆင့်ကမ်းမျှဝေပေးခဲ့ကြသည်။

နှောင်းခေတ်တွင် သက်ကြီးစာပေပညာရှင်များနှင့် မျိုးဆက်သစ်စာပေလောကသားများကလည်း ထိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းကျောင်းမြှင့်တင်ပေးနေကြသည်။ သို့မှသာ ဇာတိသွေး ဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်များ ပြန့်ပွားကာ နိုင်ငံနှင့်လူမျိုးလည်း ဖွံ့ဖြိုးတိုးတက်ခိုင်မြဲတည်တံ့နေမည်ဖြစ်သည်။

ထို့ပြင် **စူဠဝါ-ပါဠိတော်လာ "လစဉ်အစါအလိုက်၊ ရာသီ၊ နက္ခတ်၊ ကြယ်နှင့်တာရာ၊ ဂြိုဟ်သနင်းများ အဖို့တို့ကို သင်ယူကြကုန်လော့။ လေ့လာကြကုန်လော့။ မှတ်သားကြကုန်လော့။ ပွားများကြကုန်လော့။ သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရမည် မှတ်ကြလော့"**ဟု ညွှန်းဆိုမှုကို အစဉ်သတိပြုကြစေချင်ပါသည်။

**ကိုးကား**

- **ဆရာလှသမိန်၏ ဆယ့်နှစ်ရာသီဖွဲ့ ပေါင်းချုပ်။**
- **ဒဂုန်ဦးစန်းငွေ၏ ကဗျာကပေးသောဗဟုသုတများ။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်ဓပ်လျဉ်း၍။**

---

## အေးချမ်းပါစေ

\- မေတ္တာကို ရင်မှာရင်းပါလို့
ကြင်နာခြင်း လက်ကမ်းကူ၊
လဲနေသူ တွေ့ပါက
ပွေ့မလို့ထူ၊
လူလူချင်း အတူတူ
မင်းသူငါ မခွဲခြား၊
တွေ့ဆုံလာ လူအပေါင်းကို
စိတ်ကောင်းလေးထား။

\- ရွယ်မတူ ငယ်သူများကိုလ
ကြင်သနားလို့ ငဲ့ညှာတာ၊
တန်းတူကို အရေးထား
လေးစားရမှာ၊
ယဉ်ကျေးမှု မင်္ဂလာ
စဉ်မကွာ နှလုံးသွင်း၊
ကြီးသူဆို ဂါရဝ
ထားကြစိတ်ရင်း။

\- လူနဲ့လူ အချင်းချင်း
ရိုင်းပင်းလို့ ကူညီလေ၊
နိုင်ရာကို စွမ်းသမျှ
မျှတလို့ဝေ၊
မုန်းစတိုလို့ ချစ်စရည်
မေတ္တာရေ အစဉ်လောင်း၊
အန္တရာယ် ဘေးမသန်း
အေးချမ်းစေကြောင်း။ ။

**မိုးခနဲ့ကျော်(မြစ်သား)**

---

## ရေနံချောင်းမြို့နယ်၌ ရေကျော်တံတား တည်ဆောက်နေမှု စစ်ဆေး

**ရေနံချောင်း ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ချိုင်း-လေးတိုင်စင်-အင်တောလမ်း၌ ရေကျော်တံတား တည်ဆောက်နေမှုကို နိုဝင်ဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၆ သန်းဖြင့် ချိုင်း-လေးတိုင်စင်-အင်တောလမ်းတွင် ရေကျော်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာချုပ် ဦးထွန်းဝေက လုပ်ငန်းများအချိန်မီပြီးစီးရေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် ချိုင်း-လေးတိုင်စင် - အင်တောလမ်း၌ အရှည်ပေ ၂၀၀၊ အကျယ် ၁၈ ပေရှိ ရေကျော်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့ထိ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကျော်တံတားတည်ဆောက်ပြီးစီးပါက ချိုင်း-လေးတိုင်စင်-အင်တောလမ်းရှိ ကျေးရွာ ရှစ်ရွာမှ အိမ်ခြေ ၁၆၇၅ အိမ်၊ လူ ၈၃၀၆ ဦး၏ လယ်ယာမြေများမှ ထွက်ရှိလာသော သီးနှံထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးထံမှ သိရသည်။

**နွဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

## အလုပ်သမားပါတီ ပေါ်လစ်ဗျူရိုအစည်းအဝေး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ဦးဆောင်ကျင်းပ

**ပြုံယမ်း ဒီဇင်ဘာ ၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုနှစ်မကုန်မီ အဓိက နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်ကို နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

လက်ရှိ အာဏာရ ကိုရီးယားအလုပ်သမားပါတီ ပေါ်လစ်ဗျူရိုကော်မတီအစည်းအဝေးကို ကင်ဂျုံအန်ဦးဆောင်၍ ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်မူဝါဒများ အကောင်အထည်ဖော်မှုအခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အလုပ်သမားပါတီ ပေါ်လစ်ဗျူရို အစည်းအဝေးတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် အမေရိကန်နှင့် မြောက်ကိုရီးယားတို့ကြား အခြေအနေ တင်းမာနေမှုပြဿနာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ဖွယ်ရှိကြောင်း လေ့လာသူများက ယူဆထားသည်။

နိုဝင်ဘာ ၃၀ ရက် ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ပါတီ ပေါ်လစ်ဗျူရိုကော်မတီတို့သည် ယခုလကုန်ပိုင်းတွင် ပါတီဗဟိုကော်မတီဝင်များ၏ မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကို ကျင်းပရန်လည်း ဆုံးဖြတ်ခဲ့ကြကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် နှစ်များအတွင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် နိုင်ငံတော်မူဝါဒများ ပြန်လည်သုံးသပ်ရေး၊ စီးပွားရေးနှင့်နိုင်ငံရေးရည်မှန်းချက်များ ချမှတ်ကြေညာရေးအတွက် ဒီဇင်ဘာလကုန်ပိုင်း သို့မဟုတ် ဇန်နဝါရီအစောပိုင်းအတွင်း ကျင်းပသည့် နိုင်ငံရေး ညီလာခံများတွင်သာ ဆွေးနွေးလေ့ရှိသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှု အပါအဝင် ဒုံးကျည်စမ်းသပ်မှုများ စံချိန်တင် ပြုလုပ်ခဲ့ရာ တောင်ကိုရီးယား၊ အမေရိကန်နိုင်ငံတို့နှင့် ဆက်ဆံရေး တင်းမာလျက်ရှိကြောင်း သိရသည်။ KKO



## အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ဇာတိမြေဖြစ်သည့် ဂူဂျာရတ်ပြည်နယ်၌ လွှတ်တော်ရွေးကောက်ပွဲစတင်ကျင်းပ

**ဒေလီ ဒီဇင်ဘာ ၁**

အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ ဇာတိမြေဖြစ်သော ဂူဂျာရတ်ပြည်နယ်၏ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများကို ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂူဂျာရတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်မိုဒီ၏ ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ)က သတ္တမအကြိမ်ဆက်တိုက် အနိုင်ရနိုင်ကြောင်း သိရသည်။

ဘီဂျေပီပါတီသည် ၁၉၉၅ခုနှစ်မှစ၍ ဂူဂျာရတ်ပြည်နယ် ရွေးကောက်ပွဲများ၌ ရှုံးနိမ့်ခဲ့ဖူးခြင်းမရှိသေးကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုဒီ ကိုယ်တိုင်သည် အိန္ဒိယဝန်ကြီးချုပ်ရာထူးကို ၂၀၁၄ ခုနှစ်က မရယူမီ ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ၁၃ နှစ်ကြာတာဝန်ယူခဲ့သူဖြစ်သည်။

ယခုနှစ် ဂူဂျာရတ်ပြည်နယ်ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီအနေဖြင့် လွှတ်တော်အမတ်နေရာ ၁၃၁ နေရာနှင့် ၁၃၉ နေရာတို့ကြားထိ ရရှိနိုင်သည်ဟု ရွေးကောက်ပွဲလေ့လာသူများက ခန့်မှန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့်ငါးနှစ်က ကျင်းပခဲ့သောဂူဂျာရတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီအနေဖြင့် အမတ်နေရာ ၁၈၂ နေရာအနက် ၉၉ နေရာထိ ရရှိခဲ့ကြောင်း သိရသည်။ KKO

## ပီရူးနိုင်ငံ၌ ပစိဖိတ်မဟာမိတ်ကုန်သွယ်ရေးအုပ်စုဝင် လက်တင်အမေရိက လေးနိုင်ငံဆွေးနွေးပွဲ ကျင်းပမည်




**လီမာ ဒီဇင်ဘာ ၁**

ပစိဖိတ်မဟာမိတ် အမည်ရှိ ကုန်သွယ်ရေးအုပ်စု ဆွေးနွေးပွဲအတွက် လက်တင်အမေရိကနိုင်ငံလေးနိုင်ငံတို့မှ ခေါင်းဆောင်များသည် ပီရူးနိုင်ငံ လီမာမြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

ပစိဖိတ်မဟာမိတ်ကုန်သွယ်ရေးအုပ်စုအစည်းအဝေးသို့ မက္ကဆီကို၊ ချီလီ၊ ကိုလံဘီယာနှင့် ပီရူးသမ္မတများတက်ရောက်မည်ဖြစ်ကြောင်း ပီရူး နိုင်ငံခြားရေးဝန်ကြီးဌာနက တွစ်တာစာမျက်နှာ၌ အတည်ပြုထားသည်။

ပီရူးနိုင်ငံသည် ပစိဖိတ်မဟာမိတ်ကုန်သွယ်ရေးအုပ်စု၏အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ရယူမည့်နေ့တွင် ကုန်သွယ်ရေးအုပ်စုဝင်နိုင်ငံလေးနိုင်ငံတို့၏ ထိပ်သီးဆွေးနွေးပွဲကို လက်ခံကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ပစိဖိတ်မဟာမိတ် ကုန်သွယ်ရေးအုပ်စုသည် လေးနိုင်ငံထိပ်သီးဆွေးနွေးပွဲကို မူလက မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း အဂတိလိုက်စားမှု စွပ်စွဲချက်တစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုခံနေရစဉ် ပီရူးသမ္မတ ပက်ဒရိုကတ်စတီလိုမှာ နိုင်ငံပြင်ပထွက်ခွာခွင့် ပိတ်ပင်ခံထားရမှုကြောင့် ဆွေးနွေးပွဲအစီအစဉ်ကာလ ရွှေ့ဆိုင်းခဲ့ရသည်။

လီမာမြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် လေးနိုင်ငံထိပ်သီးဆွေးနွေးပွဲ၌ ပီရူးနိုင်ငံကို ကုန်သွယ်ရေးအဖွဲ့အလှည့်ကျဥက္ကဋ္ဌတာဝန်ကို တရားဝင်လွှဲပေးမည်ဖြစ်ကြောင်း သိရသည်။ KKO

## ချူကလီးယားတပ်ဖွဲ့များအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရေး ၂၀၂၃ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးပြောကြား

**မော်စကို ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ်အတွင်း ရုရှားနိုင်ငံအနေဖြင့် ချူကလီးယားတပ်ဖွဲ့များအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်ဂူးက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လာမည့်နှစ်အတွင်း ရုရှားနိုင်ငံအနေဖြင့် ဒုံးကျည်တပ်ဖွဲ့များ၏ တိုက်ပွဲဝင် စွမ်းဆောင်ရည်ကို မြှင့်တင်ရေးနှင့် ဒုံးကျည်စနစ်သစ်များအခြေစိုက်ထားရှိမည့်နေရာများကို တည်ဆောက်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက နိုဝင်ဘာ ၃၀ ရက် ရုပ်သံမိန့်ခွန်း၌ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်၌ ချူကလီးယားလက်နက် အများဆုံး ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပြီး ချူကလီးယားထိပ်ဖူး ၆၀၀၀ ခန့်ထိ ပိုင်ဆိုင်ထားသည်။

ရုရှားသမ္မတ ပူတင်သည် ယူကရိန်းစစ်ရေး ပဋိပက္ခကာလအတွင်း သိမ်းယူထားသည့်နယ်မြေများကို ရုရှား၏ချူကလီးယားလက်နက် အကာအကွယ်အောက် ထည့်သွင်းထားပြီး ရုရှား၏အချုပ်အခြာနယ်မြေတည်တံ့မှုကို ကာကွယ်ရေးအတွက် အသုံးပြုနိုင်သည့် နည်းလမ်းမှန်သမျှကို အသုံးပြုမည်ဖြစ်ကြောင်း သတိပေးထားသည်။

ရုရှားနှင့်အမေရိကန်နိုင်ငံတို့သည် လက်ရှိ ချူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်သစ်နှင့် ပတ်သက်၍ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ယခုရက်သတ္တပတ်အတွင်း တွေ့ဆုံရန် စီစဉ်ထားသည်။

သို့သော် အမေရိကန်နိုင်ငံအနေဖြင့် ရုရှားဆန့်ကျင်ရေး လှုပ်ရှားမှုများကိုပြုလုပ်နေပြီး ချူကလီးယားလက်နက်ထိန်းချုပ်ရေး စာချုပ်ကိုလည်း ၎င်း၏အကျိုးအတွက် အသုံးချရန်ကြိုးစားနေကြောင်းရုရှားနိုင်ငံက စွပ်စွဲခဲ့ပြီး ဆွေးနွေးပွဲအစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။ KKO

## တောင်ကိုရီးယားတွင် ကုန်တင်ယာဉ်မောင်းများ၏ ပြည်လုံးကျွတ်သပိတ်ကြောင့် ကုန်စည်သယ်ပို့မှုကဏ္ဍ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ထိရှိလာ

**ဆိုးလ် ဒီဇင်ဘာ ၁**

တောင်ကိုရီးယား ကုန်တင်ယာဉ်မောင်းများ၏ ပြည်လုံးကျွတ်သပိတ်ကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ ဆုံးရှုံးမှုတန်ဖိုးမှာ ဝမ်ငွေ ၁ ဒသမ ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံ)ထိ ရှိကြောင်း တောင်ကိုရီးယား စက်မှုဝန်ကြီးဌာန၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကုန်တင်ယာဉ်မောင်း ၂၀၀၀၀ ကျော်တို့၏ ပြည်လုံးကျွတ်သပိတ်ရှစ်ရက်မြောက်နေ့သို့ ဝင်ရောက်လာချိန် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံရင်ဆိုင်နေရသည့် ကုန်စည်စီးဆင်းမှုပြတ်တောက်မှုပြဿနာမှာ ပိုဆိုးလာခဲ့ရသည်။

ကုန်စည်များသယ်ပို့နိုင်မှု မရှိခဲ့သည့်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းနှင့် ရေနံချက်လုပ်မှုလုပ်ငန်းများမှာ ဝင်ငွေ ၁ ဒသမ ၆ ထရီလီယံ နစ်နာဆုံးရှုံးခဲ့ရကြောင်း တောင်ကိုရီးယားအစိုးရ စက်မှုဝန်ကြီးဌာနက ယနေ့တွင် ခန့်မှန်းထားသည်။

တောင်ကိုရီးယား အစိုးရနှင့် ကုန်တင်ယာဉ်မောင်းများ သမဂ္ဂတို့သည် နိုဝင်ဘာ ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း မည်သည့် သဘောတူညီချက်မျှမရရှိသေးကြောင်း သိရသည်။

တောင်ကိုရီးယား ကုန်တင်ယာဉ်မောင်းများသည် လုပ်ခလစာတိုးမြှင့်ပေးရေး၊ လုပ်ငန်းခွင်အခြေအနေတိုးတက်ကောင်းမွန်လာရေးတို့အတွက် ပြည်လုံးကျွတ်သပိတ်ဖြင့် တောင်းဆိုနေကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားအစိုးရသည် ကုန်တင်ယာဉ်မောင်းများ အလုပ်ခွင်ပြန်ဝင်ရေးအတွက် အမိန့်ထုတ်ပြန်ရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ KKO



# SCIENCE AND TECHNOLOGY

## အိန္ဒိယနိုင်ငံက သမုဒ္ဒရာလေ့လာရေးဂြိုဟ်တုတစ်စင်းနှင့် အခြားဂြိုဟ်တုငယ်ရှစ်စင်းကို PSLV ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**နယူးဒေလီ ဒီဇင်ဘာ ၁**

အိန္ဒိယနိုင်ငံသည် သမုဒ္ဒရာလေ့လာရေးဂြိုဟ်တု တစ်စင်းနှင့် အခြားဂြိုဟ်တုငယ် ရှစ်စင်းတို့ကို PSLV ဒုံးပျံဖြင့် နိုဝင်ဘာ ၂၇ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

အထက်ပါ ဂြိုဟ်တုများသယ်ဆောင်ထားသည့် PSLV ဒုံးပျံကို အိန္ဒိယနိုင်ငံ အရှေ့တောင်ကမ်းရိုးတန်းဒေသရှိ ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၇ မိနစ်အကြာတွင် PSLV ဒုံးပျံသည် ESO-06 အမည်ရှိ သမုဒ္ဒရာလေ့လာရေးဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ၄၆၂ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

အလေးချိန် ၁၁၁၇ ကီလိုဂရမ်ရှိသော ESO-06 ဂြိုဟ်တုသည် အိန္ဒိယနိုင်ငံ၏ ESO ဂြိုဟ်တုအုပ်စုအတွက် တတိယမြောက်ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ESO-06 ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် PSLV ဒုံးပျံသည် ကျန်ဂြိုဟ်တုငယ်ရှစ်စင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၂၃ မိုင်ခန့်အကွာရှိ ပတ်လမ်းပေါ်သို့ထပ်မံပို့ဆောင်ပေးခဲ့သည်။

PSLV ဒုံးပျံသည် အိန္ဒိယနိုင်ငံ၏ အလတ်စားဝန်သယ်ဒုံးပျံဖြစ်ပြီး အလေးချိန် ၁၇၅၀ ကီလိုဂရမ်ရှိသည့် ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၃၇၀ နှင့် ၅၀၀ ကြားရှိ ပတ်လမ်းများပေါ်သို့ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။ KKO


## နာဆာ၏ အိုရီယွန်အာကာသယာဉ်က ကမ္ဘာမြေနှင့်အဝေးဆုံးမှတ်ထိရောက်ရှိခဲ့သော အာကာသလူသယ်ယာဉ်အဖြစ် စံချိန်တင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အိုရီယွန်အာကာသယာဉ်သည် နိုဝင်ဘာ ၂၈ ရက်က ကမ္ဘာမြေနှင့်အဝေးဆုံးမှတ်ထိရောက်ရှိခဲ့သော အာကာသလူသယ်ယာဉ်အဖြစ် စံချိန်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

အိုရီယွန် အာကာသလူသယ်ယာဉ်သည် နိုဝင်ဘာ ၂၈ ရက်က ကမ္ဘာမြေနှင့်မိုင်ပေါင်း ၂၇၀၀၀၀ ခန့်အကွာ အဝေးဆုံးမှတ်သို့ရောက်ရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အိုရီယွန်အာကာသယာဉ်သည် နိုဝင်ဘာ ၂၆ ရက်ကလည်း ကမ္ဘာမြေနှင့်မိုင်ပေါင်း ၂၄၈၆၅၅ အကွာသို့ ရောက်ခဲ့ချိန်တွင် အပိုလို-၁၃ အာကာသယာဉ်၏ ကမ္ဘာနှင့်အဝေးဆုံး ပျံသန်းနိုင်မှုစံချိန်ကို ချိုးဖျက်ခဲ့ခြင်းဖြစ်သည်။



နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်အရ နိုဝင်ဘာ ၁၆ ရက်က အိုရီယွန် အာကာသလူသယ်ယာဉ်ကို SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အားတီးမစ်-၁ မစ်ရှင်အောင်မြင်ခဲ့မှုကြောင့် နာဆာအဖွဲ့အနေဖြင့် အားတီးမစ်-၂ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးများ လိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို လွှတ်တင်ရန် ပြင်ဆင်မှုများပြုလုပ်နိုင်မည်ဖြစ်သည်။

အိုရီယွန်အာကာသယာဉ်သည် ကမ္ဘာနှင့်အဝေးဆုံးမှတ်ထိ ရောက်ရှိခဲ့ပြီးနောက် ကမ္ဘာမြေအပြန်ခရီး စတင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက် တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

KKO

## လွန်ခဲ့သောနှစ်ပေါင်းသန်း ၃၅၀ ခန့်က ကြောက်မက်ဖွယ်ကမ္ဘာဦးရေနေသတ္တဝါတစ်မျိုး ယနေ့ခေတ် အမေရိကန်နိုင်ငံ အိုင်အိုးဝါးပြည်နယ်၌ ရှင်သန်ကျက်စားခဲ့ဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၃၅၀ ခန့်က ကြောက်မက်ဖွယ်ကောင်းသော ရေနေကမ္ဘာဦးသတ္တဝါတစ်မျိုးသည် ယနေ့ခေတ် အမေရိကန်နိုင်ငံ အိုင်အိုးဝါးပြည်နယ်၌ ရှင်သန် ကျက်စားခဲ့ဖူးကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

Whatcheeria ဟူ၍ အမည်ပေးထားသော အဆိုပါသတ္တဝါသည် ကိုယ်အထည်အလျား ခြောက်ပေရှည်လျားပြီး ရေကန်ကြီးများ၌ ရှင်သန်ကျက်စားခဲ့သော ရေသတ္တဝါတစ်မျိုးဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Whatcheeria များသည် အချိန်အတော်များများတွင် ရေကန်ကြီးများကြမ်းပြင်၌ လှည့်လည်လှုပ်ရှားနေတတ်ပြီး စားလိုရာသားကောင်မှန်သမျှ ကိုက်ဝါးစားသောက်တတ်ကြသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Whatcheeria များသည် ယနေ့ခေတ်တွင် ရှင်သန်နေသော ခြေလေးချောင်းပါ ကုန်းရေနှစ်ထွေနေ သတ်ရှိများနှင့် နီးစပ်မှုရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ Whatcheeria များသည် ယနေ့ခေတ် ခြေလေးချောင်းပါ ကုန်းရေနှစ်ထွေနေ သတ်ရှိများကဲ့သို့ပင် ဖြည်းဖြည်းမှန်မှန်ကြီးထွားဖွံ့ဖြိုးလာတတ်ကြောင်း၊ Whatcheeria များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခြင်းဖြင့် ခြေလေးချောင်းပါ သတ်ရှိများမည်သို့ဖွံ့ဖြိုးလာသည်ကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ KKO

# HEALTH

## WHO က မျောက်ကျောက်ရောဂါကို Mpox ကျောက်ရောဂါအဖြစ်အမည်သစ်ပြောင်း

**ဂျီနီဗာ ဒီဇင်ဘာ ၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် မျောက်ကျောက်ရောဂါ (Monkeypox) ကို Mpox ကျောက်ရောဂါအဖြစ် နိုဝင်ဘာ ၂၈ ရက်က အမည်သစ်ပြောင်းလဲလိုက်ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

မျောက်ကျောက်ရောဂါဟူသော အမည်သည် လူမျိုးရေးခွဲခြားနှိမ့်ချမှုသဘောဆောင်ကြောင်း ကန့်ကွက်ထောက်ပြမှုများရှိခဲ့ပြီးနောက် ၎င်းရောဂါကို Mpox ကျောက်ရောဂါဟူ၍ WHO က အမည်ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ကျွမ်းကျင်သူများနှင့် တိုင်ပင်နှီးနှောပြီးနောက် မျောက်ကျောက်ရောဂါအတွက် အသင့်လျော်ဆုံး အမည်အဖြစ် Mpox ဟူသောအမည်ကို ရွေးချယ်ခဲ့ကြောင်း WHO ကြေညာချက်၌ ဖော်ပြထားသည်။

မျောက်ကျောက်ရောဂါဟူသည့် အမည်ကို သုံးစွဲမှုလျှော့ချစဉ် အမည်သစ်နှင့် အမည်ဟောင်း နှစ်မျိုးစလုံးကို တစ်နှစ်ကြာသုံးစွဲမည်ဖြစ်ကြောင်း WHO ၏အဆိုအရ သိရသည်။

WHO သည် လာမည့်ရက်များအတွင်း Mpox ကျောက်ရောဂါကို နိုင်ငံတကာ ရောဂါအတန်းအစားများစာရင်း၌ ထည့်သွင်းရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မျောက်ကျောက်ရောဂါဟူသော အမည်သည် သမိုင်းဆိုင်ရာ အချက်အလက်များအတွက် ရှာဖွေလေ့လာနိုင်သည့် ဆေးပညာဝေါဟာရအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

Mpox ကျောက်ရောဂါသည် လက်ရှိအချိန်ထိ တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူပေါင်း ၈၀၀၀၀ ကျော်တို့တွင် ကူးစက်ထားကြောင်း WHO ၏ အဆိုအရ သိရသည်။ KKO

## ဟင်းသီးဟင်းရွက်များများပါသောအစာ စားခြင်းဖြင့် အမျိုးသားများအူမကြီးကင်ဆာဖြစ်နိုင်ခြေလျှော့ချနိုင်

**ဆိုးလ် ဒီဇင်ဘာ ၁**

ဟင်းသီးဟင်းရွက်ပါဝင်မှုများသည့် အစားအစာများ စားသုံးပါက အမျိုးသားများ၌ အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ကျောင်ဟီးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်အမျိုးသား ၈၀၀၀၀ ခန့်တို့၏ နှစ် ၂၀ ကာလ ကျန်းမာရေးမှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အစားအစာများ၌ ဟင်းသီးဟင်းရွက်အများဆုံးထည့်စားသူ အမျိုးသားများသည် အနည်းဆုံးစားသူ အမျိုးသားများထက် အူမကြီးကင်ဆာဖြစ်နိုင်ခြေ ၂၂ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဟင်းသီးဟင်းရွက်စားသုံးမှုနှင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုကို အမျိုးသမီးများတွင် မတွေ့ရကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အူမကြီးကင်ဆာ ရောဂါသည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ တတိယမြောက် အဖြစ်အများဆုံးကင်ဆာရောဂါဖြစ်သည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အမျိုးသား ၂၃ ဦးလျှင် တစ်ဦးနှုန်းနှင့် အမျိုးသမီး ၂၅ ဦးလျှင် တစ်ဦးနှုန်းတို့မှာ ဘဝတစ်ချိန်ချိန်တွင် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

KKO



နိုင်ငံတကာ
အားကစားသတင်းများ

# အင်္ဂလန်ခံစစ်ကစားသမား ဘန်ဝိုက်ပုဂ္ဂိုလ်ရေးအကြောင်းပြချက်ဖြင့် အသင်းလူစာရင်းမှထွက်ခွာ

**လန်ဒန် ဒီဇင်ဘာ ၁**

ယခု ကမ္ဘာ့ဖလားပြိုင်ပွဲ၌ နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းလူစာရင်းတွင် ရွေးချယ်ခံထားရသည့် ခံစစ်ကစားသမား ဘန်ဝိုက်သည် ပုဂ္ဂိုလ်ရေးအကြောင်းပြချက်ဖြင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဘန်ဝိုက်သည် ယခုနှစ် ဘောလုံးရာသီ၌ အာဆင်နယ်အသင်းတွင် ပုံစံကောင်းပြသနေသည့် ကစားသမားဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွေးချယ်ခံရသော်လည်း အရန်ခုံတွင်သာ အချိန်ကုန်ခဲ့ရပြီး အုပ်စုနောက်ဆုံးပွဲစဉ်တွင် အင်္ဂလန်အသင်းက ဝေးလ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နေသဖြင့် အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် သေချာနေချိန်တွင်လည်း လူစားဝင်ကစားခွင့်မရရှိခဲ့ကြောင်း သိရသည်။

သို့သော် ဘန်ဝိုက်က အသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆက်လက် ကစားခွင့်ရရှိခဲ့သော်လည်း အသင်း၏လေ့ကျင့်ရေးကွင်းသို့ သွားရောက်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် အင်္ဂလန်သို့ ပြန်သွားခဲ့သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က "ဘန်ဝိုက်အနေနဲ့ အသင်းရဲ့လေ့ကျင့်ရေးစခန်းကို ပြန်မလာဘဲ အိမ်ကိုပြန်သွားခဲ့တယ်လို့ သိရပါတယ်။ အသင်းအနေနဲ့ ကမ္ဘာ့ဖလားမှာ ဆက်လက်ယှဉ်ပြိုင်ခွင့်ရပေမဲ့ ဘန်ဝိုက်ဟာ ပုဂ္ဂိုလ်ရေးအကြောင်းပြချက်နဲ့ အသင်းလူစာရင်းက ထွက်ခွာခဲ့တာပါ။ အဖွဲ့ချုပ်အနေနဲ့ ကစားသမားကို လေးစားမှုရှိတာကြောင့် အတွင်းရေးကိစ္စကို မေးမြန်းသွားမှာ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ML





## အားကစားသတင်း အတိုအထွာများ

- စပိန်လာလီဂါကလပ်အသင်းများက လာမည့်ဒီဇင်ဘာ ၇ ရက် ဒူဘိုင်းမြို့တွင် ပြုလုပ်မည့် လာလီဂါကလပ်အသင်းများတွေ့ဆုံပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ကို တက်ရောက်ခွင့်မပြုဘဲ သပိတ်မှောက်မည်ဖြစ်ကြောင်း သိရသည်။
- ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အင်တာမီလန်အသင်းမှ ထွက်ခွာမည့် ကစားသမားစာရင်း၌ တိုက်စစ်မှူး ကော်ရီယာပါဝင်လာခဲ့ကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းက နုတ်ထွက်သွားသည့် ဘုတ်အဖွဲ့ဝင်နေရာတွင် တိုက်စစ်မှူးဟောင်း ဒေပီယာရိုကို ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။
- ကွင်းလယ်ကစားသမား ဖရန့်ကက်စီအနေဖြင့် ဘာစီလိုနာအသင်းတွင်သာ ဆက်ရှိနေမည်ဟု ၎င်း၏ အေးဂျင့်ဖြစ်သူ အတန်ဂါနာက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

**ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်**

| | | | | |
|---|---|---|---|---|
| မော်ရိုကို | ၂ | - | ၁ | ကနေဒါ |
| ခရိုအေးရှား | ၀ | - | ၀ | ဘယ်လ်ဂျီယံ |

(၀၄၀)

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်ကို ပထမဆုံးတက်ရောက်နိုင်သည့် အာရှအသင်းအဖြစ် ဩစတြေးလျအသင်းမှတ်တမ်းဝင်



**ဆစ်ဒနီ ဒီဇင်ဘာ ၁**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဒိန်းမတ်အသင်းနှင့် ဩစတြေးလျအသင်းတို့ပွဲစဉ်တွင် ဩစတြေးလျအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာရှအသင်းများမှ ပထမဆုံး (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်းအဖြစ်မှတ်တမ်းဝင်ခဲ့သည်ဟု Fox Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု (D) တွင် နှစ်ပွဲကစားပြီးချိန်၌ ပြင်သစ်အသင်းက အစောပိုင်းကတည်းက (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီးဖြစ်သော်လည်း ဩစတြေးလျအသင်း၊ ဒိန်းမတ်အသင်းနှင့် တူနီးရှားအသင်းတို့က နောက်ဆုံးပွဲစဉ်ထိ (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အဆုံးအဖြတ်ကစားခဲ့ရခြင်းဖြစ်သည်။

အုပ်စု နောက်ဆုံးပွဲစဉ်တွင် ဒိန်းမတ်အသင်းက မဖြစ်မနေအနိုင်ရလဒ်ရရှိမှသာ နောက်တစ်ဆင့်တက်ရောက်မည်ဖြစ်ပြီး ဩစတြေးလျအသင်းက သရေရရလဒ်ရရှိလျှင်ပင် နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်ရှိနေသည့်အတွက် အကြိတ်အနယ်ရှိခဲ့သော်လည်း ဩစတြေးလျအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အခြားပွဲစဉ်တွင်လည်း တူနီးရှားအသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုပွဲစဉ်များအပြီးတွင် ဩစတြေးလျအသင်းက ရမှတ် ခြောက်မှတ်ဖြင့် (၁၆)သင်း ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျ အသင်းသည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး နောက်ပိုင်း ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် သုံးကြိမ်ဆက် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရပြီး ယခုအခါမှသာ ဒုတိယအကြိမ်အဖြစ် (၁၆) သင်း ရှုံးထွက်အဆင့်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# လော့အိန်ဂျယ်လိစ်ကစားသမား ဂါရတ်ဘေးလ် အသင်းနှင့်စာချုပ်ဖျက်သိမ်းနိုင်ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန် မေဂျာလိဂ်ကလပ် လော့အိန်ဂျယ်လိစ် အသင်းတွင် ကစားနေသည့် ဂါရတ်ဘေးလ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝေးလ်အသင်း၌ ပါဝင်ခွင့်ရရှိခဲ့သော်လည်း အသင်းအနေဖြင့် အုပ်စုအဆင့်မှ စောစီးစွာ ထွက်ခွာခဲ့ရသောကြောင့် အနာဂတ်နှင့်ပတ်သက်၍ ပြန်လည် ဆုံးဖြတ်မည်ဖြစ်ပြီး လော့အိန်ဂျယ်လိစ်အသင်းနှင့် စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်နေသည်ဟု The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါရတ်ဘေးလ်သည် လော့အိန်ဂျယ်လိစ်အသင်းနှင့်၁၈လ သဘောတူစာချုပ်တွင် စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်ဖျက်သိမ်းခွင့်ပါရှိနေသောကြောင့် ကစားသမားဘဝမှအနားယူရန် စီစဉ်နေသည့် ၎င်းက ကမ္ဘာ့ဖလားပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရသောကြောင့် လော့အိန်ဂျယ်လိစ်အသင်းနှင့် ပြန်လည် ပူးပေါင်းနိုင်မည်မဟုတ်ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဂါရတ်ဘေးလ်သည် မေဂျာလိဂ်ပြိုင်ပွဲများမစတင်မီ လာမည့်နှစ် ဇန်နဝါရီလမကုန်မီ လော့အိန်ဂျယ်လိစ်အသင်းကို အကြောင်းပြန်ရမည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့် ၎င်းကို အလိုရှိနေသည့်အတွက် ပြန်လည်ပူးပေါင်းရန် မျှော်လင့်နေသည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ယခုနှစ် ဘောလုံးရာသီ လော့အိန်ဂျယ်လိစ်အသင်းတွင် ဒဏ်ရာပြဿနာကြောင့် ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ပါဝင်ခွင့်ရသည့်ပွဲစဉ်များတွင် အသင်းအတွက် ခြေစွမ်းပြဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ဗိုလ်လုပွဲစဉ်တွင်လည်း အသင်းအား မေဂျာလိဂ်ဖလားရရှိအောင် ၎င်း၏သွင်းဂိုးဖြင့် အဓိက စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

# စပိန်တင်းနစ်ကစားသမားဖာနန်ဒိုဗာဒက်စ်ကို တားမြစ်ဆေးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

**မက်ဒရစ် ဒီဇင်ဘာ ၁**

စပိန် တင်းနစ်ကစားသမားတစ်ဦးဖြစ်သူ ဖာနန်ဒိုဗာဒက်စ်ကိုသည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသည်ဟု အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အားကစားအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း Euro Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒိုဗာဒက်စ်သည် ကုထုံးအသုံးပြုမှုကင်းလွတ်ခွင့် (TUE) သက်တမ်းမတိုးဘဲ ဆေးကုသမှုပြုလုပ်ခဲ့ခြင်းကြောင့် ပွဲပယ်ပြစ်ဒဏ် နှစ်လ ကျခံရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ တင်းနစ်အားကစားအေဂျင်စီက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

အသက် ၃၉ နှစ်ရှိ ဖာနန်ဒိုဗာဒက်စ်ကိုကလည်း ပြစ်ဒဏ်နှင့်ပတ်သက်ပြီးကျေနပ်စွာခံယူကြောင်း အပြည်ပြည်ဆိုင်ရာ တင်းနစ်အားကစားအေဂျင်စီထံသို့ပြန်လည်အကြောင်းကြားထားပြီးဖြစ်သည်။

ကုထုံးအသုံးပြုမှုကင်းလွတ်ခွင့် (TUE) ကို သက်တမ်းတိုးသွားမည်ဖြစ်ပြီး ပြစ်ဒဏ်ကျခံရမည့်ကာလအပြီးပြိုင်ပွဲဝင်နိုင်ရန်လည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဖာနန်ဒိုဗာဒက်စ်ကိုက ပြောကြားခဲ့သည်။



အပြည်ပြည်ဆိုင်ရာ တင်းနစ်အားကစားအေဂျင်စီက "စပိန်တင်းနစ်ကစားသမား ဖာနန်ဒိုဗာဒက်စ်ကိုအနေနဲ့ တစ်စုံတစ်ရာ လိမ်လည်လိုတဲ့ ရည်ရွယ်ချက်မရှိကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက်ကြောင့် ကုထုံးအသုံးပြုမှုကင်းလွတ်ခွင့် (TUE) သက်တမ်းမတိုးတဲ့ဖြစ်စဉ်နဲ့ပတ်သက်ပြီး ပွဲပယ်ပြစ်ဒဏ် နှစ်လကျခံဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပုံမှန်အားဖြင့် လိမ်ညာလိုတဲ့ ရည်ရွယ်ချက်နဲ့သာ သက်တမ်းမတိုးခဲ့ဘူးဆိုရင် အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ပွဲပယ်ပြစ်ဒဏ် နှစ်နှစ် ကျခံသွားရမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်မပါတဲ့အတွက်ကြောင့် နှစ်နှစ်သက်တမ်းကျခံရမဲ့ ပြစ်ဒဏ်ကနေ နှစ်လသက်တမ်းသာကျခံဖို့ ဆုံးဖြတ်ခဲ့ခြင်းလဲ ဖြစ်ပါတယ်။ ပြစ်ဒဏ်ကျခံပြီးရင် TUE သက်တမ်းတိုးဖို့ ခွင့်ပြုမှာဖြစ်ပါတယ်။ ပြစ်ဒဏ်အရ ဖာနန်ဒိုဗာဒက်စ်ကို အနေနဲ့၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်မှာ ပြိုင်ပွဲဝင်ခွင့်ရမှာ ဖြစ်ပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၄၄ နှစ်အတွင်း အုပ်စုအဆင့်မှ မက္ကဆီကိုအသင်း ပထမဆုံးအကြိမ်ထွက်ခွာခဲ့ရ



**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (C) နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် မက္ကဆီကိုအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ပွဲစဉ်တွင် မက္ကဆီကိုအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း အုပ်စုတတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

မက္ကဆီကိုအသင်းသည် နောက်ဆုံးအချိန်ထိ (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် မျှော်လင့်ချက်ရှိနေခဲ့ပြီး ဆော်ဒီအာရေဗျအသင်းကို ဂိုးပြတ် အနိုင်ရရှိမည်ဆိုပါက နောက်တစ်ဆင့်တက်ရောက်နိုင်မည်ဖြစ်သော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့်သာ အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုဒုတိယနေရာမှ ပိုလန်အသင်းနှင့် ရမှတ် လေးမှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

အုပ်စု (C) တွင် အာဂျင်တီးနားအသင်းက ပိုလန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် မက္ကဆီကိုအသင်းက ဆော်ဒီအာရေဗျအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိလျှင် ဂိုးကွာခြားချက်တစ်ဂိုးအသာဖြင့် (၁၆) သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း ဂိုးပြတ်အနိုင်ရလဒ်ကို မစွမ်းဆောင်နိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက်တွင် နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းသည် အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၉၇၈ ခုနှစ် ပြိုင်ပွဲမှစတင်ပြီး ပြီးခဲ့သည့် ၂၀၁၈ ပြိုင်ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့သည့် အကြိမ်တိုင်းတွင် အနည်းဆုံး (၁၆) သင်းရှုံးထွက် အဆင့်သို့တက်ရောက်နိုင်ခဲ့ပြီး ယခုအခါမှသာ နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

STA

# Australian Open ပြိုင်ပွဲ အမှတ်ပေးဇယားကို မီချီလူဇီဦးဆောင်

**မဲလ်ဘုန်း ဒီဇင်ဘာ ၁**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားမီချီလူဇီက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂရစ်ဖင်နှင့်ဘာရွန်တို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မီချီလူဇီက "ကျွန်တော့်အနေနဲ့ ဒီရာသီမှာ ပုံစံကောင်းရဖို့ ရုန်းကန်နေရတယ်။ ဒီပြိုင်ပွဲမတိုင်မီထိကို ပုံစံကောင်းရဖို့ ရုန်းကန်နေရတယ်။ ဒီနေ့မှာတော့ ပုံစံကောင်းရခဲ့သလို ကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်းလဲ ကစားနိုင်ခဲ့တယ်။ ဒီပြိုင်ပွဲဟာ ကျွန်တော်ကြိုက်နှစ်သက်တဲ့ပြိုင်ပွဲတွေထဲမှာ ပါဝင်သလို အခုကစားနေတဲ့ ဂေါက်ကလပ်ကလဲ ကျွန်တော်နဲ့မစိမ်းတဲ့ဂေါက်ကလပ်ဖြစ်ပါတယ်။ ပထမနေ့မှာတော့ အကောင်းဆုံးရလဒ်ကို ရရှိထားတယ်။ ဒုတိယနေ့မှာ ဘာဖြစ်လာမလဲဆိုတာ မပြောနိုင်ပေမဲ့လဲ အကောင်းဆုံး ကစားနိုင်ဖို့ ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့် (၃) နေရာတွင် ရပ်တည်နေသည့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်မှာ ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ထားပြီး T62 နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

AZL

# ဒမ်းဖရိုင်းစ်ကို ခေါ်ယူမည့်စပါးအသင်းအား ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ပေးချေရန် အင်တာမီလန်အသင်းပြောကြား

**မီလန် ဒီဇင်ဘာ ၁**

အင်တာမီလန် အသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ခံစစ်ကစားသမား ဒမ်းဖရိုင်းစ်ကို ဘဏ္ဍာရေးအခက်အခဲကြောင့် ရောင်းချသွားမည်ဖြစ်ပြီး ၎င်းကို ကမ်းလှမ်းထားသည့် စပါးအသင်းကို ပြောင်းရွှေ့ကြေး ယူရို သန်း၃၀ သာပေးချေရန် ပြောကြားခဲ့ကြောင်း Football Italia သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ညာတောင်ပံခံစစ်ကစားသမား ဒမ်းဖရိုင်းစ်သည် ယခုနှစ်ဘောလုံးရာသီ အင်တာမီလန်အသင်းတွင် အမှတ်ပေးပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲစုံ ၂၀ ပါဝင်ကစားခဲ့ရာ သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း နယ်သာလန်အသင်းနှင့်အတူ အုပ်စုပွဲစဉ်များတွင် ပွဲထွက်ကစား၍ ပုံစံကောင်းပြသနေသောကြောင့် မန်ယူနှင့် စပါးအသင်းတို့အပါအဝင် ဥရောပအသင်းကြီးများက စိတ်ဝင်စားနေခြင်းဖြစ်သည်။

ထို့ကြောင့် ဘဏ္ဍာရေးအကျပ်အတည်းကိုဖြေရှင်းရန် ကြိုးပမ်းနေသည့် အင်တာမီလန်အသင်းက ဥရောပ ထိပ်သီးအသင်းများက စိတ်ဝင်စားနေသည့် ဒမ်းဖရိုင်းစ်ကို ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး စပါးအသင်းနည်းပြ ကွန်တီအား ၎င်းအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ သာ ပေးချေရန် ပြောကြားခဲ့ကြောင်း သိရသည်။



အင်တာမီလန် အသင်းသည် ခံစစ်ကစားသမား ဒမ်းဖရိုင်းစ်ကို ၂၀၂၁ ခုနှစ်က ပြောင်းရွှေ့ကြေး ယူရို ၁၄ ဒသမ ၅ သန်းဖြင့် ပီအက်စ်ဗွီအသင်းမှ လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း လက်ရှိတွင် ကစားသမားအနေဖြင့် ပုံစံကောင်း ပြသနေသဖြင့် အသင်း၏ ငွေကြေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် လာမည့်အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ပြန်လည်ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# အဓိကပြိုင်ပွဲများတွင် အုပ်စုအဆင့်မှကျော်ဖြတ်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ် မက်ဆီထိန်းသိမ်းနိုင်ခဲ့

**ဗျူနိုဝ်စ်အေးရိစ် ဒီဇင်ဘာ ၁**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့် ပိုလန်အသင်းတို့ ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကလပ်အသင်းနှင့် နိုင်ငံအသင်းများနှင့်အတူ အဓိကပြိုင်ပွဲများတွင် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်သည့် မှတ်တမ်းကောင်း တစ်ရပ်ကို အာဂျင်တီးနားအသင်း တိုက်စစ်ကစားသမား မက်ဆီက ထိန်းသိမ်းနိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၌ ကစားခဲ့ရာတွင်လည်း အဓိက ပြိုင်ပွဲဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်အုပ်စုအဆင့်မှ တစ်ကြိမ်မှမထွက်ခွာဖူးသကဲ့သို့ အာဂျင်တီးနား အသင်းနှင့်လည်း ကိုပါအမေရိက ဖလားပြိုင်ပွဲနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် တစ်ကြိမ်မှ အုပ်စုအဆင့်မှ ထွက်ခွာဖူးခြင်း မရှိခဲ့ဘဲ ပြိုင်ပွဲတိုင်းတွင် ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ပြီး ယခုအခါတွင်လည်း ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားနှင့်အတူ (၁၆) သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၀၆ ခုနှစ် ပြိုင်ပွဲမှစတင် ပါဝင်ကစားခဲ့ပြီး၂၀၀၆ ပြိုင်ပွဲနှင့် ၂၀၁၀ ပြိုင်ပွဲတို့တွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၄ ပြိုင်ပွဲတွင် ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့သော်လည်း ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရကာ ၂၀၁၈ ပြိုင်ပွဲတွင် (၁၆) သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

STA

# ဖီဖာက စည်းမျဉ်းချိုးဖောက်မှုများပြုလုပ်ခဲ့သည့် ဆီနီဂေါအသင်းကို ဒဏ်ကြေးငွေ ပြစ်ဒဏ်ချမှတ်ရန် စုံစမ်းစစ်ဆေးမှုပြုလုပ်

**ဒိုဟာ ဒီဇင်ဘာ ၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က စည်းမျဉ်းချိုးဖောက်မှုများပြုလုပ်ခဲ့သည့် ဆီနီဂေါအသင်းကို ဒဏ်ကြေးငွေပြစ်ဒဏ်ချမှတ်ရန်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပွဲစဉ်များ မကစားမီ နာရီပိုင်းအလိုတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နည်းပြနှင့်အတူ ကစားသမားတစ်ဦးသို့မဟုတ် နှစ်ဦးပါတက်ရောက်ရမည်ဟု စည်းမျဉ်းထုတ်ထားပြီး ဆီနီဂေါအသင်းအနေဖြင့် အီကွေဒေါအသင်းနှင့်ပွဲစဉ်မတိုင်မီ သတင်းစာရှင်းလင်းပွဲတွင် နည်းပြဆစ်ဆီတစ်ဦးတည်းသာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆီနီဂေါအသင်းသည် အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် သုံးပွဲတွင် အစောပိုင်းနှစ်ပွဲက ကစားသမားများပါ တက်ရောက်ခဲ့သော်လည်း အုပ်စုနောက်ဆုံး ပွဲစဉ်ဖြစ်သည့် အီကွေဒေါအသင်းနှင့် ပွဲစဉ်တွင် နည်းပြဆစ်ဆီက ကစားသမားများကို ခေါ်ဆောင်လာခြင်းမရှိခဲ့ဘဲ ၎င်းတစ်ဦးတည်း တက်ရောက်ခဲ့သည့်အတွက် ဖီဖာ၏ စည်းမျဉ်းကို ချိုးဖောက်သောကြောင့် ပြစ်ဒဏ်ချမှတ်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု ကြေညာခဲ့သည်။

လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဆီနီဂေါအသင်းမတိုင်မီက ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ဂျာမနီနည်းပြ ဖလစ်က ကစားသမားတစ်ဦးကို ခေါ်ဆောင်လာခြင်းမရှိခဲ့ဘဲ ၎င်းတစ်ဦးတည်း တက်ရောက်ခဲ့သည့်အတွက် ဖီဖာက စတာလင်ပေါင် ၈၈၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ယခုအခါတွင်လည်း ဆီနီဂေါအသင်းအနေဖြင့် ဂျာမနီအသင်းကဲ့သို့ စတာလင်ပေါင် ၈၈၀၀ ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

STA



# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့နှင့် မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး

အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူများဟူ၍ ခေါ်ဝေါ်သတ်မှတ်ခြင်းခံရသူများသည် ကမ္ဘာဦးအစကတည်းက လူ့အဖွဲ့အစည်းအတွင်း ရှိလာခဲ့သည်။ ယနေ့တိုင်လည်း ရှိနေဆဲဖြစ်သည်။ နောင်အနာဂတ်တွင်လည်း ဆက်လက်ရှိနေဦးမည်မှာမလွဲပေ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ကမ္ဘာပေါ်တွင် ခန္ဓာကိုယ်နှင့်စိတ် မသန်စွမ်းသူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့် ရှိနေခြင်းကို တစ်ကမ္ဘာလုံးက အာရုံစိုက်မိရာမှ **"အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်"**နှင့် **"အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့"**ဟူ၍ သတ်မှတ်ရန်အကြောင်း ဖြစ်ပေါ်လာသည်။

**အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်**

တစ်ချိန်က မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းတို့ကြောင့် ၎င်းတို့သည် လူ့အသိုက်အဝန်း၏ ဖယ်ကြဉ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းသံသရာမှ ရုန်းမထွက်သာဘဲ ဆင်းရဲပင်ပန်းခဲ့ကြသည်။ သို့ရာတွင် ၂၀ ရာစုနှောင်းပိုင်းမှစ၍ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည်။ ဤသို့ဖြင့် မသန်စွမ်းတို့အပေါ် ယခင်ထားရှိခဲ့ကြသော နားလည်မှုအမြင်နှင့် သဘောထားခံယူချက်တို့မှာ ကမ္ဘာနှင့်အဝန်း တဖြည်းဖြည်းပြောင်းလဲလာပြီး မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထူးအာရုံစိုက်ရသော ကိစ္စရပ်တစ်ခုဖြစ်လာသည်။

ကုလသမဂ္ဂအဖွဲ့က ၁၉၇၀ ပြည့်နှစ်တွင်ဉာဏ်ရည်မသန်စွမ်းသူများ၏အခွင့်အရေး ကြေညာချက်၊ ၁၉၇၁ ခုနှစ်တွင် စိတ်ရောဂါဝေဒနာရှင်များ၏ အခွင့်အရေးဆိုင်ရာကြေညာချက်၊ ၁၉၇၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကြေညာချက်တို့ကို ထုတ်ပြန်ကြေညာပေးခြင်းဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကို စတင်လမ်းဖွင့်ပေးခဲ့သည်။ လစ်ဗျားနိုင်ငံ၏ အဆိုတင်သွင်းမှုအပေါ် နိုင်ငံပေါင်း ၂၃ နိုင်ငံက ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်သတ်မှတ်ရေး အကြံပေးကော်မတီ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက **၁၉၈၁ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်" ဟု သတ်မှတ်ကြေညာပေးသည်။** အဆိုပါနှစ်က **"အပြည့်အဝ ပါဝင်ဆင်နွှဲခြင်းနှင့် သာတူညီမျှဖြစ်ရေး"**ဟူသော ဆောင်ပုဒ်ဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီး၌ တစ်ခဲနက်ပါဝင် ဆင်နွှဲခဲ့သည်ဖြစ်ရာ ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုကြေညာသည့် အပြည်ပြည်ဆိုင်ရာ အထိမ်းအမှတ်နှစ်များအနက် အအောင်မြင်ဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့**

၁၉၈၁ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်မှ ပေါက်ဖွားလာသော အကျိုးဆက်တစ်ရပ်မှာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဆုံးဖြတ်ချက်အမှတ် ၃၇/၅၂ ဖြင့် **"မသန်စွမ်းသူများနှင့်ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှုလုပ်ငန်းစဉ်"**ကို ချမှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

၎င်းကမ္ဘာ့လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ ၁၀ နှစ်တာကာလကို **"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မသန်စွမ်းသူများဆိုင်ရာဆယ်စုနှစ်"** အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထိုဆယ်စုနှစ်ဆိုင်ရာကာလဝက် လုပ်ငန်းသုံးသပ်ညှိနှိုင်းအစည်းအဝေးကို ၁၉၈၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပသည်။ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် နိုင်ငံအားလုံး တစ်ပြေးညီဆောင်ရွက်နိုင်စေရန် ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ ပါဝင်သည့် စံပြုအပ်သောစည်းမျဉ်းရေးဆွဲရေးအထူးအဖွဲ့ကို ဖွဲ့စည်းရေးဆွဲစေခဲ့သည်။

ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်အဆုံး ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၄၇/၃) ဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို **"အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့"** ဟု သတ်မှတ်ပေးခဲ့သည်။ အဆိုပါရက်ကို ရွေးချယ်သတ်မှတ်ရခြင်းမှာ အထက်တွင်ဖော်ပြခဲ့သည့် **"ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစဉ်"**ကို ချမှတ်လိုက်သည့်ရက်ကို အမှတ်တရဖြစ်စေခြင်းငှာ ဂုဏ်ပြုသတ်မှတ်လိုက်ခြင်းပင်ဖြစ်သည်။ စည်းမျဉ်းရေးဆွဲရေးအဖွဲ့က စည်းမျဉ်း (၂၂) ချက်ကို ရေးဆွဲတင်ပြခဲ့သည်။ ကမ္ဘာအရပ်ရပ်ရှိ မသန်စွမ်းသူများ တန်းတူအခွင့်အရေးရရှိအောင် ဆောင်ကြဉ်းရာတွင် အဆိုပါစည်းမျဉ်းများအတိုင်း တစ်ပြေးညီဆောင်ရွက်နိုင်ရန် ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပသော (၄၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေအထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် (၄၈/၉၆)ဖြင့် **"မသန်စွမ်းသူများအတွက် အခွင့်အရေးညီမျှစေခြင်းဆိုင်ရာ စံပြုအပ်သောစည်းမျဉ်းများ"**ကို ချမှတ်ပေးခဲ့သည်။ ထို့ပြင် ဆုံးဖြတ်ချက်အမှတ် (၄၈/၉၇) ဖြင့် ၁၉၉၄ ခုနှစ်မှစ၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးတွင် ဦးတည်ဆောင်ပုဒ်များသတ်မှတ်၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ၊ အခမ်းအနားများကျင်းပရန် နှိုးဆော်တိုက်တွန်းခဲ့သည်။

**နိုင်ငံတော်၏ အားပေးမြှင့်တင်ဖြည့်ဆည်းမှု**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့် အားလျော်စွာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ အစဉ်တစိုက် ဖော်ဆောင်ပေးနေသော နိုင်ငံဖြစ်သည်။ **"မသန်စွမ်းသူဖေးမကူ၊ ပြည်သူတိုင်းကကူညီကြ"**ဟူသော ဆောင်ပုဒ်ဖြင့် ၁၉၉၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ လှုပ်ရှားမှုများကအစပြု၍ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၂ ခုနှစ်တွင် ၂၈ နှစ်မျှ ရှိလာပြီဖြစ်သည်။ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များ ညီမျှစွာအပြည့်အဝရရှိရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်ရည်ရွယ်၍ **ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities – UNCRPD)**ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် (A/RES/61/106) ဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံက အဆိုပါကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

❖ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အားလျော်စွာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ အစဉ်တစိုက်ဖော်ဆောင်ပေးနေသော နိုင်ငံဖြစ်သည်။ "မသန်စွမ်းသူဖေးမကူ၊ ပြည်သူတိုင်းကကူညီကြ"ဟူသော ဆောင်ပုဒ်ဖြင့် ၁၉၉၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ လှုပ်ရှားမှုများက အစပြု၍ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၂ခုနှစ်တွင် ၂၈ နှစ်မျှ ရှိလာပြီဖြစ်သည်။ ❖

UNCRPD ပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"** ကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် လည်းကောင်း၊ **"မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ"** ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အဆိုပါ ပြဋ္ဌာန်းချက်များကိုလက်တွေ့ရုပ်လုံးဖော်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သည်။ မသန်စွမ်းသူများအပါအဝင် ပြန်လည်ထူထောင်မှုပြုရန် လိုအပ်သူများအရေးကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် **ပြန်လည်ထူထောင်ရေးဦးစီးဌာန** ဟူသည့် ဌာနသစ်တစ်ခုကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

**အားလုံးပါဝင်ဖွံ့ဖြိုးမို့**

**"မည်သူမျှ နောက်ကျမကျန်ရစ်စေရေး"** ဟူသော အခြေခံမူဖြင့် ပန်းတိုင် (၁၇) ရပ်၊ ပစ်မှတ် ၁၆၉ ခု၊ အညွှန်းကိန်း ၂၃၁ ခု ပါဝင်သော ၂၀၃၀ အစီအစဉ်၊ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (Sustainable Development Goals –SDGs)** ကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်မှာ ခုနှစ်နှစ်ခန့်မျှ ခရီးပေါက်လာပြီဖြစ်သည်။ ဤကြိုးပမ်းမှုသည် ထိခိုက်လွယ်၍ အင်အားနည်းသည့် မသန်စွမ်းသူများအပါအဝင် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့်အမျိုးသမီးများအားလုံးအတွက် အကျိုးဝင်သည်။ မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကိုဗဟိုပြု၍ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသည့်အခွင့်အလမ်းများကို လက်လှမ်းမီရရှိနိုင်မှု နည်းပါးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်လျက်ရှိနေသည်။ သို့ဖြစ်၍ ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့်အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှုဟူသည့် အခန်းခြောက်ခန်းပါရှိသော **"မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း"**ကို ချမှတ်ဆောင်ရွက်နေသည်မှာ အားတက်ကြည်နူးဖွယ်ကောင်းလှသည်။

**ဆန်းသစ်တီထွင် အဖြေရှာရန်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက ချမှတ်ပြဋ္ဌာန်းလိုက်သည့် အဆိုပါစီမံကိန်းသည် နိုင်ငံတော်အစိုးရ၏ ကတိကဝတ် ပြယုဂ်ဖြစ်သကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့်သူအားလုံးအတွက်လည်း လုပ်ငန်းလမ်းညွှန်ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၅ တို့နှင့်အညီ ရေးဆွဲထားခြင်းဖြစ်ရာ ၂၀၃၀ အစီအစဉ် SDGs ကို လှမ်းကိုင်နိုင်ရေးတွင် လွန်စွာအရေးပါလှသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်များ ဆက်လက်ရေးဆွဲဆောင်ရွက်သွားရန်လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲအနည်းနှင့်အများ ရှိနိုင်သည်ဖြစ်ရာ လိုလျှင်ကြံဆ နည်းလမ်းရဆိုသည့်အတိုင်း ဆန်းသစ်တီထွင်မှုနှင့် အဖြေရှာမှုများပြုလုပ်ကာ တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုလျှင် မျှော်မှန်းထားသောရလဒ်ကောင်းများ ရရှိမည်မှာမလွဲပေ။

**အားလုံးလက်လှမ်းမီညီမျှရေး**

စင်စစ် **"မသန်စွမ်းမှု"**ဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးအမျိုးမျိုးကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လှုပ်ရှားနိုင်မှု မရှိခြင်းပင်ဖြစ်သည်။ မသန်စွမ်းသူများကိုယ်စိတ်နှစ်ပါးလုံးခြုံဘေးကင်းစွာလူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝပါဝင်ဆောင်ရွက်ခွင့် မရရှိခြင်း၏ အဓိကအချက်မှာ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်။ အားလုံးလက်လှမ်းမီညီမျှရေးနှင့်စပ်လျဉ်း၍ UNCRPD နှင့် ဥပဒေ၊ နည်းဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ မသန်စွမ်းသူတို့အဖို့ မြင်ရုံသာမြင်ရမကြင်ရဆိုသည့်အတိုင်း တန်းတူအခွင့်အရေးများရရှိရန် နှောင့်နှေးနေဆဲပင်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်က ဆောင်ရွက်သည့် အဆောက်အအုံဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာ ရှိရင်းစွဲမူဝါဒ၊ မဟာဗျူဟာနှင့် ဥပဒေများတွင် မသန်စွမ်းသူများ၏ လက်လှမ်းမီရယူအသုံးပြုနိုင်မှုဆိုင်ရာ အခွင့်အရေးနှင့် လိုအပ်ချက်များနှင့်လျော်ညီစွာ ထည့်သွင်းပြဋ္ဌာန်းပေးခြင်းဖြင့်သာ အားလုံးလက်လှမ်းမီညီမျှရေးကို လက်တွေ့ဖော်ဆောင်နိုင်ပါမည်။

စာမျက်နှာ ၁၁ သို့ ➤

# အဆိုတော် သီရိဂျေမောင်မောင်နှင့် 2Pluz အဖွဲ့ တို့ ပူးတွဲ၍ အိမ်သီချင်း MV ထွက်ရှိမည်



**ရန်ကုန် ဒီဇင်ဘာ ၁**

အဆိုတော် သီရိဂျေမောင်မောင်နှင့် 2Pluz အဖွဲ့တို့ ပူးတွဲ၍ ပုံစံအသစ်ဖြင့် ဖန်တီးသီဆိုထားသည့်အိမ်အမည်ရှိတေးသီချင်း Music Video (MV) ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဂီတလောကနှင့် ၁၀ နှစ်ကျော် အဆက်ပြတ်နေသည့် 2Pluz အဖွဲ့၏တတိယမြောက် အယ်လ်ဘမ်ဖြစ်လာမည့် အိမ်အမည်ရှိ သီချင်း MV တွင် အဆိုတော် သီရိဂျေမောင်မောင်သည် နာမည်သစ်၊ သီဆိုမှုပုံစံသစ်ဖြင့် တွေ့မြင်ရမည်ဖြစ်ပြီး သီရိဂျေမောင်မောင်၏ နာမည်သစ် Shrion ဖြင့် 2Pluz အဖွဲ့၏အဖွဲ့ဝင်သစ်အဖြစ် ပါဝင်လာမည်ဖြစ်သည်။

"2Pluz နဲ့ကတော့ သူတို့ရဲ့ ဒုတိယမြောက် အယ်လ်ဘမ်ထွက်လာတဲ့ ၂၀၁၀ ပြည့်နှစ်လောက်မှာ သီချင်းတွေကို ကြိုက်တဲ့အတွက် သူတို့နဲ့တွေ့ဆုံခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက သူတို့ရဲ့ တတိယ အယ်လ်ဘမ်လုပ်ဖြစ်ရင် ပါဝင်သီဆိုဖို့ စိတ်ကူးတော့ ရှိခဲ့ပါတယ်။ နောက်ပိုင်း မဆုံဖြစ်တော့သလို ကိုယ်တိုင်ကလဲ ဂီတလောကနဲ့ ၁၀ နှစ်လောက် အဆက်ပြတ်သွားပါတယ်။ အခုအချိန်မှာတော့ သူတို့ကလဲ တတိယအယ်လ်ဘမ်လုပ်မဲ့အချိန်မှာ ကိုယ်ကလဲ နာမည်သစ်၊ စတိုင်သစ်နဲ့ သီချင်းတွေ ပြန်လုပ်ချင်တယ်။ သူတို့နဲ့လဲ လုပ်ချင်တဲ့အတွက် နာမည်အသစ် သီဆိုမှုပုံစံသစ်နဲ့ 2Pluz အဖွဲ့ရဲ့ အဖွဲ့ဝင်သစ်အဖြစ်နဲ့ သီဆိုထားပါတယ်"ဟု အဆိုတော် သီရိဂျေမောင်မောင်က ပြောပြသည်။

အိမ် အမည်ရှိ 2Pluz အဖွဲ့၏ တတိယမြောက် အယ်လ်ဘမ်သစ်တွင် အိမ်သီချင်းအပါအဝင် တေးသီချင်း ၁၀ ပုဒ်ပါရှိမည်ဖြစ်ပြီးသီချင်းအားလုံးမှာ ကိုယ်ပိုင်သံစဉ်များဖြစ်ရာ အဆိုတော် ဖေသက်လွင်က ရေးသားထားကြောင်း သိရသည်။

ASH

# အဆိုတော် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ဒါရိုက်တာ ခင်မောင်ဦးကို ငွေကျပ် ၁၀ သိန်း ပံ့ပိုး

**ရန်ကုန် ဒီဇင်ဘာ ၁**

အဆိုတော် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ဒါရိုက်တာ ခင်မောင်ဦး (မောင်မဲ)အား ကျန်းမာရေးပံ့ပိုးငွေကျပ် ၁၀ သိန်းကို နိုဝင်ဘာ ၃၀ ရက်က ဒါရိုက်တာခင်မောင်ဦး(မောင်မဲ)နေအိမ်သို့ သွားရောက်ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

ဒါရိုက်တာ ခင်မောင်ဦးသည် ၎င်းပါဝင်သရုပ်ဆောင်ထားသည့် ချစ်ပန်းဝေ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးပေးခဲ့သည့် ကျေးဇူးရှိသည့်အတွက် ဂါရဝပြုသည့်အနေဖြင့် ကျန်းမာရေး ပံ့ပိုးငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ချစ်ပန်းဝေ ဇာတ်ကားကို ရိုက်ကူးပေးခဲ့တဲ့ လက်ဦးဆရာ ဒါရိုက်တာ ခင်မောင်ဦး(မောင်မဲ) တော်တော်လေး နေမကောင်းဖြစ်နေတော့ ဆရာ့အတွက် ငွေကျပ် ၁၀ သိန်း ကန်တော့ကူသိုလ်ယူခဲ့ပါတယ်။ အနုပညာမာနကြီးတဲ့ဆရာ စကားမပြောနိုင်တော့ပေမဲ့ တွေ့တဲ့အခါမှာပျော်ပြီး မျက်ရည်တွေကျနေတာတွေ့တော့ ဝမ်းသာ၊ ဝမ်းနည်းခံစားရပါတယ်" ဟု အဆိုတော် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ပြောပြသည်။

ဒါရိုက်တာ ခင်မောင်ဦး(သရုပ်ဆောင်မောင်မဲ)သည် ဒါရိုက်တာ စိုးသိမ်းထွဋ်(သရုပ်ဆောင် ဆိုးပေ) နှင့် တွဲဖက်၍ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်နာမည်ဖြင့် ရုပ်ရှင်ဇာတ်ကားများစွာကိုရိုက်ကူးခဲ့ပြီး သရုပ်ဆောင် ဆိုးပေ၊မောင်မဲအဖြစ်လည်း အတွဲညီညီ သရုပ်ဆောင်ခဲ့သည့် သရုပ်ဆောင်တစ်ဦးဖြစ်သည်။

ဒါရိုက်တာ ခင်မောင်ဦးသည် ဒါရိုက်တာ စိုးသိမ်းထွဋ်နှင့် တွဲဖက်ကာ ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားများစွာအနက် ၁၉၉၉ ခုနှစ်တွင် အဖေ့ခြေရာ ဇာတ်ကားဖြင့်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပင်လယ်ထက်က နေဝန်းနီ ဇာတ်ကားဖြင့်လည်းကောင်းမြန်မာ့ရုပ်ရှင်ထူးချွန်ဆုပူးတွဲရရှိခဲ့ကြောင်း သိရသည်။

ASH

➤**စာမျက်နှာ ၁၀ မှအဆက်**

**တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး**

ကမ္ဘာ့နိုင်ငံကြီးအချို့တွင် အများပြည်သူသုံး အိမ်ရာများ၊ စာသင်ကျောင်းများ၊ လေဆိပ်များ၊ ရုံးများ၊ ဆေးရုံများ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ် စင်တာများ၊ လျှောက်လမ်း၊ ပလက်ဖောင်းများ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ ဘူတာရုံများ၊ ရေယာဉ်၊ ရထား၊ ဘတ်စကားများတွင် Universal Design စံသတ်မှတ်ချက်ဖြင့် လူတိုင်းဝုဏ်သိက္ခာရှိစွာ လက်လှမ်းမီသွားလာသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်ထားသည်။ ထို့ကြောင့်လည်း Barrier – Free City များ၊ Accessible Public Building များ မြောက်မြားစွာရှိလာပြီး မသန်စွမ်းသူများသာမက သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သားသည် မိခင်များအပါအဝင် ပြည်သူအားလုံးလွယ်လင့်တကူ အသုံးပြုနေသည်ကို အားကျအတုယူဖွယ် တွေ့မြင်ရသည်။

သို့ဖြစ်ရာ အထက်ပါနိုင်ငံများတွင် ဆောင်ရွက်နေသော စံနမူနာကောင်းများကို မိမိနိုင်ငံနှင့် ဆီလျော်အပ်စပ်သော တီထွင် ဖန်တီးမှုစွမ်းအားဖြင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်သင့်ပေသည်။ သို့မှသာ **အတား အဆီးကင်းသည့် ပတ်ဝန်းကျင်ဖော်ဆောင်မှု၊** အများပြည်သူသုံး အဆောက်အအုံ၊ ဆက်စပ်ပတ်ဝန်းကျင်နှင့်ဝန်ဆောင်မှုများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာဝန်ဆောင်မှုများကို မသန်စွမ်းသူများအပါအဝင် ပြည်သူအများရရှိခံစားနိုင်မည်ဖြစ်သည်။ မသန်စွမ်းသူများကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။

**မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းဆောင်ရွက်မည့်အစီအစဉ်၊ အသက်မွေးဝမ်းကျောင်းပညာရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော Vocational Training သင်တန်းများတွင် မသန်စွမ်းသူများ ပုံမှန်ပါဝင်တက်ရောက်နိုင်ရေးအစီအစဉ်၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေရေးအတွက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၊ လုပ်ငန်းရှင်များ၊ စီမံအုပ်ချုပ်သူများကို မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ၊ နည်းဥပဒေနှင့် ဝေပုံကျနွှန်းထား အသိပညာပေးရေးအစီအစဉ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် သုံးဘီလီယံကို အလေအလွင့်မရှိစေဘဲ စနစ်တကျ တိုးပွားရေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဟုသိရသည်။ အထက်ပါ မသန်စွမ်းသူများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက အားတက်သရောဝိုင်းဝန်းကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် "**အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာရို့၊ အားလုံး လက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး**"ဟူသည့် ဦးတည်ဆောင်ပုဒ်ဖြင့်ကျင်းပမည့် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**ကိုးကား –**

- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၂) နှင့် (၁၉၉၇)**
- **Theme for IDPD 2017 & 2022**

**ကြည်ထွန်း(လူမှု)**

# The Uninvited ဇာတ်ကားတွင် မင်းသား ရူးဖတ်ဆီးဝဲ ပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၁**

The Uninvited အမည်ရှိ ဟာသ ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ရူးဖတ်ဆီးဝဲ ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရူးဖတ်ဆီးဝဲသည် မင်းသမီး အဲလစ်ဇဘက်ရီတာ၊ မင်းသား ဝေါတန်ဂေါ့ဂျင်၊ ပက်ဒရိုပါစကယ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Uninvited ဇာတ်ကားသည် မဖိတ်ခေါ်ဘဲရောက်ရှိလာသူ လူစိမ်းတစ်ဦးကြောင့် ပါတီပွဲတစ်ခု ပျက်စီးခဲ့ရပုံကို ပုံဖော်ရိုက်ကူးမည့် ဟာသရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ နာဒီယာကွန်နာက ရိုက်ကူးနေပြီး ရိုက်ကူးရေးလုပ်ငန်းများကို လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်နေပြီဖြစ်သည်။

မင်းသား ရူးဖတ်ဆီးဝဲသည် ဗီလိန်ဇာတ်ကောင်စရိုက်များဖြင့် ထင်ရှားသည့် မင်းသားတစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် The Uninvited ဇာတ်ကား၌ ရူးဖတ်ဆီးဝဲ ပါဝင်ရမည့်ဇာတ်ကောင်နေရာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# Awaken the Reaper ဇာတ်ကား၌ မင်းသမီး ရှိဘင်ကားတစ် သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၁**

Awaken the Reaper အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ရှိဘင်ကားတစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး ရှိဘင်ကားတစ်သည် သရုပ်ဆောင်အဖြစ်မှ ၂၃ နှစ်ကြာ အနားယူခဲ့ပြီးနောက် Awaken the Reaperဇာတ်ကားဖြင့် သရုပ်ဆောင်လောကသို့ တစ်ဖန် ပြန်လည် ဝင်ရောက်လာခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ရှိဘင်ကားတစ်သည် မင်းသားကြီး လင့်ဟင်းရစ်ဆင်၊ လူးဝစ်ဂိုးဆက်ဂျူနီယာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Awaken the Reaper ဇာတ်ကားသည် အရိုးတပ်တံစဉ်ရှည် ဝှေ့ယမ်းနေသော အရိုးစုရုပ်သွင်လွှာတစ်ခု၏ ခြောက်လှန့်မှုခံရသူ လူပေလူတေတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Awaken the Reaper ဇာတ်ကားကို ဒါရိုက်တာ ဒေ့ကမ်းဖီးကတာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# SAC Vice Chairman Deputy Commander-in- Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win addresses Diamond Jubilee Ordnance Corps Day



Vice-Senior General Soe Win addresses Diamond Jubilee Ordnance Corps Day celebration.

**Nay Pyi Taw December 1**

Diamond Jubilee Ordnance Corps Day was marked in Hsinbyuship Hall, Transit Centre here this morning, attended by Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win.

Present together with the Vice-Senior General were the SAC Secretary, SAC members, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, retired senior officers of the corps and guests.

Quartermaster-General Lt-Gen Kyaw Swa Lin of Office of Commander-in-Chief (Army), Director of the Directorate of Ordnance Maj-Gen Win Lwin and Nay Pyi Taw Command Commander Maj-Gen Zaw Hein formally opened the ceremony. The Vice-Senior General unveiled the diamond jubilee signboard, followed by a photo session.

In his speech, the Vice-Senior said the corps has been playing a role as a part of the Tatmadaw since its establishment during the independence struggle. Till today, the corps has been discharging its duties to the best of its members' physical and mental ability in accord with the motto "supply arms for the battle victory". The role of the corps had become pivotally important in the pre-independence period. It was first established as the Burma Army Ordnance Depot-B.A.O.D on 1 December 1947, which has become the Ordnance Corps Day. During the early post-independence period, the corps had found a new way of supplying arms from air, and the method proved successful in crushing insurgents in 1949. From then on, aerial arms supply has developed gradually.

The groups that are excel in weapon capacity and command and supply achieve area-wise victory. However there are changes in military concepts and ideologies the corps' importance role remains unchanged. A poem on military strategy points out the need work in all seriousness in storing food rations in towns for members of every rank to make them always fresh and alert. History tells us that only the armed forces that are excel in command and supply win the wars occurred in the world.

Although it has experienced a lot of changes in manpower, troop strength, structure and name, the corps is always dutiful and its essence -- Always ensure right materials, right place, right time and right quality -- remains unchanged. The corps is always active in public welfare undertakings in addition to discharging its normal duties well. It took part in the rescue and relief programs during and aftermath of Nargis cyclonic storm and other natural disasters.



Vice-Senior General Soe Win visits the exhibition to mark Diamond Jubilee Ordnance Corps Day.

Members of the ordnance corps were sent to pursue relevant studies for maintaining and servicing modern ordnances and military equipment in order to keep abreast of international countries in their professions. Moreover, learned subjects and their accumulated knowledge are being shared with officers and other ranks from the ordnance corps and regiments and units from the Tatmadaw (Army, Navy and Air) in the training.

The members of the ordnance corps serve transport and supply of arms and ammunition to the soldiers from the battle fields and continuously manufacture necessary military equipment for Tatmadaw members and other marketable products for the people at fair prices.

Tatmadaw factories under the ordnance corps fully meet the demand of the whole Tatmadaw with the high quality arms and ammunition produced from local factories of the Tatmadaw without relying on foreign made military equipment. Moreover, surplus production capacity is being operated for manufacturing the marketable personal goods at correct prices for the people.

As such, the Vice-Senior General urged them to continuously raise the manufacturing process got ensuring import substitute, increasing productivity and shifting the importer statue to the exporter.

The ordnance unit under the leadership of the Tatmadaw during the independence struggle period of Myanmar has grandly stood as a fully grown corps. The 75-year period proved that officers and other ranks serving at the ordnance crops could steadfastly serve the duties assigned by the State and the Tatmadaw. New generation members of the ordnance corps need to take over the fine traditions and hand it over to the posterities as valuable legacy. They all have to serve their assigned duties in line with the adopted slogans and mottos. The Vice-Senior General expressed his wish for the ordnance corps to be long-lasting term from the Diamond Jubilee Ordnance Corps Day which falls today.

As members of ordnance corps poured out the vigorous efforts to meet the assigned missions during the 75 years period, the Vice-Senior General took pride in conferring Zeya Kyawhtin title on three members, gallantry certificates of the Commander-in-Chief of Defence Services on four members, honorary certificates of the Commander-in-Chief of Defence Services on 33 members, Excellent Performance Award in Administration Field (Second Class) on two, Excellent Performance Award in Administration Field (Third Class) on one and Excellent Performance Award in Industrial Administration Field (Second Class) on one respectively.

Director of the Directorate of Ordnance Maj-Gen Win Lwin reported on the brief history of the corps and presented the documentary video on the ordnance corps day. Then, the members of the ordnance corps presented the song in honour of the Diamond Jubilee Ordnance Corps Day.

The Vice-Senior General accepted the commemorative gifts to mark the Diamond Jubilee Ordnance Corps Day presented by the director.

The Vice-Senior General cordially greeted senior military officers of the Ordnance Corps at the ceremony and visited the exhibition to mark the Diamond Jubilee Ordnance Corps Day. 100



Vice-Senior General Soe Win views products manufactured by Tatmadaw at the exhibition to mark Diamond Jubilee Ordnance Corps Day.

# Myanmar earns export venue of over US$ 10 b from Apr 1 to Nov 18 of 2022-2023 FY


Yangon port filled with cargo containers seen at night.

**Nay Pyi Taw December 1**

Myanmar earned export venue of US$ 10,092.73 million from April 1 to November 18 of the 2022-2023 FY, according to the Trade Policy Division under the Trade Department of the Ministry of Commerce.

Myanmar earned US$ 2,019 million from the export of agricultural products, US$ 17.92 million from the export of animal products, US$ 457.87 million from the export of fishery products, US$ 192.25 million from the export of mining products, US$ 91.43 million from the export of forestry products, US$ 7 billion from the export of industrial finished goods and US$ 314.26 million from the export of other sectors from April 1 to November 18 of the 2022-2023 FY, according to Daw Cho Thet Hmu, Deputy Director of the Trade Policy Division under the Trade Department of the Ministry of Commerce.

"The amount of export made by the state is US$ 2,048.99 million and the private sector is US$ 8,043.74 million," said Daw Cho Thet Hmu.

ASH

# Myanmar earns US$ 457.87 m from fishery exports from Apr 1 to Nov 18 of 2022-2023 FY

**Nay Pyi Taw December 1**

More than 300 types of fishery products have been exported to more than 40 countries, with an export income of US$ 457.87 million from April 1 to November 18 of the 2022-2023 FY, according to U Nyunt Win, director of the Department of Fisheries (Nay Pyi Taw).

Myanmar is regularly exporting fishery products to Japan, Middle East countries, Member States of the European Union, Malaysia, Chinese Taipei and Australia and Myanmar Fisheries Federation and the Department of Fisheries are cooperating closely to improve the export of fishery products.

"We earned US$ 457.87 million from fishery products exports from April till November 18 in 2022-2023 FY. Although this export decreased a little compared to the same period last year, maritime exports increased by about 35 percent compared to border exports. We were able to export 20 more types of fish, including hilsa, carp, sea bass, river catfish and swamp barb" said U Nyunt Win.

ASH


A worksite of a fish processing plant.

# 80% of navigation signs set up along Mandalay-Tagaung river course in Mandalay

**Mandalay December 1**

Up to 80% of navigation signs had been erected along the Mandalay-Tagaung water course till 10 November with the use of two ships, said U Ye Tun Lin Aung, assistant director from the Directorate of Water Resources and Improvement of River Systems.

It has been targeted to set up 340 navigation signs—140 floating signs and 200 onshore signs along the Mandalay-Tagaung water course in the Ayeyawady River. Till 30 November, 80% had been completed.

"Along the river course, we had finished 310 navigation signs from 10 to 30 November. There were 130 floating signs and 180 onshore signs, U Ye Tin Lin Aung said.

Now, the water level of the Ayeyawady Rvier has decreased. According to the survey from the Department of Meteorology and Hydrology oat 6.30am on November 30, the level of the Ayeyawady River has fallen to 367 cm in Mandalay. The warning level is 360 cm. Therefore, passenger and cargo ships and boats are warned that they need to notice the navigation signs.

Particularly, those operating as the water levels decrease should take such precautions for their own safety and prevention of watercourse.

184

# China signals ease in Covid policy after mass protests

**Beijing December 1**

China has signalled a shift in its Covid stance as it moves to ease some virus restrictions despite high daily case numbers.

Dozens of districts in Shanghai and Guangzhou, cities that have seen rising cases, were released from lockdown measures on Thursday.

The country's vice-premier also announced that the country was facing a "new situation".

It comes as China is seeing mass protests against its zero-Covid policy.

The unrest was triggered by a fire in a high-rise block in the western Xinjiang region that killed 10 people last week. Many Chinese believe long-running Covid restrictions in the city contributed to the deaths, although the authorities deny this.

It led to days of widespread protests across various cities, which have since ebbed amid a heavy police presence.

Restrictions in major cities like Guangzhou were abruptly lifted on Wednesday, hours after the city saw violent protests that resulted in clashes between police and protesters.

A community in the capital Beijing also allowed Covid cases with mild symptoms to isolate at home, according to a Reuters report - a far cry from protocols earlier this year which saw entire buildings and communities locked down, sometimes as a result of just one positive case.

Other major cities like Shanghai and Chongqing also saw some rules relaxed.

It comes as one of China's most senior pandemic officials, vice-premier Sun Chunlan, said the virus' ability to cause disease was weakening.

BBC

# Deadly landslide engulfs motorway in Brazil

**Brasília December 1**

A landslide on a motorway in southern Brazil has killed at least two people and left dozens missing.

A torrent of mud fell on to the BR-376 highway in the state of Paraná, hitting more than 21 vehicles, authorities said.

Rescue workers at the scene said bad weather and the remote location were complicating the search effort.

Firefighters are using a thermal camera to locate possible survivors. Up to 30 people are thought to still be missing.

Aerial footage shows one lorry precariously hanging over the side of a bridge. Rescue workers found the body of its driver, who was identified as 62-year-old João Pires.

A relative said he had worked as a lorry driver for most of his life and was well acquainted with the road where the accident happened.

The name of the second victim has not yet been released.

Another lorry driver whose cab was buried in the mud was rescued with only minor injuries. José Altair Biscaia, 43, recorded a video of himself on his phone as he was trapped.

"I'm alive, thank God. I'm in the middle of the mud, just in a little corner which is left of the lorry. I'm full of cuts, but I'm alive," he can be heard saying in the footage.

The inside of his cab looks mangled and there a blood stains. Outside of the window there appears to be a wall of solid mud.

BBC

# အမေရိကန်နှင့် ဥရောပနိုင်ငံများက လက်နက်များပံ့ပိုးပြီးနောက် ယူကရိန်းစစ်ဘက်၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များ



**ယမန်နေ့မှအဆက်**

ယခုအချိန်ထိ ယူကရိန်းစစ်ဘက်တွင် ယခင်ဝါဆောစာချုပ်နိုင်ငံများက ရုရှားထုတ်မူရင်းစစ်လက်နက်ပစ္စည်းများရောနှောကာ နိုင်ငံတကာအသိုက်အဝန်းမှပံ့ပိုးပေးသော လေကြောင်းရန်ကာကွယ်ရေးစနစ်များစွာ ပိုင်ဆိုင်ထားနိုင်နေပြီဖြစ်သည်။ အမေရိကန်နှင့် ဥရောပနိုင်ငံအများအပြားသည် ဒရုန်းများနှင့် ဒုံးကျည်များကဲ့သို့သော ခြိမ်းခြောက်မှုအသစ်များကိုတုံ့ပြန်ရန်အတွက် ခေတ်မီသောလေကြောင်းရန်ကာကွယ်ရေးစနစ်များပံ့ပိုးပေးအပ်လျက်ရှိသည်။

**S-125 Pechora (SA-3 Goa)**

SA-3 Goa(ရုရှားအမည် S-125 Neva)စနစ်သည် S-25/R-113 (SA-1), S-75 (SA-2) နှင့် S-200 (SA-5) အလယ်အလတ်မှအမြင့်ပျံ (Medium-to High-Altitude) မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များကို အနိမ့်မှအလတ်ပျံလေကြောင်းရန်ကာကွယ်ရေးစနစ် (Low-to Medium-Altitude) များဖြင့် အင်အားဖြည့်တင်းမှုအနေဖြင့် ၁၉၅၆ ခုနှစ်က စတင်တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။

S-125 စနစ်သည် မတူညီသောဒုံးကျည်တားရှင်းနှစ်ခုကို အသုံးပြုထားသည်။ V-600 သို့မဟုတ် 5V24 တွင် အသေးငယ်ဆုံးသောထိပ်ဖူးသည် High-Explosive အမျိုးအစား၊ အလေးချိန် ကီလိုဂရမ် ၆၀ရှိပြီး အကွာအဝေး ၁၅ ကီလိုမီတာခန့်သာ တိုက်ခိုက်နိုင်သည်။

**ZSU-23-4**

ZSU-23-4 ဟုခေါ်သည့် Shilka သည် ရုရှားထုတ် အပေါ့စားသံချပ်ကာ၊ ယာဉ်တင်ရေဒါလမ်းညွှန်စနစ်သုံးလေယာဉ်ပစ်အမြောက်စနစ် (SPAAG) ဖြစ်သည်။ Shilka ကို ၁၉၆၀ ပြည့်နှစ်များအစောပိုင်းတွင် တီထွင်ခဲ့ပြီး ၁၉၆၅ ခုနှစ် နိုဝင်ဘာလတွင် မော်စကို၌ ချီတက်ပွဲတစ်ခုအတွင်း လူမြင်ကွင်းတွင် ပထမဆုံးမြင်တွေ့ခဲ့သည်။

ပင်မလက်နက်ကို AZP-23 23 မီလီမီတာအမြောက် လေးလက်ဖြင့်ဖွဲ့စည်းထားပြီး မြင်ထောင့် +85 ဒီဂရီမှ - 4 ဒီဂရီနှင့် ညွန်းရပ် 360 ဒီဂရီ Turret Traverse လည်ပတ်လုပ်ဆောင်နိုင်သည်။ ၎င်းသည် လေယာဉ်ပစ်အမြောက်များ၏ ထိရောက်အကွာအဝေး မီတာ ၂၅၀၀ အတွင်း အနိမ့်ပျံပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်း နှစ်မျိုးစလုံး လုပ်ဆောင်နိုင်စွမ်းရှိသည်။

**ZU-23-2**

ZU-23-2 ဟုလည်း သိကြသော ZU-23 သည် ရုရှားထုတ် ၂၃ မီလီမီတာလေယာဉ်ပစ်ပြောင်းနှစ်လုံးတပ်ယာဉ်ဆွဲအလိုအလျောက်လေယာဉ်ပစ်အမြောက်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စုစစ်ဘက်၌ စတင်အသုံးပြုခဲ့သည်။ လေယာဉ်ပစ်အမြောက်ကို ထရပ်ကားများ သို့မဟုတ် သံချပ်ကာယာဉ်များပေါ်တွင်တပ်ဆင်ထားပြီး လေကြောင်းရန်ကာကွယ်ရေးနှင့် ပစ်ကူပေးကဏ္ဍများတွင် အသုံးပြုလေ့ရှိသည်။

ZU-23-2 တွင် 2A14 23 မီလီမီတာ အလိုအလျောက်လေယာဉ်ပစ်အမြောက်နှစ်လက်တပ်ဆင်ထားပြီး မြေပြင်အခြေစိုက်အဖြစ် အလွယ်တကူပြောင်းလဲနိုင်သော အသေးစားနောက်တွဲယာဉ်ပေါ်တွင် တင်ဆောင်ထားသည်။ လေယာဉ်ပစ်အမြောက်များသည် အကွာအဝေး ၂ ဒသမ ၅ ကီလိုမီတာရှိ အနိမ့်ပျံပစ်မှတ်များနှင့် နှစ်ကီလိုမီတာအကွာအဝေးရှိ သံချပ်ကာယာဉ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။ တပ်ဖွဲ့ဝင်များနှင့် မဟာဗျူဟာမြောက်တပ်ဖြန့်ချထားရာနေရာများကို ရဟတ်ယာဉ်များနှင့် အနိမ့်ပျံလေယာဉ်များရန်မှ ကာကွယ်ပေးနိုင်သည်။

**S-60**

S-60 သည် ရုရှားထုတ် ၅၇ မီလီမီတာလေယာဉ်ပစ်အမြောက်စနစ်ဖြစ်ပြီး Central Design Bureau က ဒီဇိုင်းထုတ်လုပ်ကာ ၃၇-မမ M1939 လေယာဉ်ပစ်အမြောက်စနစ်ကို အစားထိုးရန်အတွက် ၁၉၅၀ ပြည့်နှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။ S-60 သည် လေယာဉ်နှင့် ရဟတ်ယာဉ်များကို ခုခံကာကွယ်ရန် ဒီဇိုင်းထုတ်ထားပြီး ကြည်းတပ်ပစ်ကူပေးရေးအခန်းကဏ္ဍတွင် ပေါ့ပါးသောသံချပ်ကာယာဉ်များကို တိုက်ခိုက်ရာ၌ အသုံးပြုနိုင်သည်။

S-60 တွင် ၅၇ မီလီမီတာအမြောက် ပြောင်းတစ်လက်တည်းအသုံးပြုထားသည်။ မူလ S-60 စနစ်တွင် Multi-Perforated Muzzle Brake ပါရှိသည့် ပြောင်းရှည်တစ်လက်ပါရှိသည်။ S-60 သည် FRAG-T (ခွဲင်းကျည်)နှင့် APCT-T(ဖောက်ကျည်) ကဲ့သို့ အမြောက်ကျည်အမြောက်အမြားကိုပစ်ခတ်နိုင်သည်။ ရုရှားသတင်းရင်းမြစ်တချို့အရ S-60 သည် ကျည် HEI-T (High Explosive) နှင့် API-T (Armour Piercing) တို့ကိုလည်း တပ်ဆင်တိုက်ပွဲဝင်နိုင်ကြောင်း သိရှိရသည်။ သီးခြားရပ်တည်၍ တိုက်ပွဲဝင်မည်ဆိုပါက ထိရောက်အကွာအဝေး လေးကီလိုမီတာ၊ ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်တွင် ခြောက်ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ တိုက်ပွဲဝင်အခြေအနေများတွင် S-60 လေယာဉ်ပစ်အမြောက်စနစ်သည် အကွာအဝေး သုည ဒသမ ၅ ကီလိုမီတာမှ ၁ ဒသမ ၅ ကီလိုမီတာထိ ဝေဟင်ပစ်မှတ်များကို တိုက်ခိုက်နိုင်ပြီး မြေပြင်ပစ်မှတ်များကို သုံးကီလိုမီတာထိ တိုက်ခိုက်ဖျက်ဆီးနိုင်သည်။

**ဂျာမနီမှ Gepard**

Gepard သည် Cheetah ဟုလည်း နာမည်ပြောင်ပေးထားကာ ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း ဂျာမန်ကုမ္ပဏီ Krauss-Maffei Wegmann (KMW) က တီထွင်ထုတ်လုပ်ခဲ့သော Self-Propelled လေယာဉ်ပစ်အမြောက်စနစ်ဖြစ်သည်။

၎င်းတွင် တစ်မိနစ်ပစ်နှုန်း အတောင့် ၅၅၀ ရှိသည့် Oerlikon Contraves 35 mm KDA အမြောက်နှစ်လက်ဖြင့် တပ်ဖွဲ့ဝင်နှစ်ဦးလုပ်ဆောင်နိုင်သည့် ဆုံလည်တစ်ခု တပ်ဆင်ထားသည်။ ၃၅ မီလီမီတာအမြောက်တစ်လက်စီကို ဆုံလည်၏တစ်ဖက်တစ်ချက်ပြင်ပတွင် တပ်ဆင်ထားပြီး တိုက်ခိုက်ရေးခန်းမှ ချိတ်ဆက်ထားသော ကျည်ခါးပတ်များမှတစ်ဆင့် ကျည်ထိုးပေးနိုင်သည်။ အမြောက်များတွင် FAPDS ကျည်ဖြင့် အများဆုံးပစ်ခတ်နိုင်သောအကွာအဝေး မီတာ ၅၅၀၀ ရှိသည်။ ယာဉ်သည် အကွာအဝေး ၁၅ ကီလိုမီတာထိ ဝေဟင်ပစ်မှတ်များကို ထောက်လှမ်းနိုင်သည်။

**ဆလိုဗက်ကီးယားနိုင်ငံမှ S-300 PMU**

S-300P တာဝေးပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးစနစ်စီးရီး၏ ပထမဆုံးပြည်ပတင်ပို့သည့် မူကွဲမှာ S-300PMU/SA-10C ဖြစ်ပြီး ရုရှားနိုင်ငံမှ S-300PS/SA-10B နှင့် အများစုတူညီကြသည်။ နိုင်ငံတကာ ပြည်ပပို့ကုန်ဈေးကွက်အတွက် ၁၉၉၂ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။

5P85TE ၏ တွဲထားသောဒုံးပစ်ကွန်တိန်နာလေးခုကို တွဲယာဉ်၏အနောက်ဘက်တွင် တပ်ဆင်ထားသည်။ ထို့ကြောင့် Tractor Unit ကို တွဲဖြုတ်ရန်မလိုအပ်တော့ဘဲ စနစ်ကို တိုက်ပွဲဝင်တပ်ဖြန့်အသုံးပြုရန် အချိန်ကို သိသိသာသာလျှော့ချနိုင်သည်။ S-300 PMU သည် Fakel5V55RUD ဒုံးကျည်ကို အသုံးပြုထားသည်။ အကွာအဝေး ကီလိုမီတာ ၉၀ ထိ ဝေဟင်ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်သည်။ အမြင့်ကန့်သတ်ချက်များသည် ၁၀ မီတာမှ မီတာ ၂၇၀၀ ထိရှိပြီး ပစ်မှတ်အလျင်သည် မီတာ ၁၂၀၀/စက္ကန့်ထိ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

**ဗြိတိန်နိုင်ငံမှ Stormer HVM များ**

Alvis Stormer သည် ဗြိတိန်စစ်ဘက်နှင့်အတူ တာဝန်ထမ်းဆောင်နေသည့် သံချပ်ကာကင်းထောက်ယာဉ်အုပ်စုဝင် CVRT ၏အဆင့်မြှင့်တင်ထားသော ချိန်းတပ်ကိုယ်ထည်ကို အခြေခံထားသည့် မိုဘိုင်းလေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။

HVM လက်နက်ခန်းတွင် ပစ်ခတ်ရန်အသင့်ရှိ Starstreak ဒုံးကျည်လေးစင်းပါ ဒုံးပြွန်နှစ်စုံတပ်ဆင်ထားသည်။ နောက်ထပ် ဒုံးကျည် ၁၂ စင်းကို ယာဉ်အတွင်းသိမ်းဆည်းထားသည်။ ယာဉ်၏ခေါင်မိုးတွင် Thales (ယခင် Pilkington) Optronics က ပံ့ပိုးထားသောလေကြောင်းရန်ကာကွယ်ရေး ကြိုတင်သတိပေးရေးကိရိယာ(ADAD) တပ်ဆင်ထားသည်။

Starstreak သည် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ဖြစ်ပြီး လေဆာရောင်ခြည်သုံး Laser Beam-Riding Submunitions သုံးခုကိုပစ်လွှတ်ကာ ပစ်မှတ်ကို အောင်မြင်စွာထိမှန်ဖျက်ဆီးနိုင်ခြေကို မြင့်မားစေသည်။ ဒုံးကျည်သည် ရဟတ်ယာဉ်များနှင့် မြန်နှုန်းမြင့် မြေပြင်တိုက်ခိုက်ရေး လေယာဉ်များကဲ့သို့သော ဝေဟင်ပစ်မှတ်များကိုဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည်။ အများဆုံးထိရောက်အကွာအဝေး ခုနစ် ကီလိုမီတာဖြစ်သည်။

**ဂျာမနီမှ IRIS-T SLM**

IRIS-T SLM သည် IRIS-T SL တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ဖြစ်ပြီး ဂျာမန်ကုမ္ပဏီ Diehl Defense က ထုတ်လုပ်ထားသည်။ အဆိုပါစနစ်သည် လေယာဉ်၊ ရဟတ်ယာဉ်များ၊ ခရူဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းလက်နက်များရန်မှ ၃၆၀ ဒီဂရီပတ်လည် ကျယ်ကျယ်ပြန့်ပြန့်ကာကွယ်ပေးနိုင်သည်။ ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များ၊ သင်္ဘောဖျက်ဒုံးကျည်များ၊ ရေဒါဖျက်ဒုံးကျည်များနှင့် အရွယ်အစားကြီးမားသောဒုံးကျည်များကိုလည်း ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။ ၎င်းတွင် UAV များနှင့် အခြားအရွယ်အစားသေးငယ်သော လေကြောင်းခြိမ်းခြောက်မှုများကိုလည်း တိုက်ခိုက်နိုင်စွမ်းရှိသည်။ အမြင့် ကီလိုမီတာ ၂၀၊ အကွာအဝေး ကီလိုမီတာ ၄၀ ထိ တိုက်ပွဲဝင်လုပ်ဆောင်နိုင်သည်။

**Analysis: List of new air defense capabilities of Ukrainian army after donation by EU and US ကို ဘာသာပြန်ဆိုထားပါသည်။**

**ဆက်လက်ဖော်ပြပါမည်။**

**မျိုးခိုင်(ရေနံချောင်း)**

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံထောပတ်ပဲကေ ၂၂၄၀ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲကေ ၂၂၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲကေ ၇၆၄၀ စိုက်ပျိုးရန် လျာထားခဲ့ပြီး အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲကေ ၂၂၄၀ စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲကေ ၇၆၄၀ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ထောပတ်ပဲကေ ၂၂၄၀ စိုက်ပျိုးပြီးပါပြီ။ ထောပတ်ပဲက ဒီဒေသမှာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတဲ့အပြင် ဈေးကောင်းလဲရရှိတာကြောင့် ဒေသခံတောင်သူတွေ နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးကြပါတယ်။ ဒေသခံတောင်သူတွေကိုလဲ သီးနှံအထွက်နှုန်းတိုးပွားဖို့နဲ့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေကိုလဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးနေပါတယ်။ အမိကသီးနှံ့အရည်အသွေးကောင်းမွန်ရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရာ၌ သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း၊ အချိန်မီရိတ်သိမ်းခြင်းစတဲ့ နည်းစနစ်များကို အဓိကထားဆောင်ရွက်ဖို့ အသိပညာပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ၏ လယ်ယာမြေများအရောက် ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# စလင်းမြို့နယ် ဒါးဆွယ်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

စလင်း ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒါးဆွယ်ကန်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒါးဆွယ်ကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် လိုအပ်ကြောင်းနှင့် ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဒါးဆွယ်ကန် ကျေးရွာတွင် အရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀၊ စုစုပေါင်းငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်ထံမှ သိရသည်။

ခင်မာ

# လွိုင်လင်မြို့နယ် ပေါင်းလိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

လွိုင်လင် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပန်မုန်ကျေးရွာအုပ်စု ပေါင်းလိုင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ လွိုင်လင်ခရိုင် စာရင်းစစ်ဦးစီးမှူး ဦးနီထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများသည် ပေါင်းလိုင်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးက ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပေါင်းလိုင်ကျေးရွာတွင် အရှည် ၁ မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၀၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဘုန်းညဏ်လင်းကုမ္ပဏီက ငွန်လဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးရွာရှိ အိမ်ခြေ ၃၀၊ လူဦးရေ ၁၉၁ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးက ပြောပြ၍ သိရသည်။

မောင်နိုင်




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပြင်ဦးလွင်မြို့ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၊ တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)သို့ အလှူငွေများလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ လိုက်ပါပြီး ပြင်ဦးလွင်မြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ယနေ့နံနက်ပိုင်းကရောက်ရှိပြီး ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်အတူ ကျောင်းအတွင်း အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုများနှင့် လက်တွေ့ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းအတွင်း ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စိုက်ပျိုးထားသည့် ကော်ဖီသီးနှံအပါအဝင် အခြားသီးနှံပင် စိုက်ပျိုးထားမှုများ၊ ပျော်ရွှင်စွာစာသင်ကြားနေမှုများ၊ သင်ကြားမှုသင်ယူမှုအထောက်အကူပြုခန်းများတွင် ဘာသာရပ်အလိုက် လက်တွေ့သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများနှင့် ကျောင်းတွင်တက်ရောက်ပညာသင်ကြားနေသော ကိုရင်လေးများကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)သို့ရောက်ရှိရာ တာဝန်ရှိသူများ၊ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများကိုရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ကချမှတ်အကောင်အထည်ဖော်နေသည့် ဦးတည်ချက်များမှ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကဏ္ဍတို့တွင် မိမိတို့မိသားစုအနေဖြင့် တစ်ထောင့်တစ်နေရာမှပါဝင်အားဖြည့်ခြင်းနှင့် လိုအပ်သည့်နေရာများတွင်လည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးသည့်အနေဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြေးထောက်ပံ့ပေးအပ်၊ သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြေးထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏မိသားစုဝင် ကျောင်းသား၊ကျောင်းသူများကို ထောက်ပံ့ငွေများ အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ် ရှစ်မြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် သက်ကြီးမသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ၎င်းတို့၏တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ရေဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယူနီဖောင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် နယ်မြေခံဆေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## ဒီဇင်ဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူစုစုပေါင်း | ၆၃၃၂၆၁ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၇၇၇ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၂၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ကုသရေးဦးစီးဌာန၏အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူး၊ တာဝန်ခံဆရာဝန်ကြီးများ၊ သူနာပြုများ၏ပူးပေါင်းပါဝင်မှုဖြင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး၊ ကုသရေး) ဒေါက်တာသီတာလှနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ ခွဲစိတ်ကုသမှုဆောင်ရွက်သူများ၊ လူနာနှင့်မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လူနာအတွက် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေကျပ်သိန်း ၅၀ ကိုလည်းကောင်းပေးအပ်သည်။

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်မြို့တွင် လူနာ မခင်ညိုညိုထွေး၊ အသက်၂၃နှစ်၊ အလှူရှင် မသင်းပြည့်ပြည့်မိုး၊ အသက် ၂၅ နှစ် ညီအစ်မအတွဲအား ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကုသမှုအောင်မြင်စွာပြီးစီးခဲ့ပြီး လူနာနှင့်ကျောက်ကပ်အလှူရှင်တို့၏ ကျန်းမာရေးအခြေအနေကောင်းမွန်ပြီး အထူးကြပ်မတ်ကုသဌာန၌ထားရှိ၍ စောင့်ကြည့်ကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်မြို့မှ ပါမောက္ခ၊ ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) ပါမောက္ခ ဒေါက်တာကျော်စိုးကျော် ဦးဆောင်သော ဆီးနှင့် ကျောက်ကပ်ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပါမောက္ခ၊ ဌာနမှူး(ဆီးနှင့်ကျောက်ကပ်ဆေးကု) ပါမောက္ခ ဒေါက်တာဝင်းဝင်းလှိုင် ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူး(မေ့ဆေး) ပါမောက္ခ ဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပါမောက္ခ၊ ဌာနမှူး (ဓာတ်မှန်) ပါမောက္ခ ဒေါက်တာအောင်ချို့ထွန်း ဦးဆောင်သော ဓာတ်မှန်ဆိုင်ရာလုပ်ငန်းအဖွဲ့၊ အမျိုးသားသွေးဌာန ရန်ကုန်မြို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင် ဦးဆောင်သော သွေးနှင့် သွေးပစ္စည်းဆိုင်ရာအထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့မှ ညွှန်ကြားရေးမှူး(ရောဂါဗေဒ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့တို့က အငြိမ်းစားဆေးပညာရှင်များဖြစ်သည့် ပါမောက္ခ ဒေါက်တာသန်းအေး၊ ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်၊ ပါမောက္ခ ဒေါက်တာဘုန်းမြင့်၊ ပါမောက္ခ ဒေါက်တာခင်မောင်ဌေး၊ ပါမောက္ခ ဒေါက်တာကြည်ကြည်စန်း၊ ကျွမ်းကျင်သူနာပြုများ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် ဆေးရုံစီမံခန့်ခွဲမှုကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်မြို့၌ ဆေးရုံကြီးစတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ်မှစတင်၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ စတင်၍ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် လေးကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၁၀ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ၁၀ ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ကိုးကြိမ်၊ ၂၀၁၈ ခုနှစ်တွင် ကိုးကြိမ်၊ ၂၀၁၉ ခုနှစ်တွင် ၁၀ ကြိမ်နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလထိ နှစ်ကြိမ် စုစုပေါင်း ၅၄ကြိမ်အောင်မြင်စွာခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအကြိမ်သည် (၅၅)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကျင်းပပြုလုပ်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ၂၀၂၁-၂၀၂၂ ခုနှစ်ကာလအတွင်း သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၁) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းနှစ်ပတ်လည်နေ့စစ်ရေးပြ တပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလအတွင်း သင်တန်းများတွင် ဆုရရှိခဲ့ကြသည့် အရာရှိစစ်သည်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်များ၊ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲနှင့် ရဲမေကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများ၊ ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးဆုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆုရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၈၆၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၂၆၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့်လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review-IFR) သို့တက်ရောက်ရန် တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့များပါဝင်သော စစ်ရေယာဉ်(ကျန်စစ်သား) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review-IFR) သို့တက်ရောက်ရန်အတွက် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီးသိန်းစိုးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များပါဝင်သည့် စစ်ရေယာဉ်(ကျန်စစ်သား)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား(သီလဝါ)မှထွက်ခွာရာ သန်လျင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိစစ်သည်များက ပို့ဆောင်နှုတ်ဆက်ကြသည်။





နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review-IFR)သို့ တက်ရောက်ရန် တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့များပါဝင်သော စစ်ရေယာဉ်(ကျန်စစ်သား)ကို သန်လျင်တပ်နယ်မှတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါ နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review -IFR) ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားမြို့တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှစစ်ရေယာဉ်(ကျန်စစ်သား)အပါအဝင် နိုင်ငံတကာမှ စစ်ရေယာဉ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့ကို KNU၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၂ ခုနှစ် မေလမှစတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိလူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ခေတ္တထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာ ပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ဦးရေ ၂၀၀ ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့ထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၂၁၃ ဦး၊ အမျိုးသမီး ၂၂၄ဦး စုစုပေါင်း ၄၃၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နွေးညွှေးပြတ် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် မြန်မာနိုင်ငံ

**ရွေးကောက်ပွဲနှင့်ရွေးကောက်ပွဲစနစ်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမ္မတရွေးကောက်ပွဲများ၊ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများကျင်းပရာ၌ မိမိကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံသမိုင်းကြောင်း အခြေအနေတို့အပေါ် မူတည်၍ ရွေးကောက်ပွဲစနစ်အမျိုးမျိုးကို ရွေးချယ်အသုံးပြုကြသည်။ ရွေးကောက်ပွဲစနစ်တစ်မျိုးတည်းသာအသုံးပြုခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်း၊ ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်ကို ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းတို့အပြင် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ်သစ်တစ်ခု တီထွင်အသုံးပြုခြင်းများလည်းရှိကြသည်။

မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် ပါလီမန်ဒီမိုကရေစီခေတ်ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် **မဲအများဆုံးရသူ အရွေးခံရသည့်စနစ်** **(First Past the Post-FPTP )** တစ်နည်း နိုင်သူအကုန်ယူစနစ်**(Winner takes all)**ကို ကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် ယင်းကာလဖြစ်သည့် ၂၀၁၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် နိုင်ငံရေးပါတီ ၁၀ ပါတီပါဝင်သည့် ဒီမိုကရေစီမိတ်ဆွေပါတီများက ရွေးကောက်ပွဲစနစ် ပြုပြင်ရေးနှင့်ပတ်သက်၍ အကြံပြုချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံ တင်ပြခြင်း၊ ပထမအကြိမ်လွှတ်တော်သက်တမ်းကာလ ၂၀၁၄ ခုနှစ် ဇွန် ၃ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်သွင်းခဲ့သည့် **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်အဆို** အတည်ပြုအောင်မြင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်း၊ ကြုံတွေ့ခဲ့သောဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး မိမိနိုင်ငံနှင့်ကိုက်ညီသင့်လျော်သည့် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်အသုံးပြုရန် လိုအပ်လာပါသည်။

**နိုင်ငံတကာတွင်ကျင့်သုံးသည့်ရွေးကောက်ပွဲစနစ်များ**

နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာဆန်းစစ်မှုများအရ အောက်ပါအတိုင်း အုပ်စုသုံးစုတွေ့ရှိရသည် -

(က) ဗဟုအများစုကိုယ်စားပြုစနစ် (Plurality/ Majority System)

(ခ) အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)

(ဂ) အခြားစနစ် (Other System)

ဗဟုအများစုကိုယ်စားပြုစနစ်တွင် မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP)၊ ၅၀ ရာခိုင်နှုန်းကျော်ထောက်ခံမဲမရ၍ မဲနှစ်ကြိမ်ပြန်ပေးရသည့် နှစ်ကျော့ပြန်စနစ် (Two Round System-TRS)၊ ကိုယ်စားလှယ်ဗဟိုပြုမဲအများစုစနစ် (Block Vote-BV)၊ ပါတီဗဟိုပြုအများစုစနစ် (Party Block Vote-PBV)၊ ကြိုက်နှစ်သက်မှု မဲအများစုစနစ် (Alternative Vote-AV )တို့ ပါဝင်သည်။

အခြားစနစ်တွင် လွှဲပြောင်း၍မရသော တစ်မဲပေးစနစ် (Single Non Transferable Vote-SNTV)၊ ကန့်သတ်မဲပေးစနစ် (Limited Vote-LV)နှင့် ဦးစားပေးမှုကို တွက်ချက်သောစနစ် (Borda Count-BC) အစရှိသည့်တို့ ပါဝင်သည်။

**အချိုးကျကိုယ်စားပြုစနစ် (Proportional Representation - PR )**

အချိုးကျကိုယ်စားပြုစနစ်(PR) ဆိုသည်မှာ တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန်အတွက် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကိုသတ်မှတ်ပေးသည့် စနစ်လည်းဖြစ်သည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရရှိသောထောက်ခံဆန္ဒမဲအပေါ် မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ အချိုးကျကိုယ်စားပြုစနစ်ကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်သည်-

(က) ပါတီအမည်ကိုမူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List Proportional Representation System-LPR)

(ခ) ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional System-MMP)

(ဂ) လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote-STV)

ပါတီအမည်ကိုမူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ်(Party List–PR)တွင် စာရင်းပိတ်(Closed List)၊ စာရင်းဖွင့်(Open List)နှင့် စာရင်းလွတ်(Free List)တို့ ပါရှိသည်။ ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ်သည် သာမန်အားဖြင့် FPTP နှင့် PR ကို ရောနှောကျင့်သုံးသည့် စနစ်ဖြစ်သည်။ ယင်းစနစ်တွင် ပူးတွဲအပြိုင်စနစ် (Parallel System)နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional System)တို့ ပါဝင်ကြသည်။ Single Transferable Vote စနစ်မှာ မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏ အဆင့်ကိုသတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကိုဦးစားပေး၍ ဆန္ဒမဲပေးခြင်းဖြစ်သည်။ ပထမဦးစားပေးမဲဝေစုရသည့် ကိုယ်စားလှယ်လောင်းက ရွေးချယ်ခံရပြီး သတ်မှတ်အရေအတွက်ထက်ပိုသောမဲများကို ကျန်ကိုယ်စားလှယ်များထံ ဖြန့်ဝေနိုင်သော စနစ်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် မဲအများဆုံးရသူအရွေးခံရသည့်စနစ်ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးသည့်နိုင်ငံ ၁၁၁ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် မဲအများဆုံးရသူအနိုင်ရစနစ်(FPTP) ခြားနားချက်**

အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် မဲအများဆုံးရသူ အနိုင်ရသည့် FPTP စနစ် အသီးသီးတွင် အားနည်းအားသာချက်အပါအဝင် ခြားနားချက်များစွာရှိသည်။ အဓိကခြားနားချက်မှာ မဲဆန္ဒရှင်ပြည်သူများကပေးလိုက်သည့် ဆန္ဒမဲများ၏တန်ဖိုးနှင့် သက်ရောက်မှုကွာခြားခြင်းဖြစ်သည်။ FPTP စနစ်ဖြင့် ကျင်းပသည့် ရွေးကောက်ပွဲများတွင် အနိုင်ရသူရရှိသည့် ဆန္ဒမဲအရေအတွက်သည် ခိုင်လုံမဲစုစုပေါင်း၏ ထက်ဝက်အောက်ရှိသော်လည်း ယင်းကိုယ်စားလှယ်ကို ပေးလိုက်သည့် ဆန္ဒမဲများကသာ တန်ဖိုးနှင့် သက်ရောက်မှုရှိပြီး ကျန်ဆန္ဒမဲများမှာ တန်ဖိုးနှင့်သက်ရောက်မှု လုံးဝမရှိ အဟောသိကံ၊ အလဟဿ ဖြစ်ခြင်းဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပသည့် ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလများ အပါအဝင်တို့ကို မဲဆန္ဒရှင်များကပေးလိုက်သည့် ဆန္ဒမဲအရေအတွက် စုစုပေါင်းအပေါ် မိမိတို့ရရှိသည့် ဆန္ဒမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်နေရာရရှိခြင်းဖြင့် ဆန္ဒမဲအားလုံးနီးပါး၏ တန်ဖိုးနှင့် သက်ရောက်မှုရှိခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍လည်း FPTP စနစ်ဖြင့် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို လေ့လာပါက တစ်နိုင်ငံလုံးအတိုင်းအတာအရ ရရှိသောခိုင်လုံမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိသည့် ရာခိုင်နှုန်းအချိုးအစား ညီညွတ်မျှတမှု မရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**အချိုးကျကိုယ်စားပြုစနစ်(PR)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုရလဒ်**

နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တည်ဆဲနိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့၌ လေးကြိမ်ဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့သည်။ ပထမနှစ်ကြိမ်ကို နေပြည်တော်တွင် ဆောင်ရွက်ခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရေးကို မူအားဖြင့် သဘောတူညီခဲ့ကြသည်။ ဒုတိယနှစ်ကြိမ်ကိုမူ ရန်ကုန်မြို့တွင်ဆောင်ရွက်ခဲ့ပြီး ပါတီများ၏ စာတမ်းများဖတ်ကြားခြင်း၊ ရွေးကောက်ပွဲဒီဇိုင်းနှင့် စပ်လျဉ်း၍ ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ရလဒ်အဖြစ် အောက်ပါဘုံသဘောတူညီချက်များ ရရှိခဲ့သည် -

(က) လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed Lis-PR) စတင်ကျင့်သုံးရန်၊

(ခ) မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲအတွေ့အကြုံနှင့် နိုင်ငံရေးယဉ်ကျေးမှု ရေချိန်မြင့်တက်လာချိန်တွင် (Open List-PR) သို့မဟုတ် အခြား PR စနစ် တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက်ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကို ပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က)ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁(ခ)ပါ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊

(င) Closed List PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင်တင်ပြရန်၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့် ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံ ဖော်ပြထားသော ဗီနိုင်းပိုစတာများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားရန်၊

(ဆ) Closed List PR စနစ်ဖြင့် မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲအများဆုံးစနစ် (The Largest Remainder)ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ် မူတည်၍ ကိုယ်စားလှယ်တစ်ဦးရရှိရမည့် အနိမ့်ဆုံးအခြေခံမဲ(Threshold)သတ်မှတ်ရန်၊

(ဇ) PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများ ဖောင်းပွလာနိုင်မှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်လည်းကောင်း၊ ညွှန်ကြားကြပ်မတ် ထိန်းကျောင်းခြင်းဖြင့်လည်းကောင်း ကန့်သတ်ရန်၊

(ဈ) ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ဖြစ်သည်။

**လွှတ်တော်သုံးရပ်အတွက် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးနိုင်မှု**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၀၉(က) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းတွင် **"ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ဦးရေ ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က) အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းတွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး"** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းတွင် **"မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ"** ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်းပါ ပုဒ်မ ၃၉၉(ဂ) အရ

**စာမျက်နှာ ၂၁ သို့**

❖ အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးခြင်းဖြင့် တစ်ပါတီကြီးစိုးမှုလျှော့ချနိုင်ပြီး ပါတီစုံစနစ် ခိုင်မာအားကောင်းခြင်း၊ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ပါတီငယ်များ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရပြီး မိမိဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ခြင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိနိုင်ခြင်း အစရှိသည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။ ❖

**စာမျက်နှာ ၂၀ မှအဆက်**

**"မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း"** သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်ဖြစ်ပြီး ပုဒ်မ ၄၀၂ (က) အရ **"ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ"** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေအတွက်အတိုင်း ဖွဲ့စည်းရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ မဲဆန္ဒနယ်များသတ်မှတ်ပြီး လွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR)အသုံးပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိဘဲ ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သုံးရပ်လုံးကို PR စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပရန်အတွက် ကျယ်ဝန်းသောမဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း လူဦးရေ ၃၃၀ ထက်မပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ လူဦးရေကိုအခြေခံတွက်ချက်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားလှယ်ရရှိမှုများပြောင်းလဲပြီး လူဦးရေနည်းသည့် ပြည်နယ်များအတွက် ကိုယ်စားလှယ်အရေအတွက် များစွာလျော့နည်းနိုင်သဖြင့် ယခင်နည်းတူ မြို့နယ်ကိုသာအခြေခံတွက်ချက်မည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ ခရိုင်၊ မြို့နယ်များကို လိုအပ်သလိုစုစည်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပါမည်။

အလားတူ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်များ လိုအပ်သလို ပိုင်းခြားသတ်မှတ်နိုင်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် သတ်မှတ်ရာတွင်မူ မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် အမျိုးသားလွှတ်တော်ဖွဲ့စည်းရာတွင် ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဖွဲ့စည်းရာတွင် ပါရှိသော သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သတ်မှတ်ချက်နှင့်အညီရရှိမည့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များကိုမူ တစ်ဦးစီသာ ရွေးကောက်တင်မြှောက်ရမည်ဖြစ်သဖြင့် FPTPစနစ်ဖြင့်သာ ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ရွေးကောက်ပွဲကျင်းပခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်း**

အချိုးကျကိုယ်စားပြုစနစ် (Closed List) ဖြင့် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် သက်ဆိုင်ရာ လွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို သတ်မှတ်ချက်နှင့်အညီ စိစစ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာခြင်းများ ဆောင်ရွက်ရသည်။ PR-Closed List စနစ်သည် ပါတီကိုသာ မဲပေးရခြင်းဖြစ်၍ ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများကို အများပြည်သူလေ့လာသိရှိနိုင်ရန်အတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းစာရင်းကို ဗီနိုင်း၊ ပိုစတာ စသည်များဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားခွင့်ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ်ပြင်ပနှင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ၌ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများဆောင်ရွက်ပြီးနောက် ရလဒ်စာရင်းဇယားများကို မဲရုံမှူးများနှင့် ကော်မရှင်အဖွဲ့ခွဲများက သတ်မှတ်ပုံစံအတိုင်း ရေတွက်ဖြည့်သွင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရသည်။ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် PR မဲဆန္ဒနယ်များအလိုက် ရလဒ်များကို စုစည်းပြီး နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရရှိသည့် ခိုင်လုံမဲအရေအတွက်ကို တွက်ချက်ခြင်း၊ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်ဖြင့် စားခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ Threshold တွက်ချက်သတ်မှတ်ခြင်းများ ဆောင်ရွက်ရသည်။ ၎င်းနောက် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေပြည့်မီသည်ထိ ကြွင်းကျန်မဲအများဆုံးစနစ် (Largest Remainder Formula)ဖြင့် တွက်ချက်ခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

**အချိုးကျကိုယ်စားပြုစနစ်(PR)၏ အားသာချက်များနှင့် တိုင်းရင်းသားများအတွက်အခွင့်အလမ်းများ**

အချိုးကျကိုယ်စားပြုစနစ်(PR)၏ အဓိကအားသာချက်မှာ မဲဆန္ဒရှင်ပြည်သူများကပေးသော ဆန္ဒမဲများ အဟောသိကံ၊ အလဟဿဖြစ်မှု အလွန်နည်းပါးခြင်းဖြစ်သည့်အပြင် အောက်ပါအားသာချက်များရှိသည်-

(က) ကိုယ်စားပြုမှုကို အချိုးကျသတ်မှတ်ခြင်းဖြစ်၍ အချိုးအစားကျနသော ဥပဒေပြုလွှတ်တော်ကိုပုံဖော်နိုင်ပြီး ပါတီစုံစနစ် (Multi-party System)ကို ပေါ်လွင်အားကောင်းစေခြင်း၊

(ခ) လွှတ်တော်အတွင်း ပါတီကြီးများ၏ လက်ဝါးကြီးအုပ်မှုကို ကန့်သတ်ပေးခြင်းနှင့် ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်း၊

(ဂ) လူနည်းစုများ၏ ဆန္ဒသဘောထားကို ဖော်ထုတ်နိုင်ပြီး ပါတီငယ်များအနေဖြင့် ပါတီကြီးများကဲ့သို့ ကိုယ်စားလှယ်နေရာ ရရှိနိုင်ပြီး ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊

(ဃ) မဲဆန္ဒနယ်အလိုက် ရွေးကောက်ခံရသော ပါတီစုံမှကိုယ်စားလှယ်များသည် မဲဆန္ဒနယ် တစ်ခုလုံး၏ ကိုယ်စားလှယ်ဖြစ်ပြီး မဲဆန္ဒနယ်အတွင်းရှိ ပြည်သူလူထုအားလုံးကို ကိုယ်စားပြုသဖြင့် ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ပြည်သူလူထု ထောက်ခံမှုရရှိရေး အပြိုင်ကြိုးစားစေသည့် အားသာချက်ရှိခြင်း၊

(င) စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ် အသုံးပြုခြင်းဖြင့် လူပုဂ္ဂိုလ်ထက် ပါတီဦးဆောင်မှုမြင့်မားစေပြီး ပါတီများ၏ မူဝါဒလမ်းစဉ်များ ပိုမိုတည်တံ့ခိုင်မြဲစေခြင်း၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့ သွားရောက်မဲပေးခြင်းသည် တန်ဖိုးရှိသည်ဟူသောအမြင်နှင့် ယုံကြည်မှုမြင့်မားလာပြီး မဲပေးမှုရာခိုင်နှုန်း (Voter Turn Out) ကောင်းလာစေခြင်း၊

(ဆ) ပါတီစုံနှင့် လူတန်းစားစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားသော အစိုးရတစ်ရပ် ဖွဲ့စည်းဖော်ဆောင်နိုင်ခြင်းတို့ဖြစ်သည်။

အလားတူ အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးခြင်းဖြင့် တိုင်းရင်းသားပါတီများ၊ လူနည်းစုများနှင့် ပါတီငယ်များအတွက် အောက်ပါအခွင့်အလမ်းများနှင့် အားသာချက်များ ရရှိနိုင်သည်-

(က) တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအနေဖြင့် ကိုယ်စားလှယ်နေရာ ပိုမိုရရှိပြီး ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပိုမိုပါဝင်ခွင့်ရရှိခြင်း၊

(ခ) တိုင်းရင်းသားပါတီများ အနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် ပိုမိုပါဝင်ခွင့်ရရှိပြီး မိမိတိုင်းရင်းသားမျိုးနွယ်စု၏ အကျိုးကို ပိုမိုဖန်တီးဖော်ဆောင်နိုင်ခြင်း၊

(ဂ) လွှတ်တော်အတွင်း ပါတီစုံ၊ တိုင်းရင်းသားလူမျိုးစုံကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ စုံညီမျှတစွာ အချိုးကျကိုယ်စားပြုခွင့်ရရှိခြင်းဖြင့် နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေး အထောက်အကူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

**နိဂုံး**

မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်းနှင့် ဖြစ်စဉ်များကို လေ့လာသုံးသပ်ပြီး အနာဂတ်ရွေးကောက်ပွဲများကျင်းပရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးခြင်းဖြင့် တစ်ပါတီကြီးစိုးမှုလျှော့ချနိုင်ပြီး ပါတီစုံစနစ်ခိုင်မာအားကောင်းခြင်း၊ တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ပါတီငယ်များ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရပြီး မိမိဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိနိုင်ခြင်း အစရှိသည့် အကျိုးရလဒ်များရရှိမည်ဖြစ်သည်။

နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဖြစ်ရာ ဒီမိုကရေစီ၏အခြေခံဖြစ်သည့် ရွေးကောက်ပွဲများကို အကြားအလပ်မရှိ ကျင်းပနိုင်ရပါမည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်မှာ မဲဆန္ဒနယ်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရှိရန်ဖြစ်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြီး နိုင်ငံတော်ကမျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော် တင်ပြလိုက်ရပါသည်။

**မောင်ကောင်းဆု**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁**


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အေးစေတီရပ်ကွက်နေ ဟောင်းနန်း(ခ)အဇော်သည် ၎င်းအသုံးပြုသည့် "A zaw" Face book အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄) ရပ်ကွက် အေးသာယာ(၄)လမ်းနေ ပြည့်ဝ(ခ)ပြည့်ဝအောင်သည် ၎င်းအသုံးပြုသည့် "Pyai Wuu Aung" Facebook အကောင့်၊ လှိုင်းဘွဲမြို့နယ် (ဃ)ရပ်ကွက်နေ လင်းပိုင်(ခ)ဇော်လတ်သည် ၎င်းအသုံးပြုသည့် "User117875855455 (https://tiktok.com/@User 117875855455)" tiktok အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာနေ ဇင်မျိုး(ခ)ဇင်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် "Zinmyo 2517" tiktok အကောင့်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်တော်သာရပ်ကွက်နေ မာစီငွန်ရွှေထာချင်း(ခ) မာစီသည် ၎င်းအသုံးပြုသည့် "Mar Si" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၉)ရပ်ကွက်နေ သီဟ(ခ)သီဟသစ်သည် ၎င်းအသုံးပြုသည့် "Thiha Thit" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂၁)နေ အောင်ကိုလင်း(ခ)ကိုလင်းသည် ၎င်းအသုံးပြုသည့် "Ko Lynn" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်ကို ဓားပြတိုက်လုယက်မှုကျူးလွန်ရန် စီစဉ်လျက်ရှိသည့် Anti-Coup People's Liberation Force-ACPLF နှင့် Anonymous Fighter Force-AFF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် ဒီဇင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများကို ဓားပြတိုက်လုယက်ခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေး ဆောင်ရွက်မှုများကြောင့် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့ပြီး ဘဏ်ကို ဓားပြတိုက်လုယက်မှုကျူးလွန်ရန် စီစဉ်လျက်ရှိသည့် Anti-Coup People's Liberation Force-ACPLF အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဝေယံကောင်းထက်(ခ) Lu Aye** ကို မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက်ကွင်း(၆)လမ်း၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဝေယံကောင်းထက်(ခ)Lu Aye** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် စက်ကွင်း(၆)လမ်းရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ပွိုင့် ၃၈ဝ ကျည် ၁၃ တောင့်တို့ကိုသိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် ACPLF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**၊ **နိုင်လင်းဇော်(ခ) သော်ထွန်းအောင်**နှင့် **ဉာဏ်ဝင်းလှိုင်(ခ)ဖိုးခွား**တို့ကို အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဝေယံကောင်းထက်(ခ) Lu Aye** ၏ ထွက်ဆိုချက်အရ ACPLF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် Anonymous Fighter Force-AFF အမည်ခံအကြမ်းဖက်အဖွဲ့တို့က ပူးပေါင်း၍ သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇင်မလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲကို ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်စီစဉ်ထားရှိကြောင်းဖော်ထုတ်သိရှိရပြီး ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် AFF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **သက်ဇော်အောင် (ခ) အောင်လေး**ကို မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **သက်ဇော်အောင်(ခ) အောင်လေး**၏ထွက်ဆိုချက်အရ ကမ္ဘောဇဘဏ်ခွဲကို ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်အတွက် ၎င်းတို့၏အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအနီး လူကူးခုံးကျော်တံတားပေါ်၌ စုဝေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးစဉ် တရားခံများက ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များကို လုယူထွက်ပြေးရန် ကြိုးပမ်းခဲ့သောကြောင့် ခြောက်လုန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ **သိန်းကျော်စွာ(ခ)ကျော်ကြီး**၊ **မျိုးမင်းဟိန်း (ခ)မဲကြီး**၊ **အာကာမင်းသိန်း**တို့ သုံးဦးကို လက်လုပ်မိုင်း နှစ်လုံးဖြင့်လည်းကောင်း၊ **ညီမင်းထွန်း**ကို လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဓားပြတိုက်လုယက်ခြင်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တရားခံ ကျား ကိုးဦးကို ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၁၃ တောင့်၊ လက်လုပ်မိုင်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဧပြီလတွင် **ဝေယံကောင်းထက်(ခ)Lu Aye**၊ **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**နှင့် **သိန်းကျော်စွာ(ခ) ကျော်ကြီး**တို့သည် KNLA တပ်မဟာ(၆) လှုပ်ရှားနယ်မြေ၌လည်းကောင်း၊ **နိုင်လင်းဇော်(ခ)သော်ထွန်းအောင်သက်ဇော်အောင် (ခ)အောင်လေး**နှင့် **အာကာမင်းသိန်း**တို့သည် KNLA တပ်မဟာ(၃) လှုပ်ရှားနယ်မြေ၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ အသီးသီးတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး**က ခေါင်းဆောင်၍ **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**၊ **နိုင်လင်းဇော်(ခ) သော်ထွန်းအောင်**၊ **ဉာဏ်ဝင်းလှိုင်(ခ)ဖိုးခွား**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟိန်းထက်၊ ကောင်းထက်ကြက်ဖကြီး**၊ **သာဇယ်**၊ **ညီညီလင်းနောင်**၊ **ပြည့်ရှိန်း**၊ **ကိုပေါက်**၊ **ညီညီအောင်**၊ **ကိုညို၊ ဦးလေး**၊ **ပဲခူးသား၊ချစ်ကိုဇင်မင်းချစ်**နှင့်**မင်းချမ်းမြေ့**တို့ပါဝင်သော အဖွဲ့ဝင် ၁၈ ဦးဖြင့်လည်းကောင်း၊ AFF အမည်ခံအကြမ်းဖက်အဖွဲ့ကို ယခုနှစ် ဇူလိုင်လတွင် ဖမ်းဆီးရန်ကျန်တရားခံ **ကာရုံမိုး**က ခေါင်းဆောင်၍ **သက်ဇော်အောင်(ခ) အောင်လေး**၊ **သိန်းကျော်စွာ(ခ)ကျော်ကြီး**၊ **မျိုးမင်းဟိန်း (ခ)မဲကြီး**၊ **အာကာမင်းသိန်း**၊ **ညီမင်းထွန်း** နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟန်လင်းထက်**၊ **ဘီဘီ**၊ **ပြည့်ဖြိုးအောင်**၊ **ရှိုဟစ်**၊

စာမျက်နှာ ၂၃သို့



၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၂)ရပ်ကွက် ပြည်သာယာ(၃)လမ်းနှင့်လက်ဝဲသုန္ဒရလမ်းထောင့်၌ ရာအိမ်မှူး ဦးအောင်အောင် ၄၅ နှစ်ကို အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဠ)ရပ်ကွက် သခင်လမ်းနှင့် စကားဝါလမ်းထောင့်၌ ရာအိမ်မှူး ဦးစိုးစိုး ၄၈နှစ်ကို အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၄)ရပ်ကွက်အနီး၌ ရာအိမ်မှူး ဦးဆန်းမင်းထွန်း ၄၅ နှစ်ကို အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့်မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာလမ်းဆုံ၌ လက်လုပ်မိုင်း နှစ်လုံးတွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့မှုမှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၂ မှအဆက်

**စည်သူအောင်**နှင့် **ကတုံး**တို့ပါဝင်သော အဖွဲ့ဝင် ၁၃ ဦးဖြင့်လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များသည် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ အကျပ်ကိုင်မှုများ၊ လုယက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများဆောင်ရွက်ရန်၊ အကြမ်းဖက်ဖောက်ခွဲမှုဓာတ်ပုံများကို လူမှုကွန်ရက်မှတစ်ဆင့်ဖြန့်ဝေ၍ ငွေကြေးကောက်ခံရယူရန်ရည်ရွယ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ACPLF နှင့် AFF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု လေးကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ➢ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်၌ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ဟိန်းထက်**နှင့် **ကောင်းထက်**တို့က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **ဝေယံကောင်းထက် (ခ) Lu Aye** က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ➢ အောက်တိုဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာလမ်းဆုံ၌ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟိန်းထက်**နှင့် **ကောင်းထက်**တို့က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ➢ အောက်တိုဘာ ၁၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို **ဝေယံကောင်းထက်(ခ)Lu Aye** နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ဟိန်းထက်**တို့က လက်လုပ်မိုင်းတစ်လုံးဖြင့်ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **နိုင်လင်းဇော်(ခ)သော်ထွန်းအောင်** က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ➢ နိုဝင်ဘာ ၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ဈေး၌ **ဖြိုးသွေးအောင် (ခ) နိုင်ဝင်း**က လက်လုပ်မိုင်း တစ်လုံးဖြင့်ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **နိုင်လင်းဇော်(ခ) သော်ထွန်းအောင်**က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ACPLF နှင့် AFF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု သုံးကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ➢ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၄)ရပ်ကွက်အနီး၌ ရာအိမ်မှူး ဦးဆန်းမင်းထွန်းကို **အာကာမင်းသိန်း**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကတုံး**တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **သက်ဇော်အောင်(ခ)အောင်လေး**က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ➢ စက်တင်ဘာ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၂)ရပ်ကွက် ပြည်သာယာ(၃)လမ်းနှင့် လက်ဝဲသုန္ဒရလမ်းထောင့်၌ ရာအိမ်မှူး ဦးအောင်အောင်ကို **သက်ဇော်အောင်(ခ) အောင်လေး**က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **အာကာမင်းသိန်း**က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။
- ➢ အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဌ)ရပ်ကွက် သဇင်လမ်းနှင့် ဇကားဝါလမ်းထောင့်၌ ရာအိမ်မှူး ဦးစိုးစိုးကို **ဝေယံကောင်းထက်(ခ) Lu Aye** က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ဖြိုးသွေးအောင် (ခ) နိုင်ဝင်း**နှင့် **နိုင်လင်းဇော်(ခ)သော်ထွန်းအောင်**တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့်အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်းများကို ညောင်လေးပင် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ KNLA တပ်မဟာ(၃) လှုပ်ရှားနယ်မြေ၌ တိမ်းရှောင်လျက်ရှိသော ဖမ်းဆီးရန်ကျန်တရားခံ**ဇော်ကြီး**နှင့်**ကာရံမိုး**တို့က ခိုင်းစေခဲ့ခြင်းဖြစ်ပြီး လက်နက်၊ ခဲယမ်းများကိုလည်း ထောက်ပံ့ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ညောင်လေးပင် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး**နှင့် **ကာရံမိုး**တို့၏ ခိုင်းစေချက်အရ AFF အမည်ခံအကြမ်းဖက်အဖွဲ့မှ **သိန်းကျော်စွာ(ခ)ကျော်ကြီး** ဦးဆောင်၍ **သက်ဇော်အောင်(ခ)အောင်လေး**၊ **မျိုးမင်းဟိန်း(ခ)မဲကြီး**၊ **အာကာမင်းသိန်း**နှင့် **ညီမင်းထွန်း**တို့သည် ACPLF အမည်ခံအကြမ်းဖက်အဖွဲ့မှ **ဝေယံကောင်းထက်(ခ) Lu Aye**၊ **ဖြိုးသွေးအောင်(ခ)နိုင်ဝင်း**တို့နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၃၀ ရက်၌ သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇင်္ဂမလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲကို ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်အတွက် Telegram မှတစ်ဆင့်တွေ့ဆုံ၍ အစီအစဉ်များရေးဆွဲခဲ့ကာ တာဝန်ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အစီအစဉ်များရေးဆွဲ၍ တာဝန်ခွဲဝေမှုတွင်-

- ➢ တရားခံ **သိန်းကျော်စွာ(ခ)ကျော်ကြီး**၊**အာကာမင်းသိန်း**၊**သက်ဇော်အောင်(ခ)အောင်လေး**၊ **မျိုးမင်းဟိန်း(ခ)မဲကြီး**တို့ လေးဦးသည် ဘဏ်အတွင်းသို့ ဝင်ရောက်ကာ **သိန်းကျော်စွာ (ခ) ကျော်ကြီး**၊ **အာကာမင်းသိန်း**တို့ နှစ်ဦးက ငွေထုတ်ကောင်တာသို့ သွားရောက်၍ ငွေများလုယက်ယူဆောင်ရန်၊ **သက်ဇော်အောင်(ခ) အောင်လေး**နှင့် **မျိုးမင်းဟိန်း(ခ) မဲကြီး**တို့ နှစ်ဦးသည် ဘဏ်ဝန်ထမ်းများနှင့် ဘဏ်သို့လာရောက်သည့် ပြည်သူများကို လက်နက်ပြ၍ ခြိမ်းခြောက်ပြီး ဓားစာခံအဖြစ် ဆောင်ရွက်ရန်။
- ➢ **ဝေယံကောင်းထက်(ခ) Lu Aye**၊ **ဖြိုးသွေးအောင် (ခ) နိုင်ဝင်း**၊ **ညီမင်းထွန်း**တို့ သုံးဦးသည်ဘဏ်အပြင်ဘက်၌ အခြေအနေစောင့်ကြည့်ပြီး မော်တော်ယာဉ် တစ်စီးဖြင့် အသင့်စောင့်ဆိုင်းနေရန်။

တရားခံများ၏ထွက်ဆိုချက်အရ ဘဏ်ဓားပြတိုက်မှုကျူးလွန်ပြီး ငွေကြေးများရရှိပါက အဆိုပါငွေကြေးများကို ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ သုံးစွဲခြင်း၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်အတွက် လက်နက်ခဲယမ်းများ ထပ်မံဝယ်ယူရာတွင် အသုံးပြုသွားရန်ရည်ရွယ်ထားရှိကြောင်း ဖော်ထုတ်သိရှိရသည်။



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ဈေးအနီး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှုမှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



ဝေယံကောင်းထက်(ခ) Lu Aye ၏နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများမှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တရားခံ လေးဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်း နှစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။




သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇင်္ဂမလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲ၏မှတ်တမ်းဓာတ်ပုံ။

0w Kw M @

# လောင်းရိပ်အောက်က ပန်း

ဓဓလေး




(၁)

ကျွန်မ ဒီနေ့မှာ ယခင်နေ့များထက် ပို၍စိတ်လှုပ်ရှားနေမိသည်။ မှန်ရှေ့တွင် ခြယ်သထားသည့်မျက်နှာလေးကို အလှဆုံးပြုံးလျက် ရဲသွေးနီနေသည့် နှင်းဆီပန်းပွင့်ကြီးကို ဆံကေသာထက်၌ နေရာပေးလိုက်သည်။ အသစ်စက်စက်အဖြူအစိမ်းယူနီဖောင်း၊ မြေမထိရသေးသော ပုံတော်ကတ္တီပါဖိနပ်လေးနှင့် သပ်သပ်ရပ်ရပ်ဝတ်ဆင်ပြီးလျှင် ကျွန်မဘဝ၏ ပထမဆုံးသောလုပ်ငန်းခွင်သို့ ဝင်ရောက်ရပေတော့မည်။ ဆရာမလေးဖြစ်ချင်၍ နှစ်ရှည်လများကြိုးစားခဲ့ရသည့် အိပ်မက်များ အမှန်တကယ်ဖြစ်ပေါ်လာသည့် နေ့တစ်နေ့ပင်ဖြစ်သည်။ ကျွန်မခိုဝင်ရမည့် ကျောင်းတော်ကြီးနှင့် ကျွန်မကို ကြိုဆိုနေကြမည့်ကလေးများ၊ လုပ်ငန်းအတွေ့အကြုံများဖလှယ်၍ ကျောင်းအကျိုးအတူတကွသယ်ပိုးကြရမည့် ဆရာ၊ ဆရာမများနှင့်လည်း တွေ့ဆုံရပေဦးမည်။ အရာရာအစိမ်းသက်သက်ဖြစ်နေသည့် ဝန်းကျင်တစ်ခုထံသို့ ခိုလှုံရမည့် ကျွန်မအတွက် စိတ်လှုပ်ရှားနေသည်မှာ မဆန်းပါပေ။ တိုးဝှေ့လာသောလေကို အားပါးတရရှူရှိုက်၍ ခွန်အားသစ်များ မွေးဖွားလိုက်သည်။

(၂)

အပြုံးများနှင့်ကြိုဆိုကြသည့် ကျောင်းအုပ်ကြီးနှင့် လက်ထောက်ဆရာ၊ ဆရာမများ၏ဖော်ရွေမှုများကြောင့် စိုးရိမ်စိတ်များလွင့်ပြယ်၍ ပျော်ရွှင်ခြင်းများက ရင်ဝယ်ကိန်းအောင်းလာခဲ့သည်။

"သမီးက တတိယတန်းကို တာဝန်ယူသင်ကြားပေးနော်"

ဆရာမကြီး၏ သမီးဟူသော အသုံးအနှုန်းသည် ရင်ဝယ်အေးစေပါ၏။

"လာ ညီမလေး အစ်မ တတိယတန်းအခန်းကို လိုက်ပို့ပေးမယ်"

လုပ်ဖော်ကိုင်ဖက်ဆရာမနှင့်အတူ တတိယတန်းသို့ရောက်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူလေးဆယ်ကျော်၏ မျက်လုံးအကြည့်များသည် ကျွန်မထံဦးတည်နေ၏။ အနည်းငယ်စိတ်လှုပ်ရှားမိသော်လည်း ကျွန်မတာဝန်ယူသင်ကြားရမည့်ကလေးများဖြစ်သည့်အတွက် ရင်းနှီးစိတ်ဖြစ်မိပါ၏။ ကလေးသဘာဝ စူးစမ်းသိလိုစိတ်ကို ကျွန်မနားလည်သည်။

"ကဲ. . . ကလေးတို့ရေ ဆရာမအသစ်ကလေးကို နှုတ်ဆက်လိုက်ပါအုံး"

"ပဋ္ဌဂုဏ် အဟံဝန္ဒာမိ၊ အာစရိယဂုဏ် အဟံဝန္ဒာမိ၊ မင်္ဂလာပါဆရာမ"

ပြိုင်တူနှုတ်ဆက်သံသည် နားဝင်ဖြောင့်လှပါ၏။

"သားတို့၊ သမီးတို့ရေ သားတို့၊ သမီးတို့ကို စာသင်ပေးမဲ့ ဆရာမအသစ်ကလေးရောက်လာပြီ။ ညီမလေးကလေးတွေကို မိတ်ဆက်လိုက်ပါအုံး"

"မင်္ဂလာပါ သားတို့၊ သမီးတို့ရေ။ ဆရာမနာမည်က ဒေါ်ကေသွယ်ပါ။ ကလေးတို့နဲ့ အခုလိုဆုံစည်းခွင့်ရတာ ဆရာမဝမ်းသာပါတယ်။ ကလေးတို့က အများကြီးဆိုတော့ နောက်မှပဲ တစ်ယောက်ချင်းစီမိတ်ဆက်ပေးကြတော့နော်"

"ဟုတ်ကဲ့ပါ ဆရာမ"

အပြုံးလေးများဝေဆာ၍ ပြိုင်တူတုံ့ပြန်သံလေးကြောင့် ကျေနပ်ပီတိဖြစ်ရပြန်သည်။

(၃)

ဖြူစင်ရိုးသား၍ဟန်ဆောင်မှုကင်းသော ကလေးများနှင့် ထိတွေ့ခွင့်ရသောကျွန်မ၏နေ့ရက်တိုင်းသည် မိုးဆမ်းပန်းပမာလန်းဆန်းလှပေသည်။ ဖြူစင်ခြင်းနှင့် မေတ္တာများနှီးနှောမိသောအခါ နေ့ရက်များသည် ကုန်ဆုံးချိန်မြန်လွန်းသည်ဟုထင်မိသည်။ စာသင်ချိန်နီးသည့်အတွက် လိုအပ်သောသင်ထောက်ကူပစ္စည်းများယူ၍စာသင်ခန်းသို့ဝင်ခဲ့သည်။ တတိယတန်း မြန်မာစာဘာသာရပ်မှ "ကျေးဇူးရှင်ဦးကြီးများ"သင်ခန်းစာသည် မြန်မာ့လယ်ယာလုပ်ငန်းနှင့် တောင်သူဦးကြီးများ၏ လေးစားဖွယ်ရာစွမ်းဆောင်ရည်များအကြောင်းကို သင်ယူကြရသည်ဖြစ်ရာ ကလေးများ စိတ်ဝင်တစားရှိကြသည်။ လေ့ကျင့်ခန်းများပေးပြီး၍ ကျွန်မစာရင်းထိုင်ရေးနေစဉ်-

"ဆရာမ သားခဲတံပျောက်သွားပြီ"

ဇွဲညီ၏ထအော်သံကြောင့် တိတ်ဆိတ်နေသောစာသင်ခန်းလေးဂယက်ရိုက်သွားသည်။

"ဆရာမရေ ဒါသားခဲတံနော်၊ သမီးတို့လဲမယူဘူး" စသည့်ငြင်းဆိုသံများကြောင့် စာသင်ခန်းမှာ ဆူညံလာရသည်။

"တိတ်တိတ်နေကြအုံး ဆရာမပြောမယ်"

အခြေအနေများ ပိုဆိုးမသွားစေရန် ထိန်းချုပ်လိုက်ရသည်။

"ဇွဲညီ သားခဲတံက ဘာရောင်လေးလဲ။ ဘယ်မှာထားလို့လဲ"

"ပန်းရောင်လေးဆရာမ ခိုးသွားတာ သားသိတယ်။ သားတို့အတန်းမှာ သူခိုးရှိတယ်။ အဲဒီသူခိုးလဲ သားသိတယ်"

ဇွဲညီ၏စကားနှင့်အတူ နဂါးမျက်စောင်းကဲ့သို့ စူးရဲသောအကြည့်တို့သည် ဘေးတိုက်တစ်ခုံကျော်မှ စာရေးနေသောစိုးပြည့်ထံ ဦးတည်နေ၏။

"ဇွဲညီ စကားကိုမဆင်မခြင်မပြောရဘူး။ သေချာရှာပြီးပြီလား ခဲတံက"

ဇွဲညီ၏ ခဲတံပျောက်အပူကြောင့် တစ်တန်းလုံးလှုပ်လှုပ်ရွရွဖြစ်ကုန်၏။ ဘေးပတ်ဝန်းကျင်သို့ ပိုက်စိပ်တိုက်ရှာဖွေစဉ် အနောက်ခုံတန်းအောက်မှ ခဲတံပန်းရောင်လေးသည် မြင်ကွင်းထဲဝင်လာ၏။

"ဇွဲညီ ဒါ သား ခဲတံမဟုတ်လား"

အပြစ်ကိုဖုံးကွယ်ချင်၍ မျက်နှာပြုံးဖြဲဖြဲဖြစ်နေသောဇွဲညီကို မျက်စောင်းထိုးလိုက်မိသည်။

"နောက်ဆို သေချာမှတ်ထားပါ။ အကြောင်းအရာတစ်ခုကို သေသေချာချာမသိဘဲ တစ်ဖက်သားကို စောင်းချိတ်ပြောဆိုတာတွေ ဘယ်တော့မှမလုပ်ပါနဲ့"

ခေါင်းငုံ့ချသွားသောဇွဲညီနှင့် အပြုံးချိုချိုလေးနှင့် ကျွန်မ၏ဆုံးမစကားကိုနားထောင်ရင်း စိုက်ကြည့်နေသော စိုးပြည့်တို့ကိုကြည့်၍ သက်ပြင်းချမိသည်။

(၄)

ကျောင်းဝတ်စုံနှင့် ဆွဲခြင်းလေးဆွဲ၍ ကျောင်းတော်ကြီးထံဦးတည်လာသောကျွန်မ ခြေလှမ်းများ တက်ကြွနေ၏။

"ဆရာမလေးတောင်ကျောင်းသွားတော့မလို့လား"

ဇွဲညီမိခင်ဖြစ်သူဒေါ်တင်၏ နှုတ်ဆက်စကားကြောင့် ကျွန်မ ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့ အန်တီကော ကလေးကျောင်းပို့တာလား"

"ဟုတ်တယ် ဆရာမလေးရဲ့။ ဆရာမလေးအတန်းက ဇွဲညီရဲ့ ညီမလေးလေ။ သူက အခုမှ KG လေ"

"သြော်. . . ဟုတ်လား ချစ်စရာလေးမီးမီးလေးက"

"ဆရာမလေး ဇွဲညီ မလိမ္မာတာရှိရင်လဲ ဆုံးမနော်။ စိတ်မဆိုးဘူးသိလား"

"လိမ္မာပါတယ် အန်တီရယ်။ ကလေးဆိုတော့လဲချော့တစ်ခါ ခြောက်တစ်လှည့်ပြောရတာပေါ့"

"ဟုတ်တာပေါ့ ဆရာမလေးရယ်"

စကားလက်ဆုံကျရင်း လျှောက်လာကြသည်မှာ ကျောင်းသို့ပင်ရောက်ခဲ့သည်။

"ဟေး တို့ဆရာမလာပြီ"

အသံနှင့်အတူ ကျွန်မအနားသို့ စိုးပြည့် အပြေးအလွှားရောက်လာခဲ့သည်။

"ဆရာမ သားကိုပေး"

စကားနှင့်အတူ လက်ထဲ၌ဆွဲထားသော ဆွဲခြင်းကို လှမ်းယူ၏။

"ဆရာမ ဒါပါပေး"

ကျွန်မကိုင်ထားသော ပိုက်ဆံအိတ်လေးကိုပါ လှမ်းတောင်း၏။ ကျွန်မလည်း ကလေးစိတ်ကျေနပ်စေရန်ပေးလိုက်၏။ ဆွဲခြင်းနှင့် ပိုက်ဆံအိတ်လေးယူ၍ အတန်းဆီပြေးထွက်သွားသော စိုးပြည့်ကျောပြင်ကို ကြည့်ရင်း ကျေနပ်ပီတိဖြစ်ရသည်။

"ဆရာမလေးရယ် ဘာလို့ အဲဒီကောင်လေးကို ပိုက်ဆံအိတ်ပါပေးလိုက်တာလဲ"

ဒေါ်တင်၏ စိုးရိမ်သံက ထွက်လာ၏။

"သြော်. . . အန်တီရယ် မပေးလိုက်ရင် ကလေးက စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

"ဆရာမ သူစိတ်မကောင်းတာ အရေးမကြီးဘူး။ အဲဒီကလေးအကြောင်း ဆရာမ မသိဘူးလား"

ခပ်တိုးတိုးကျိတ်ပြောလာသော ဒေါ်တင်၏စကားကို ကျွန်မစိတ်ဝင်စားမိသည်။

"အဲဒီကလေးရဲ့အမေ ဟိုတစ်လောက နှစ်လုံးထီ၊ ချဲထီကိစ္စနဲ့ အဖမ်းခံထိထားတယ်လေ။ အဲဒီထက်အရေးကြီးတာက သူ့အစ်ကိုက ရွာတောင်ပိုင်းက အပျိုကြီးအိမ်ကို ညဉ့်နက်သန်းခေါင်ဝင်ခိုးတာ၊ အပျိုကြီးကလန့်နိုးတော့ အော်တာကို ခေါင်းအုံးနဲ့ ဖိသတ်တာ ဘုရားမပေလို့ပေါ့ဆရာမရယ်။ အရပ်သိသွားလို့ဖမ်းမိတယ်လေ။ အဖေက အမူးသမားတံငါသည်။ အဲဒီလို ဇ ရှိတဲ့အမျိုး။ ဆရာမရဲ့ပိုက်ဆံအိတ်တွေ၊ ဘာတွေပေးမကိုင်နဲ့ ယုံရတာမဟုတ်ဘူး။ အဲဒီလိုစရိုက်ပါလာရင် ဆရာမပစ္စည်းလဲ ရှောင်မှာမဟုတ်ဘူး။ စေတနာနဲ့သတိပေးတာပါ ဆရာမရဲ့"

မြန်ရှက်စွာပြောလာသောစကားလုံးများ ပြီးဆုံးသောအခါ ကျွန်မတဒင်္ဂဆွံ့အမိသည်။

"အဲဒါကြောင့် အဲဒီကလေးကို သတိထားဆရာမရဲ့။ ကျွန်မက စေတနာနဲ့အသိပေးတာ သူများအကြောင်းကို မပြောချင်ဘူးဆရာမရဲ့"

"ဟုတ်ကဲ့ပါ အန်တီ ကျေးဇူးပါ"

ရင်ထဲကမပါသော ကျေးဇူးစကားနှင့် လမ်းခွဲ၍ အတန်းသို့လာခဲ့သည်။ ရင်ထဲ၌ ဖော်မပြတတ်သော ခံစားချက်တစ်ခုက ကပ်ပါလာ၏။

(၅)

"ဆရာမ အစည်းအဝေးရှိပါတယ်တဲ့"

ရုံးအကူလေး၏ခေါ်သံကြောင့် သင်ခန်းစာဆိုင်ရာ လေ့ကျင့်ခန်းများပေး၍ ရုံးခန်းသို့သွားခဲ့သည်။

"ဆရာ၊ ဆရာမတို့ရေ အခုကိစ္စက သိုသိုသိပ်သိပ်လေးဆောင်ရွက်စေချင်တယ်။ မနက်က ဒေါ်တင်က ကလေးကျောင်းလာပို့ရင်း နားကပ်တစ်ဖက်နောက်ပိတ်ချော်ပြီး ပြုတ်ကျခဲ့လို့တဲ့။ သတိရသလောက်ကတော့ ကျောင်းဝင်းထဲမှာလို့ပြောတယ်။ နားကပ်က မိုးကုတ်စိန်ပါတော့ သိန်းချီတန်တယ်။ အတန်းလိုက်ဆရာမတွေက စနစ်တကျလေးစစ်ဆေးမေးမြန်းစေချင်တယ်"

ထိုသို့သောကိစ္စများဖြစ်လာလျှင် စိတ်အညစ်ရဆုံးပင်။ သို့သော်လည်း ကျောင်းနှင့်ပတ်သက်နေသည့်အတွက် စုံစမ်းမေးမြန်းခြင်းစရပေတော့သည်။ ကလေးများကို စစ်ဆေးမေးမြန်းသော်လည်း မည်သို့မျှအကြောင်းမထူးပါပေ။

"ကျွန်မနားကပ်က တန်ဖိုးကြီးတာ ပြန်ပေးမှာလဲမဟုတ်ဘူး။ စရိုက်မကောင်းတဲ့ကလေးကလဲ ကျောင်းမှာရှိနေတာ"

ဒေါ်တင်၏စကားကြောင့် ဒေါသစိတ်ကလှိုက်တက်လာခဲ့သော်လည်း-

"အန်တီ့နားကပ်ကို ကျွန်မတို့ကျောင်းက ကလေးခိုးတာမဟုတ်ဘူးနော်။ ပြုတ်ကျလို့ပျောက်ရတာ။

စာမျက်နှာ ၂၅သို့ ➤

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ခရီးသွားဒေသတစ်ခုဖြစ်လာစေရန် ပန်းမြို့တော်အဖြစ် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေ




**မြစ်ကြီးနား ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ခရီးသွားဒေသတစ်ခုဖြစ်လာစေရန် ပန်းမြို့တော်အဖြစ် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးကျော်လင်းက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် မြစ်ကြီးနားမြို့ကို သန့်ရှင်းသာယာလှပလာပြီး ခရီးသွားများကို ဆွဲဆောင်သော ခရီးသွားဒေသတစ်ခုဖြစ်လာစေရေးအတွက် ပန်းမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းစီမံချက်များကို နိုဝင်ဘာလ နောက်ဆုံးပတ်က ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြစ်ကြီးနားမြို့ကို ပန်းမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မဲ့လုပ်ငန်းတွေကိုတော့ ဒီဇင်ဘာလ ပထမပတ်အတွင်း စတင် လုပ်ဆောင်မှာဖြစ်တယ်။ မြစ်ကြီးနားမြို့ရှိ အောင်စေရန်အောင်ဘုရားအနီး ပြည်ထောင်စုလမ်းမကြီးဘေး တြိဂံနေရာမှာ မြေယာရှုခင်းနဲ့ အလှပန်းပင်တွေ စိုက်ပျိုးထားရှိမှုကို တိုးချဲ့ဆောင်ရွက်မှာဖြစ်တယ်။ နောက်ပြီးတော့ Welcome to Myitkyina အလှဆိုင်းဘုတ်တပ်ဆင်ဆောင်ရွက်မှာဖြစ်တယ်။ လမ်းဘေးဝဲ၊ ယာ မြေကွက်လပ်နှင့် လိုအပ်တဲ့နေရာတွေမှာ မြေယာအလှပြုပြင်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ စိုက်ပျိုးပြီး နှစ်ရှည်အရိပ်ရပန်းပင်တွေကို ပြုစုပျိုးထောင်မှာဖြစ်တယ်။ ထပ်မံပြီးတော့လဲ တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ဦးကျော်လင်းက ပြောပြသည်။

မြစ်ကြီးနားမြို့ကို ပန်းမြို့တော်ဖြစ်လာစေရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်းပြည်ထောင်စုလမ်းမကြီး၊ ဆွမ်ပရာဘွမ်လမ်းမကြီးတစ်လျှောက်နှင့် အဓိကမိန်းလမ်းမများရှိ လမ်းလယ်ကျွန်းများ၊ လမ်းဆုံအဝိုင်းနှင့် တြိဂံမြေနေရာများ၊ လမ်းဘေးဝဲ၊ ယာ ၁၆ နေရာနှင့် ပန်းခြံများတွင် မြေယာရှုခင်းနှင့် ပန်းအလှပင်များ၊ အရိပ်ရနှစ်ရှည်ပန်းပင်များဖြင့် အဆင့်မြှင့်တင် တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး နှစ်အလိုက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ASH

➤ စာမျက်နှာ ၂၄မှအဆက်

ကျွန်မတို့လဲ အတတ်နိုင်ဆုံး ပြန်ရအောင်ရှာပေးပါ့မယ်။ ကလေးတွေကိုတော့ အနာဂတ်ချိုးဖဲ့တဲ့စကားမျိုး မပြောစေချင်ဘူး"

သူ့စကားလွန်သွားသည်ကို ရိပ်မိသည့်အတွက် မျက်လွှာချ၍ ထွက်သွားခဲ့သည်။ သို့သော် စိန်နားကပ်ပျောက် ရှာပုံတော်မှာ မအောင်မြင်ခဲ့ပေ။

(၆)

"ဆရာမ"

ထမင်းစားနားနေချိန် စိုးပြည့် ကျွန်မထံရောက်လာခဲ့သည်။ လက်သီးလေးကို ကျစ်နေအောင်ဆုပ်ထား၏။

"ပြောလေ သား ဘာဖြစ်လို့လဲ"

ထိုမှ လက်ကလေးဖြန့်ပြသောအခါ အရောင်တဖျတ်ဖျတ်လက်နေသော စိန်နားကပ်လေးပေါ်လာ၏။

"သားကောက်ရထားတာလား"

ကျွန်မအမေးကို ခေါင်းလေးခါပြ၏။

"ဘယ်ကရတာလဲ"

ကျွန်မမေးခွန်းကို ချက်ချင်းမဖြေပေ။

"စိုးပြည့် ဆရာမမေးနေတယ်လေ"

လက်ကလေးပိုက်၍ -

"သားဖြေပါ့မယ် ဆရာမ"

စိုးပြည့်၏စကားကို သေသေချာချာနားထောင်၍ ကျောင်းအုပ်ကြီးရုံးခန်းကိုသွားခဲ့သည်။ ဒေါ်တင့်ကိုလည်း အကြောင်းကြား၍ လာစေခဲ့သည်။

"ကျွန်မသိပါတယ် ဒီကောင်လေးလက်ချက်မှန်း။ သက်သေမရှိလို့ ပြောမထွက်တာ။ အခုတော့ မလစ်တော့မှ သူတော်ကောင်းလုပ်ပြီးပြန်ပေးတာပေါ့"

ဒေါ်တင့်၏စကားများကြောင့် စိုးပြည့်ခေါင်းလေးငုံ့နေရှာ၏။

"ဒေါ်တင်ရယ် စိတ်အေးအေးထားပါ။ အမှန်အတိုင်းဖြစ်စေရပါ့မယ်။ ကဲ. . . ဆရာမရေ ဖွဲ့ညီကိုပါခေါ်ခိုင်းလိုက်ပါအုံး"

"ကျွန်မသားက ဘာကိစ္စကြောင့်"

"စိတ်ချပါဒေါ်တင်။ အားလုံးအမှန်အတိုင်းဖြစ်ရပါစေမယ်"

ရုံးခန်းလေးထဲ လူစုံသောအခါဝယ်-

"ကဲ. . . စိုးပြည့် သားသိသမျှ အကုန်ပြောပါ"

ဆရာမကြီး၏အမေးကို ခေါင်းလေးညိတ်ပြကာ လက်ကလေးပိုက်၍ ပြောလေသည်။

"မနေ့ညနေက သား အိမ်မှာဆန်မရှိတော့လို့ အစ်ကိုကြီးကဒန်အိုးတွေပေါင်ခိုင်းလိုက်လို့ အပေါင်ဆိုင်အိမ်ကိုသွားခဲ့တယ်။ အဲဒီမှာ ဖွဲ့ညီက ဒီနားကပ်ကို ရောင်းနေတာတွေ့တယ်။ သားကိုတွေ့တော့ ဘယ်သူ့မှပြန်မပြောနဲ့။ မင်းလဲ ဒန်အိုးမပေါင်နဲ့တော့ ပိုက်ဆံတစ်သောင်းပေးမယ်လို့ပြောတယ်။ သားကလက်မခံတော့ သားကိုလက်သီးနဲ့ထိုးတယ်။ ဆိုင်ရှင်က ဝင်ဖြေရှင်းပေးပြီး အကြောင်းစုံသိတော့ ဒီနားကပ် သားကိုပေးလိုက်ပါတယ်။ ဆရာမလက်ထဲကိုအပ်ဖို့လဲ သေသေချာချာမှာလိုက်ပါတယ်။ ဆိုင်ရှင်က ဒီမနက်ကိစ္စနဲ့ ရန်ကုန်သွားစရာရှိလို့လို့ပြောပါတယ်။ သူပြန်လာလို့ လိုအပ်ရင်လဲ လာပြန်ဖြေရှင်းပေးပါ့မယ်လို့ ပြောပါတယ်"

စိုးပြည့်စကားကြောင့် ဒေါ်တင်ပါးစပ်အဟောင်းသားနှင့် အံ့သြနေပေသည်။

"ကျွန်မနားကပ်ကို ကျွန်မသား ကောက်ရခဲ့တာ"

မယုံနိုင်သည့်ပုံစံနှင့် ပြန်မေးနေပေသည်။

"ဟုတ်လားဖွဲ့ညီ ဟုတ်လို့လား။ စိုးပြည့် လိမ်နေတာလို့ပြောစမ်းပါ"

"မဟုတ်ဘူးအမေ စိုးပြည့်ပြောတာမှန်တယ်"

သားဖြစ်သူအဖြေကြောင့် ဒေါ်တင်၏ထောင်လွှားမှုများမာန်ကျခဲ့သည်။

(၇)

နေ့သစ်သည် ခွန်အားသစ်များဖြင့် တစ်ဖန်ပြန်လည်နိုးထလာသည်။ ကျောင်းစုဝေးကွင်း အလံတိုင်ရှေ့တွင် ကျောင်းသား၊ ကျောင်းသူများ တန်းစီလျက် ဝါစိမ်းနီအောက်ခံပေါ်တွင် ကြယ်ဖြူကြီးတစ်လုံးနှင့်လွင့်နေသော အလံတော်မှာ ငွားငွားစွင့်စွင့်ကျက်သရေရှိလှသည်။

"ကျောင်းသား၊ ကျောင်းသူတွေအားလုံး သေသေချာချာနားထောင်ကြပါ"

ဆရာမကြီး၏ မိန့်ခွန်းသြဝါဒသံသည် စုဝေးကွင်းလေးသို့ လွှမ်းခြုံသွားသည်။

"ဆရာမကြီးတို့ကျောင်းမှာ ကျောင်းသိက္ခာညှိုးနွမ်းစေမဲ့ဖြစ်ရပ်တစ်ခုဖြစ်ခဲ့တာ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ဒါပေမဲ့ ဆရာမကြီးတို့ကျောင်းမှာ စာရိတ္တကောင်းမွန်ပြီး တာဝန်သိကျောင်းသားရှိခဲ့တဲ့အတွက် ဆရာမကြီးတို့ကျောင်းရဲ့ဂုဏ်သတင်းပိုတင့်စေခဲ့ပါတယ်။ ဒါကြောင့် တော်တဲ့သူကို တော်သလိုဆရာမကြီးတို့က ဂုဏ်ပြုမှာဖြစ်တယ်။ တတိယတန်းက မောင်စိုးပြည့်အရှေ့ကိုထွက်ခဲ့ပါ"

ဆရာမကြီး၏ဖိတ်ခေါ်မှုကြောင့် အရှေ့သို့ထွက်လာခဲ့သည်။ စာရိတ္တထူးချွန်ဆုစလွယ်လေးကိုလွယ်ပေး၍ ဆရာမကြီးပေးလိုက်သော ဆုဒိုင်းကို ကမ်းယူနေသည့် စိုးပြည့်၏ပုံသည် ကျွန်မရင်ထဲ တစ်သက်လုံးပျောက်ကွယ်မသွားမည့် ပုံရိပ်ပင်ဖြစ်သည်။

"ဖြောင်း ဖြောင်း"

ကောင်းချီးပေးသည့်လက်ခုပ်သြဘာသံများညံဝေနေသည်။ အရိပ်ဆိုး၊ အရိပ်မည်းများ၏ လောင်းရိပ်အောက်တွင် ရှင်သန်ကြီးထွားခဲ့ရ၍ ကြံ့လို့စွာ ဖူးပွင့်လာရသော ပန်းကလေးတွင်လည်း ပန်းရနံ့သင်းသင်းရှိကြောင်း စိုးပြည့်သက်သေပြခဲ့လေပြီ။

## နတ်တော်လ

- ရာသီမှာ ခနှင့်
ရုပ်ဝတ္ထု လေးကိုင်းကိုင်
ငွေနှင်းတွေဖြိုင်၊
လခြမ်းနှင့် အပြိုင်အဆိုင်
မြူစိုင်တွေ မှုန်ရီမှိုင်း၊
မြင်းရုပ်သွင် ကဆုန်ပြေးကာမှ
အေးမြ ခြုံသိုင်း။

- စန်းနဲ့ယှဉ် မိဂသီနက္ခတ်
ထက်အရပ် မိုးကောင်းကင်
ပန်းခက် ငွေဇင်၊
ဖော်ကျူးသည့် သူ့ရုပ်သွင်
တာရာတွင် ဟသ်ာပဲ၊
မေပြန်လာ
ဟေမန်ခါ မြောက်လေဖျန်းပါရော့
ချမ်းမြမြ ကဲ။

- ရက်မစုံ နှစ်ဆယ့်ကိုး
ရှေးရိုးရဲ့ စဉ်အလာ
မှတ်ရခါခါ၊
နတ်တော်လ ပွဲတော်မဟာ
နွှဲပျော်စရာ သဘင်ခင်း၊
စာဆိုရှင် လူ ပဋ္ဌင်းတွေက
ဝပ်တွား ခ ရင်း။

- စနေမှာ ပြဿဒါးတဲ့
မှတ်သားကြ များလူထို
ရှားရှောင်ကြလို၊
တစ်ဆက်တည်း မပျက်မပြို
ကြာသပတေးကို ရှောင်ကွင်း၊
နဂါးမှာ တောင်အရပ်လှည့်
မှတ်ကွဲ့လက်ငင်း။

- ရက်ရာဇာ ဗုဒ္ဓဟူးကွဲ့
နေ့ထူးခဲ့ သောကြာ
နေ့မြတ်မဟာ၊
ဗိုလ်လူခပင်း ကောင်းခြင်းမင်္ဂလာ
ပြုကြရာ ရက်ကောင်းရွေး၊
မချို့ခါခါ
တို့သာသနာ ယူအဆက
ရန်ဒုက္ခ ဝေး။ ။

**မိုးမြင့်မေ(သ.က.ဟ.အ.)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ဂုဏ်ယူအလေးပြုပါသည် နောင်တစ်ခေတ်၏ အောင်စစ်သည်

နွေကုံကျော်(မြို့လှ)

❖ အရေးကြီးသည်မှာ မည်သည့်အရာများ မည်သို့ပြောင်းလဲစေကာမူ ကိုယ့်အမျိုးဘာသာ၊ သာသနာနှင့် တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ ပြောင်းလဲမသွားကြရန် သတိမူရမည်။ စစ်တက္ကသိုလ်၏ ပုံရိပ်၊ စစ်တက္ကသိုလ်၏ အစဉ်အလာနှင့်စစ်တက္ကသိုလ်၏ရည်ရွယ်ချက်တို့သည် နှစ်ကာလများကြာညောင်းခဲ့သည့်တိုင် မပြောင်းမလဲရှိသကဲ့သို့ အမိစစ်တက္ကသိုလ်တည်းဟူသော ရင်ခွင်မှမွေးဖွားပေးလိုက်သည့် နောင်တစ်ခေတ်၏အောင်စစ်သည်များသည်လည်း တစ်ခါစစ်သား ထာဝရစစ်သား ခံယူချက်ကိုနှလုံးသွင်းကာ တိုင်းပြည်နှင့်လူမျိုးအပေါ် မဖောက်မပြန်တည်ကြည်လေးနက်သော သစ္စာတရားတို့ဖြင့် အလုပ်အကျွေးပြုလျက်ရှိနေကြသည်။ ❖

လွန်ခဲ့သည့် ၁၈ နှစ် တိတိကျကျဆိုရလျှင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဦးလွင်မြို့သို့ ကျွန်တော် ရောက်ရှိခဲ့သည်။ စစ်သားဘဝကို ရှူးရှူးမူးမူးခုံမင်ကာ ဖခင်ဖြစ်စေချင်သော ရှေ့နေတစ်ဦးဘဝကို ကျောခိုင်းလျက်နေကြာရှိင်းဟုခေါ်သည့် ပန်းဝါဝါများပွင့်နေသော၊ ရာသီဥတုက အရိုးထဲထိ စိမ့်အေးသော၊ အုတ်တိုက်နီနီလေးများဖြင့် မြို့ကိုအလှဆင်ထားသော၊ ရထားလုံးလေးများ ဟိုမှသည် ပြေးလွှားနေကြသော၊ တောင်လှေကား သို့တည်းမဟုတ် အရောင်အသွေးစုံစွာ ပွင့်လန်းနေသော ပန်းလေးများကြောင့် ပန်းမြို့တော်ဟု အမည်တွင်သော ပြင်ဦးလွင်မြို့သို့ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းသားအဖြစ် ကျွန်တော်ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ဗိုလ်လောင်းအဖြစ် ရောက်ရှိချိန်မှ သင်တန်းဆင်းချိန်ထိ ခက်ခဲကြမ်းတမ်းသော ဗိုလ်လောင်းဘဝရက်စွဲများကြောင့် ပင်ပန်းလှသည်တကားဟု ညည်းဆိုမိချိန်တွင် ဟိုရှေးရှေးကတည်းက သင်တန်းဆင်းခဲ့ကြသော နောင်တော် စစ်သည်များ၏ ပင်ပန်းကြမ်းတမ်းမှုများကိုသိရသည့်နောက် ကိုယ့်ဘာသာကိုယ် ဖြေသိမ့်နိုင်ခဲ့ပါတော့သည်။ တကယ်တော့ လူသားတစ်ဦးဖြစ်ရန်မလွယ်သည့်ဘဝတွင် လူသားထဲမှ စစ်သားတစ်ဦးဖြစ်ရန်လည်း ပိုပြီးမလွယ်လှပါချေ။

ဗိုလ်လောင်းဘဝရောက်ရောက်ချင်းမှာပဲ စစ်တက္ကသိုလ်၏ သမိုင်းကြောင်းကိုလေ့လာခွင့်ရသည်။ စစ်တက္ကသိုလ်သည် စတင်ဖွင့်ချိန်က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ ဗထူးတပ်မြို့တွင်ဖြစ်သည်။ ၁၉၅၄ ခုနှစ် ဩဂုတ် ၁ ရက်တွင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး "ကာကွယ်ရေးစစ်တက္ကသိုလ်"ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ၁၉၅၆ ခုနှစ် ဩဂုတ် ၂၇ ရက်မှစပြီး "စစ်တက္ကသိုလ်" ဟု ပြောင်းလဲခဲ့သည်။ ၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်သည်။ စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်မှာ **"တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်"**ဟူ၍ဖြစ်၏။ စစ်တက္ကသိုလ်တွင် အဓိကအားဖြင့် ဌာနကြီး (၃)ခုရှိသည်။ စစ်ပညာရပ်များကို သင်ကြားပေးရသည့် လေ့ကျင့်ရေးဌာန၊ တက္ကသိုလ်ပညာရပ်စာပေများကို သင်ကြားပေးရသည့် စာပေဌာနနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်ရသည့် အုပ်ချုပ်မှုဌာနတို့ဖြစ်ကြသည်။

လေ့ကျင့်ရေးဌာနနှင့် စာပေဌာနသည် ဗိုလ်လောင်းများအတွက် လိုအပ်သည့် စစ်ပညာနှင့် တက္ကသိုလ်ပညာများကို ကောင်းစွာတတ်မြောက်အောင် သင်ကြားပေးသည့်အပြင် ခေါင်းဆောင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းနှင့်အကျင့်စာရိတ္တပိုင်းဆိုင်ရာများ ကောင်းမွန်အောင် လေ့ကျင့်ပေးလျက်ရှိသည်။ သင်တန်းကာလအတွင်း ဗိုလ်လောင်းများကို စစ်ပညာ၊ တက္ကသိုလ်ပညာများသာမက အခြားသော သိသင့်သိထိုက်၊ တတ်သင့်တတ်ထိုက်သည့် ပညာရပ်မျိုးစုံကို သင်ကြားပေးခြင်းဖြစ်သည်။

ပထမနှစ်ဗိုလ်လောင်းဘဝမှသည် နောက်ဆုံးနှစ်ဗိုလ်လောင်းဘဝထိ ဖြတ်သန်းခဲ့ရသည့် စစ်တက္ကသိုလ် အတွေ့အကြုံများက မေ့နိုင်ဖွယ်မရှိပေ။ တပ်စိတ်အဆင့်မှသည် တပ်စုအဆင့်ထိ ကိုယ်စီလက်နက်ငယ်ပညာရပ်များ၊ အခြားသော မြေမြောက်၊ ယာ၊ ဆက်၊ သံ စစ်နည်းဗျူဟာများ၊ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားခဲ့ရသည့် စာပေသင်ခန်းစာများအပြင် ဘဝနေထိုင်နည်း သင်ခန်းစာများကိုပါ အမိစစ်တက္ကသိုလ်ကြီးက သင်ကြားပေးခဲ့သည်။ စစ်နည်းဗျူဟာ၊ စာပေပညာရပ်များအပြင် သင်တန်းနှစ်အလိုက်ယှဉ်ပြိုင်ခဲ့ရသည့် စစ်ရေးပြပြိုင်ပွဲများ၊ နယ်ကျော်အပြေးပြိုင်ပွဲများ၊ ရေကူး၊ ကျွမ်းဘား၊ လက်ဝှေ့၊ လှံစွပ်ထိုး၊ ကျပန်းစကားပြော၊ ဘောလုံး၊ ဘော်လီဘော ပြိုင်ပွဲမျိုးစုံကို ယှဉ်ပြိုင်ခဲ့ကြရသည်။ ယခုဆိုလျှင် ကျွန်တော်တို့တုန်းက မသင်ကြားခဲ့ရသည့် မြင်းစီးသင်ခန်းစာနှင့် မြန်မာ့ သိုင်းသင်ခန်းစာများကိုပါ သင်ကြားပေးနေပြီဖြစ်သည်။ ပြည်သူ့ဘဝလေ့လာရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ရပါသေးသည်။

စစ်တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် ပညာရပ်အားလုံးသည် လက်တွေ့လုပ်ငန်းခွင်တွင် သူနေရာနှင့်သူ အသုံးတည့်လှကြောင်း ကိုယ်တွေ့ကြုံခဲ့ရပါသည်။ သင်တန်းသားဘဝ အကြိတ်အနယ် ယှဉ်ပြိုင်ကြရသည့် အားကစားပြိုင်ပွဲများမှသည် ကိုယ့်တပ်ရင်း ကိုယ့်တပ်ဖွဲ့ကိုချစ်မြတ်နိုးသည့်စိတ်များ ကိန်းအောင်းလာခဲ့ကြသည်။ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် စည်းလုံးခြင်းသည် အင်အားထုကိုဖြစ်စေကြောင်း သင်ခန်းစာများရရှိစေခဲ့သည်။ အနိုင်မခံ အရှုံးမပေးလိုစိတ်များဖြင့် ကိုယ့်တပ်စိတ်၊ ကိုယ့်တပ်စု အောင်နိုင်အောင် ကြိုးစားပြီး အောင်စစ်သည်အလံ အပ်နှင်းခံရသည့် တပ်ရင်းဖြစ်အောင် ကြိုးစားခဲ့ကြသည်။ ပြည်သူ့ဘဝလေ့လာရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာမှ ပြည်သူများနှင့်တစ်သားတည်းဖြစ်အောင် နေထိုင်နည်းများကိုပါ သင်ကြားခွင့်ရခဲ့သည်။ လေ့ကျင့်ကျွမ်းကျင် အောင်ပွဲဆင်ဟူသည့်အတိုင်း ညီငယ်ဗိုလ်လောင်းများ၏ မဆုတ်မနစ်သော ကြိုးစားမှုများကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများ အသီးသီးရယူလျက် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ အနက် အဆင့် (၈) နေရာရအောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာပင်ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်ခဲ့သော မြန်မာ့တပ်မတော်သည် ဖြတ်သန်းခဲ့ရာ ခေတ်ကာလအဆက်ဆက်တွင် တိုင်းပြည်အကျိုးကို ဦးထိပ်ပန်ဆင်ခဲ့သည်ဖြစ်ရာ အမိစစ်တက္ကသိုလ်မှ တပ်မတော်သားအပေါင်းသည်လည်း အုတ်ချပ်ပေါင်း များစွာ သဲပွင့်ပေါင်းများစွာအနေဖြင့် အရိုးကြေကြေ အရည်ခန်းခန်း အသက်ခန္ဓာတို့ကို ပေးဆပ်ခဲ့ကြပြီး ဖြစ်သည်။ "ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန့်၊ နိုင်ငံ့ဝန်၌၊ ကုမ္ဘဏ်ယက္ခ၊ နာဂခြသေ့ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လော့" ဟူသည့်အတိုင်း တိုက်ပွဲပေါင်းများစွာတွင် အမိစစ်တက္ကသိုလ်၏ သားကောင်းများပီသစွာ သူရသတ္တိများကို ပြခဲ့ကြပြီးဖြစ်သည်။ အမိစစ်တက္ကသိုလ်ကြီးသည် စတင်သန္ဓေတည်ချိန်မှစ၍ သူ၏ ရည်ရွယ်ချက်အတိုင်း လက်ရုံးရည်၊ နှလုံးရည်၊ ကာယအား၊ ဉာဏအားတို့ကြံ့ခိုင်ကောင်းမွန်သည့် သားကောင်းရတနာများကို မွေးထုတ်ပေးလျက်ရှိပြီး အဆိုပါသားကောင်းရတနာ နောင်တစ်ခေတ်၏ အောင်စစ်သည်တို့သည် တပ်မတော်နှင့်နိုင်ငံတော်အတွက် ကြီးမားသော တာဝန်များကို ထမ်းဆောင်ခဲ့ကြ ထမ်းဆောင်နေဆဲဖြစ်သည်။ ဆက်လက်၍လည်း နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းပေးတာဝန်များကို လက်ဆင့်ကမ်းသွားကြဦးမည်သာဖြစ်သည်။

၂၁ ရာစုကမ္ဘာကြီးသည် အရှိန်အဟုန်နှင့်တိုးတက်ပြောင်းလဲလျက်ရှိသည်။ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးစနစ်များ အချိန်နှင့်အမျှပြောင်းလဲနေကြသည်။ အစဉ်ပြောင်းလဲတိုးတက်လျက်ရှိသည့် ကဏ္ဍစုံနယ်ပယ်နှင့် စစ်နည်းဗျူဟာများနောက်သို့ မျက်ခြည်ပြတ်မခံဘဲ လေ့လာ၊ လေ့ကျင့်၊ လိုက်နာနည်းလမ်းများဖြင့် အပတ်တကုတ် ကြိုးစားသွားကြရမည်ဖြစ်သည်။ အရေးကြီးသည်မှာ မည်သည့်အရာများ မည်သို့ပြောင်းလဲစေကာမူ ကိုယ့်အမျိုးဘာသာ၊ သာသနာနှင့် တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ ပြောင်းလဲမသွားကြရန် သတိမူရမည်။ စစ်တက္ကသိုလ်၏ ပုံရိပ်၊ စစ်တက္ကသိုလ်၏ အစဉ်အလာနှင့် စစ်တက္ကသိုလ်၏ရည်ရွယ်ချက်တို့သည် နှစ်ကာလများ ကြာညောင်းခဲ့သည့်တိုင် မပြောင်းမလဲရှိသကဲ့သို့ အမိစစ်တက္ကသိုလ်တည်းဟူသော ရင်ခွင်မှမွေးဖွားပေးလိုက်သည့် နောင်တစ်ခေတ်၏ အောင်စစ်သည်များသည်လည်း တစ်ခါစစ်သား ထာဝရစစ်သားခံယူချက်ကိုနှလုံးသွင်းကာ တိုင်းပြည်နှင့် လူမျိုးအပေါ် မဖောက်မပြန် တည်ကြည်လေးနက်သော သစ္စာတရားတို့ဖြင့် အလုပ်အကျွေး ပြုလျက်ရှိနေကြသည်။

**"နောင်တစ်ခေတ်ရည်မျှော် အောင်စစ်သည်တော် သူရသတ္တိပြမယ် ကျုးဟော့ ညီညာစေနော်"** ဟူသည့် သီချင်းသံလေးကိုကြားတိုင်း ကျောင်းဆင်းပွဲစစ်ရေးပြကွင်းထဲသို့ ပြန်ရောက်သွားသည့်အလား ခံစားရမြဲဖြစ်သည်။ မကြာမီအချိန်တွင်လည်း အမိစစ်တက္ကသိုလ်ကြီးမှ သားကောင်းရတနာများသည် တာဝန်ကျရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ရင်းတပ်ဖွဲ့ အသီးသီးတွင် ကိုယ်စီကိုယ်စီ ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ် ထူထောင်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စွမ်းအားတို့ဖြင့် ထုဆစ်ပုံဖော်ကြတော့မည်ဖြစ်သည်။

သမိုင်းပေး သင်ခန်းစာများအရ မျက်မှောက်အချိန်အခါသည် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ မြင့်မားသည့် တပ်မတော်တစ်ရပ်ရှိမှသာ နိုင်ငံ့စည်းရိုးလုံခြုံမည်ဖြစ်သည်။ ကျစ်လျစ်ခိုင်မာသော ကာကွယ်ရေးအင်အားထု တစ်ရပ်ရှိမှသာ ကိုယ့်ခြံကိုယ့်တာကို လုံလုံခြုံခြုံ ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ခေတ်အဆက်ဆက် တပ်မတော် အကြီးအကဲများက ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်မျိုးစုံကြားမှ တပ်မတော်ကို စွမ်းရည်မြင့်မားအောင် ကြံဆောင်ခဲ့ကြသည်။ မြန်မာ့တပ်မတော်အနေဖြင့် အခြားသော တပ်မတော်များနှင့်မတူသည့်အချက်မှာ မျိုးချစ်စိတ်၊ ရဲဘော်ရဲဘက်စိတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြသည့် မျိုးချစ်တပ်မတော်ပင်ဖြစ်သည်။ တပ်မတော်သို့ မဝင်ရောက်မီက ရှိခဲ့ပြီးဖြစ်သော မျိုးချစ်စိတ်ပေါ်တွင် တပ်မတော်သားဘဝရောက်သည်နှင့် ရဲဘော်ရဲဘက်စိတ်ကိုပါ ထပ်မံပေါင်းစည်းပေးခဲ့ကြသည်။ ထိုအရာများအတွက် အမိစစ်တက္ကသိုလ်မှ ကျင့်သုံးပေးလိုက်သော ဂါဒီယံစနစ်သည် အခြေခံအကျဆုံး စနစ်ဖြစ်ခဲ့သည်။

နှင်းမှုန်များဝေ့ကာ၊ ဝဲကာကျဆင်းသည့် ဒီဇင်ဘာလသို့ရောက်တိုင်း ပြင်ဦးလွင်မြို့မှ အမိစစ်တက္ကသိုလ်ကြီးကို ပိုမိုလွမ်းဆွတ်အောက်မေ့မိသည်။ ချမ်းအေးလှသော ပြင်ဦးလွင်ဆောင်းကို အန်တုလျက် မြူနှင်းဖွေးဖွေးတို့နှင့်အပြိုင် တူညီဝတ်စုံအဖြူရောင်များဖြင့် သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကြီးကို ကြည့်ရတိုင်းလည်း မကုန်ခန်းနိုင်သော ဗိုလ်လောင်းစိတ်များနှင့်အတူ တစ်ခါတုန်းက စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝကို သတိရမိပြန်သည်။ ကျောင်းဆင်းပွဲစစ်ရေးပြအခမ်းအနားတွင် သီဆိုရသည့် **"မြန်မာပြည်အကျိုးအတွက်ပင် ထာဝစဉ်မျှော် စစ်တက္ကသိုလ်တည်ထွန်းပေါ်"**ဟူသည့် အောင်စစ်သည်တော်သီချင်းပါစာသားလေးအတိုင်း အမိမြန်မာနိုင်ငံတော်အတွက် စစ်တက္ကသိုလ်ကြီး ပေါ်ထွန်းခဲ့သည်မှာ ၆၆ နှစ် သက်တမ်းကိုကျော်လွန်ခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း မြောက်မြားစွာသော တိုင်းပြည်ကြယ်ပွင့်များကိုမွေးထုတ်ပေးခဲ့ပြီးဖြစ်သလို မကြာမီအချိန်မှာလည်း တပ်မတော်နှင့် နိုင်ငံတော်အတွက် အားသစ်လောင်းစေမည့် သားကောင်းဇာနည် နောင်တစ်ခေတ်၏ အောင်စစ်သည်များကို ထပ်မံမွေးထုတ်ပေးတော့မည်ဖြစ်သည်။ တိုင်းပြည်တည်ဆောက်ရေးအတွက် အုတ်ချပ်ပေါင်း သဲပွင့်ပေါင်းများစွာဖြစ်လာကြတော့မည့် နောင်တစ်ခေတ်၏ အောင်စစ်သည်ညီငယ်များကို အမိစစ်တက္ကသိုလ်မှမွေးဖွားခဲ့သော နောင်တော်တစ်ဦး၏ ဤစာစုဖြင့် လေးစားစွာ ဂုဏ်ယူအလေးပြုအပ်ပါကြောင်း။ ။

**ကိုးကား**

- **၁၆-၈-၂၀၂၂ ရက် မြဝတီသတင်းစာ**
- **စစ်တက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းများ**

# ယခုနှစ် အမေဇုန်မိုးသစ်တောများပြုန်းတီးမှု ယခင်နှစ်အောက် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့



**ဘရာစီးလီးယား ဒီဇင်ဘာ ၁**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောပြုန်းတီးမှုသည် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာခဲ့ပြီး ယခုနှစ် သစ်တောပြုန်းတီးမှုသည် ယခင်နှစ်အောက် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက်က National Institute for Space Recharch ရာသီဥတုဆိုင်ရာ အနီးကပ်စောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သောအစီရင်ခံစာတစ်စောင်အရ သိရသည်ဟု Global News သတင်းဌာနက ယနေ့တွင် ရေးသား ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောများသည် လွန်ခဲ့သည့် ၁၅ နှစ်မှစ၍ သစ်တောပြုန်းတီးမှု တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာကြောင်း National Institute for Space Recharch ရာသီဥတုဆိုင်ရာ အနီးကပ်စောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သောအချက်အလက်များအရ သိရသည်။

အဆိုပါအဖွဲ့၏အချက်အလက်များအရ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် ဩဂုတ်လထိ ၁၂ လ တာကာလအတွင်း ဘရာဇီးမိုးသစ်တောများပြုန်းတီးမှုသည် စတုရန်းကီလိုမီတာ ၁၁၆၀၀ ရှိခဲ့ရာ ယခင်နှစ်ကာလတူက သစ်တောပြုန်းတီးမှု စတုရန်းကီလိုမီတာ ၁၃၀၀၀ နှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ ကွန်ရက်ဖြစ်သည့် National Institute for Space Recharch ရာသီဥတုဆိုင်ရာ အနီးကပ်စောင့်ကြည့်ရေးအဖွဲ့၏ နှစ်အလိုက်အချက်အလက်များအပေါ် လေ့လာမှုအရ သမ္မတဟောင်း ဘော့ဆိုနာရို လက်ထက်တွင် ဘရာဇီးသစ်တောပြုန်းတီးမှုသည် လေးနှစ်အတွင်း ယခင်ကာလတူထက် ရာခိုင်နှုန်း ၆၀ မြင့်တက်လာကြောင်း အချက်အလက်များက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအကျယ်အဝန်း၏ နှစ်ဆမျှရှိသော ဘရာဇီးမိုးသစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်အများအပြားကို စုပ်ယူခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို ကြားခံအဖြစ် ဆောက်ရွက်ပေးလျက်ရှိသည့်အပြင် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲ အရှိဆုံးသစ်တောဖြစ်ပြီး နှစ်ထောင်ပေါင်းများစွာ နေထိုင်လာကြသော ဒေသခံမျိုးနွယ်စုများ၏အိမ်လည်းဖြစ်ကြောင်း သိရသည်။

AZH

# ဩစတြေးလျနိုင်ငံတွင် လာမည့်နှစ်အနည်းငယ်အတွင်း ဆိုးရွားသည့်သဘာဝဘေးဖြင့် ရင်ဆိုင်ရနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၁**

ဩစတြေးလျနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် လာမည့်နှစ်အနည်းငယ်အတွင်း ဆိုးရွားသည့် သဘာဝဘေးဖြင့် ရင်ဆိုင်ရနိုင်ကြောင်း ဩစတြေးလျအစိုးရ သိပ္ပံနှင့်မိုးလေဝသအေဂျင်စီမှ သိပ္ပံပညာရှင်များ၏ အစီရင်ခံစာတစ်စောင်အရ သိရသည်ဟု The Actuary သတင်းဌာနက နိုဝင်ဘာ ၃၀ ရက်က ရေးသား ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံသည် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လောင်ကျွမ်းခဲ့သောတောမီးဧရိယာသည် ဗြိတိန်နိုင်ငံဧရိယာနှင့်ညီမျှခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် လာနီညာအခြေအနေကြောင့် ကြီးမားသောရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

ဩစတြေးလျအစိုးရ သိပ္ပံနှင့်မိုးလေဝသအေဂျင်စီမှ နှစ်နှစ်တစ်ကြိမ် ရာသီဥတုဆိုင်ရာလေ့လာမှုအရ နိုင်ငံအနေဖြင့် ပိုမိုပြင်းထန်သောအပူရှိန်၊ ပြင်းထန်သောမိုးရွာသွန်းမှုနှင့် သန္တာကျောက်တန်းများ အရောင်ဖျော့လာသည့်ဖြစ်ရပ်များအပြင် ပိုမိုကြာရှည်သောမီးလောင်ကျွမ်းမှုရာသီနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းတို့ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။

အဆိုပါအေဂျင်စီမှပြုလုပ်သောသုတေသနအရ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ မြင့်တက်လာခြင်းကြောင့် ဩစတြေးလျတွင် ပြင်းထန်သော သဘာဝဘေးများ မကြာခဏဖြစ်ပေါ်စေပြီး ၁၉၁၀ ပြည့်နှစ်မှစ၍ ပျမ်းမျှအပူချိန်သည် သိသိသာသာ တိုးလာခဲ့ကြောင်း၊ သမုဒ္ဒရာများသည် အက်စစ်ဓာတ်များဖြစ်ပေါ်လာပြီး ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ၁ ဒီဂရီစင်တီဂရိတ်ထက် ပိုမိုမြင့်တက်လာကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံအနေဖြင့် လာမည့် ဆယ်စုနှစ်များအတွင်း ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုတင်စီစဉ်မှုများပြုလုပ်ရန်လိုအပ်ပြီး ရာသီဥတု၏ ဘေးဖြစ်စေမှုသည် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုရှိသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်သည့်အရှိန်အဟုန်ပေါ်တွင် မူတည်လိမ့်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ AZH

# အလာဘားမားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် တောင်ဘက်စွန်းပိုင်းတွင် နိုဝင်ဘာ ၃၀ ရက်ညက အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လူနေအိမ်တချို့ပျက်စီးကာ သေဆုံးသူနှစ်ဦးရှိခဲ့ကြောင်း အလာဘားမားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Latimes သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပျက်စီးခဲ့သော လူနေအိမ်တချို့မှာ လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီးများလဲကျရာမှ ပျက်စီးသွားခဲ့ခြင်းဖြစ်ကြောင်း၊ လေဆင်နှာမောင်းကြောင့် မီးသတ်တပ်ဖွဲ့ အဆောက်အအုံတချို့လည်းပျက်စီးခဲ့ပြီး လေဆင်နှာမောင်းသည်အလာဘားမားပြည်နယ် တောင်ဘက်စွန်းပိုင်းရှိ မစ္စစ္စပီပြည်နယ် နယ်ခြားတွင် တိုက်ခတ်ခဲ့ခြင်းကြောင့် မစ္စစ္စပီပြည်နယ်တွင်လည်း ပျက်စီးဆုံးရှုံးမှုတချို့ရှိခဲ့ကြောင်း သိရသည်။

"ညအချိန် ရုတ်တရက် လေဆင်နှာမောင်း ဝင်လာတဲ့အတွက် ကျွန်တော်တို့ အကူအညီမဲ့ခဲ့ပါတယ်။ အိပ်နေတုန်း တိုက်ခတ်ခဲ့တာဖြစ်တဲ့အတွက် ပြင်ဆင်ချိန်မရခဲ့ပါဘူး"ဟု လေဆင်နှာမောင်းဒဏ်သင့် ဒေသခံဖြစ်သူ ဘန့်စတွန်က ပြောကြားခဲ့သည်။



အလာဘားမားပြည်နယ်၌ ပျက်စီးခဲ့သည့် လူနေအိမ်အများစုမှာ ဖလက်ဝုဒ်ကောင်တီမှဖြစ်ပြီး သေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ အသက် ၃၈ နှစ်အရွယ် အမျိုးသမီးဖြစ်ပြီး ကျန်တစ်ဦးမှာ အသက် ရှစ်နှစ်အရွယ်သာရှိသေးသည့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း အလာဘားမား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လေဆင်နှာမောင်းသည် တက္ကဆက်ပြည်နယ် အပါအဝင် အမေရိကန် တောင်ဘက်ပိုင်းရှိ ပြည်နယ်များသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အလာဘားမားပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# နယူးဇီလန်နိုင်ငံ မြောက်အလယ်ပိုင်းကျွန်းတွင် ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**ဝယ်လင်တန် ဒီဇင်ဘာ ၁**

နယူးဇီလန်နိုင်ငံ မြောက်အလယ်ပိုင်းကျွန်းဧရိယာများတွင် ယနေ့နံနက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နယူးဇီလန် မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု NZ Herald သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြေငလျင်သည် တာပိုကျွန်းအနောက်တောင်ဘက်ပိုင်း ကီလိုမီတာ ၂၀ အကွာ မြေအောက်အနက် ငါးကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်လှိုင်းဒဏ်သင့်ခဲ့ရသည့် လူဦးရေ ၅၀၀၀ ခန့်ရှိခဲ့ပြီး မြေငလျင်လှိုင်းဒဏ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသည့်ဧရိယာမှာ အိုရူအန်နူအီဒေသဖြစ်ကာ အသေးစားပျက်စီးမှုတချို့ရှိခဲ့ကြောင်း တာပိုကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီနေ့နံနက် အစောပိုင်းမှာ မြောက်အလယ်ပိုင်းကျွန်းဧရိယာတွေမှာ ပြင်းအား ၅ ဒသမ ၆ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ဟာ တာပိုကျွန်းအနောက်တောင်ဘက်ပိုင်း ၂၀ ကီလိုမီတာအကွာ မြေအောက်အနက် ငါးကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့ပါတယ်"ဟု နယူးဇီလန် မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်အားပြင်းခဲ့သော်လည်း မြေငလျင် နောက်ဆက်တွဲအဖြစ် ဆူနာမီလှိုင်း ဝင်ရောက်ဖွယ်မရှိကြောင်း နယူးဇီလန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

"မြေငလျင်လှိုင်း ဒီလောက်ပြင်းတဲ့အနေအထားမျိုးနဲ့တစ်ခါမှမကြုံဖူးပါဘူး။ အိမ်ထဲမှာရှိတဲ့ပစ္စည်းတွေလှုပ်ရမ်းပြီးတော့ ပစ္စည်းတချို့ပျက်စီးခဲ့ပါတယ်။ ပစ္စည်းတွေလှုပ်ခတ်သံငြိမ်သွားတာနဲ့ရေကျသံတွေထွက်ပေါ်လာတယ်။ သွားစစ်ကြည့်တော့ ရေပိုက်လိုင်းတွေ ပျက်စီးသွားပါတယ်"ဟု မြေငလျင်ဒဏ်အဓိကရင်ဆိုင်ခဲ့ရသည့် အိုရူအန်နူအီဒေသမှ အသက် ၇၀ အရွယ် ဒေသခံတစ်ဦးဖြစ်သူ မစ္စတာဘက်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကုမ္ပဏီကြီးများလိုက်ပါဆောင်ရွက်မှုအားနည်းနေ

**လန်ဒန် ဒီဇင်ဘာ ၁**

အင်္ဂလန်နိုင်ငံအခြေစိုက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးပရောဂျက်အဖွဲ့အစည်း(CDP) က ကမ္ဘာ့နိုင်ငံအသီးသီးမှ ကုမ္ပဏီကြီးများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုက်ပါဆောင်ရွက်မှုအားနည်းနေကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု The News သတင်းဌာနက နိုဝင်ဘာ ၃၀ ရက်က ရေးသား ဖော်ပြခဲ့သည်။

ကုမ္ပဏီကြီးများအနေဖြင့် ဇီဝမျိုးစိတ်များနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများကို ထိန်းသိမ်းရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု တိုးမြင့်လာကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီပေါင်း ၂၀၀၀၀ ကျော်မှ စျေးကွက်အတွင်းလှုပ်ရှားနေမှု၊ ကုန်ပစ္စည်းထုတ်လုပ်မှုတို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန် အားနည်းနေကြောင်း CDP က သုတေသန ရလဒ်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုတွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လောက်ထိ ထိခိုက်နစ်နာစေတယ်ဆိုတာ အားလုံးလဲ သဘောပေါက်နားလည်ထားပြီးဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကို လျှော့ချနိုင်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားဖို့လိုအပ်နေပါတယ်"ဟု BNP ပိုင်ဆိုင်မှု စီမံခန့်ခွဲမှုအဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူ အမ်ဘတ်ရှီးယားက ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန် အားနည်းနေသည့် ကုမ္ပဏီကြီးများတွင် ဗြိတိန်နိုင်ငံအခြေစိုက် GSK plc ဆေးဝါးနှင့်ဇီဝနည်းပညာကုမ္ပဏီ၊ ဆွီဒင်နိုင်ငံအခြေစိုက် H&M Group အဝတ်အထည်နှင့် ဖက်ရှင်ကုမ္ပဏီကြီးများလည်း ပါဝင်နေကြောင်း၊ ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် BNP ပိုင်ဆိုင်မှုစီမံခန့်ခွဲမှုအဖွဲ့အစည်းကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်းအနေဖြင့်ပါ လိုက်နာဆောင်ရွက်နိုင်မှသာ အောင်မြင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည် ဖော်နိုင်မည်ဖြစ်ကြောင်း သုံးသပ်သွားခဲ့သည်။

**ခိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်သို့ နိုဝင်ဘာလအတွင်း ဘုရားဖူး ၂၆၃၃၄၅ ဦး လာရောက်ဖူးမြော်ခဲ့



**ပုသိမ် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်သို့ နိုဝင်ဘာလအတွင်း ဘုရားဖူး ၂၆၃၃၄၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်ဂေါပကအဖွဲ့ လုံခြုံရေးတာဝန်ခံ ဦးလှဌေးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်သို့ အောက်တိုဘာလအတွင်းက ဘုရားဖူး ၁၁၀၃၅၄ ဦးသာ လာရောက်ဖူးမြော်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ ၂၆၃၃၄၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ အဆိုပါစေတီတော်သို့ ရန်ကုန်နှင့်နေပြည်တော်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြသည့်အပြင် ပြည်ပခရီးသွားများလည်း လာရောက်ကြကြောင်း သိရသည်။

"သမိုင်းဝင်စေတီတော်ဖြစ်တာနဲ့အမျှ ပွင့်လင်းရာသီရောက်လာတာနဲ့ ဘုရားဖူးတွေက မပြတ်ဆိုသလို လာရောက်နေပါတယ်။ အရင်က တိုင်းဒေသကြီးအတွင်းက ဘုရားဖူးတွေလောက်ပဲ လာရောက်ဖူးမြော်ကြတာပါ။ အခုက နေပြည်တော်နဲ့ ရန်ကုန်တိုင်းဒေသကြီးက ဘုရားဖူးတွေ၊ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေအပြင် ပြည်ပခရီးသွားတွေလဲ လာရောက်ကြတာရှိပါတယ်။ ပြီးခဲ့တဲ့လတွေထက် နိုဝင်ဘာလမှာ လာရောက်တဲ့ဘုရားဖူးတွေ အတော်များတာကို တွေ့ရပါတယ်။ ရွှေမုဋ္ဌောစေတီတော်ကို လာရောက်ဖူးမြော်တဲ့ ဘုရားဖူးတွေရဲ့ လုံခြုံရေးကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ဆောင်ရွက်နေပါတယ်"ဟု ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော် ဂေါပကအဖွဲ့ လုံခြုံရေးတာဝန်ခံ ဦးလှဌေးက ပြောပြသည်။

ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်သို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးများ စိတ်အေးချမ်းစွာ သွားလာနိုင်ရေးနှင့် နားနေအပန်းဖြေနိုင်ရေးတို့အတွက် လိုအပ်သည်များ စီစဉ်ပေးထားကြောင်း၊ ထို့ပြင် ဘုရားဖူးပြည်သူများ ဒေသထွက် အမှတ်တရပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း အရောင်းဆိုင်များ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သံဒိုင်ခင်-ဒိုးပင်သောင်-မဲကုန်းကွင်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**အုတ်တွင်း ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သံဒိုင်ခင်-ဒိုးပင်သောင်-မဲကုန်းကွင်း ကျေးရွာချင်းဆက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို နိုဝင်ဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများ၊ ကျေးလက်ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သံဒိုင်ခင်-ဒိုးပင်သောင်-မဲကုန်းကွင်းကျေးရွာချင်းဆက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီ တာဝန်ခံက လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့အတွက် အလေးထားဆောင်ရွက်ရန် ခရိုင်ဦးစီးမှူးက မှာကြားခဲ့သည်။

အုတ်တွင်းမြို့နယ်ရှိ သံဒိုင်ခင်-ဒိုးပင်သောင်-မဲကုန်းကွင်းကျေးရွာချင်းဆက်ကုန်ထုတ်လမ်းအရှည် ၈၀၄၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေသားတင်ခြင်း၊ မြေနီခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅၄ ဒသမ ၃၇၅ သန်းဖြင့် Royal 42 ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။ **နိုင်ဝင်း**

# ကမ္ဘာ့ဖလားအုပ်စု (G) နောက်ဆုံးပွဲစဉ်မှာ ဘရာဇီး၊ ဆွစ်ဇာလန်အသင်းတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အဲဒီထဲက အုပ်စုပွဲစဉ်အားလုံးကစားပြီးတဲ့ အုပ်စု (A) မှာ နယ်သာလန်၊ ဆီနီဂေါ၊ အုပ်စု (B) က အမေရိကန်၊ အင်္ဂလန်၊ အုပ်စု (C) က ပြင်သစ်၊ သြစတြေးလျ၊ အုပ်စု (D) က အာဂျင်တီးနား၊ ပိုလန်တို့ဟာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ကျန်အုပ်စုတွေမှာတော့ ဘရာဇီး၊ ပေါ်တူဂီတို့သာ အုပ်စုက တက်ရောက်နိုင်ပြီး ကျန်အသင်းတွေကတော့ နောက်ဆုံးအချိန်ထိ အကြိတ်အနယ် ယှဉ်ပြိုင်ရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့စနေနေ့မှာတော့ အုပ်စု (G) ပွဲစဉ်ကို အဓိကထားချဉ်းကပ်သွားမှာဖြစ်ပြီး အဲဒီထဲက ကမ္ဘာ့ဖလားမှာ အစဉ်အလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ အသင်းတွေကိုသာ အားပေးသွားမှာဖြစ်ပါတယ်။

### ဘရာဇီးအသင်းကို အားပေးရမှာပါ

စနေနေ့မှာကစားမဲ့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ကင်မရွန်းနဲ့ ဘရာဇီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ကင်မရွန်းအသင်းဟာ အုပ်စု (G) မှာ ဆားဘီးယား၊ ဘရာဇီး၊ ဆွစ်ဇာလန်တို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့ပေမဲ့ အုပ်စုနှစ်ပွဲကစားခဲ့ရာမှာ တစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ကြောင့် ရမှတ်တစ်မှတ်သာ ရရှိသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဆွစ်ဇာလန်ကို ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ဆွစ်ဇာလန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်း ပြန်လည်စတင်ချိန်မှာ မထင်မှတ်ဘဲ ဂိုးပေးလိုက်ရတာကြောင့် တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့တာဖြစ်ပါတယ်။

ကင်မရွန်းအသင်းဟာ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဆားဘီးယားကို ပွဲချိန် ၂၉ မိနစ်မှာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းခံစစ်ပိုင်းရဲ့အမှားကြောင့် ပထမပိုင်းနာကျင်အချိန်ပိုမှာ ချေပဂိုးနဲ့ ဦးဆောင်ဂိုးပါ ပေးလိုက်ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ အရေးနိမ့်သွားတာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ ဆားဘီးယားက ပွဲချိန် ၅၃ မိနစ်မှာ ဦးဆောင်ဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပေမဲ့ ကင်မရွန်းအသင်းရဲ့ တိုက်စစ်ကစားအားကောင်းမှုကြောင့် ပွဲချိန် ၆၃ မိနစ်နဲ့ ပွဲချိန် ၆၆ မိနစ်မှာ ချေပဂိုးတွေ ထပ်မံသွင်းယူနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဆားဘီးယားနဲ့ပွဲစဉ်မှာတော့ သူတို့အသင်းနည်းပြဟာ ကွင်းလယ်ကစားသမား ဟွန်ဂလာကိုထုတ်ပြီး တိုက်စစ်မှူး အဘူဘာကာကို ထည့်သွင်းခဲ့တာကြောင့် ကစားပုံတိုးတက်လာခဲ့ပြီး ဆားဘီးယားကို ပြန်လည်ဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခုပွဲစဉ်ကို အနိုင်ရရင် နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိနေပေမဲ့ လက်ရှိပြိုင်ဘက်က ကမ္ဘာ့ဖလားမှာ အောင်မြင်မှုအများဆုံးရရှိထားတဲ့ ဘရာဇီးအသင်းဖြစ်နေတာကြောင့် မျှော်လင့်ချက်နည်းပါးနေရတာဖြစ်ပါတယ်။

လက်ရှိ ဘရာဇီးအသင်းဟာ သူတို့အုပ်စုမှာ ကစားသမားစုဖွဲ့မှုအကောင်းဆုံးအသင်းဖြစ်သလို ပြီးခဲ့တဲ့ အုပ်စုပွဲစဉ်နှစ်ပွဲစလုံးကို အနိုင်ရခဲ့ပြီး အုပ်စုအဆင့်က တက်ရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြတိုက်ရဲ့ ၄-၂-၃-၁ ကစားကွက်အောက်မှာ ရစ်ချာလီဆန်ကို အထောင်ထားပြီး ရာဖင်ဟာ၊ နေမာ၊ ဗင်နီစီးယက်စ်တို့ကို တောင်ပံနဲ့ နောက်ချန် တိုက်စစ်တွေမှာ ကစားခိုင်းတာကြောင့် တိုက်စစ်ပိုင်းကောင်းနေတယ်လို့ဆိုရမှာပါ။ ကွင်းလယ်မှာတော့ ခံစစ်၊ တိုက်စစ်ကူပေးတဲ့ ကက်စမဲရိုး၊ ပါကွီတာ၊ ဂူမာရေ့စ်တို့လို ကစားသမားတွေရှိနေတဲ့အပြင် ခံစစ်ကလဲ မာကွင်ဟို၊ သီယာဂိုဆေးဗား၊ ဆန်ဒရို၊ ဒန်နီလို၊ မီလီတာအိုတို့လို ကစားသမားကောင်းတွေကြောင့် ကစားကွက်ပိုင်းတည်ငြိမ်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာလဲ ကစားပုံမာကျောတဲ့ ဆားဘီးယားလိုအသင်းကို ဗင်နီစီးယက်စ်၊ ရာဖင်ဟာ၊ နေမာတို့ရဲ့ ဖြတ်ကျော်မှုကနေ ရစ်ချာလီဆန်က အခွင့်အရေးတွေရရှိပြီး နှစ်ဂိုး ဂိုးမရှိနဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ နေမာ ဒဏ်ရာကြောင့် မပါဝင်နိုင်တာကြောင့် နည်းပြတိုက်ဟာ ၄-၃-၃ ကစားကွက်ကို ပြောင်းလဲခဲ့ပြီး ရစ်ချာလီဆန်၊ ရာဖင်ဟာ၊ ဗင်နီစီးယက်စ်တို့ကို အထောင်ထားပွဲထွက်လာခဲ့သလို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ခဲ့တာကြောင့် ပွဲချိန် ၈၃ မိနစ်မှာ အသင်းခေါင်းဆောင် ကက်စမဲရိုးက အနိုင်ဂိုးသွင်းယူပေးခဲ့လို့ ဆွစ်ဇာလန်ကို အနိုင်ရခဲ့တာဖြစ်ပါတယ်။အစဉ်အလာကောင်းတွေ ပိုင်ဆိုင်ထားပြီး ကမ္ဘာ့ဖလားချန်ပီယံဆုရရှိဖို့ ရေပန်းစားနေတဲ့ ဘရာဇီးအသင်းကိုပဲ အားပေးရမှာပါ။

### ကင်မရွန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုရီးယား | ၁ | - | ၀ | ကင်မရွန်း |
| ကင်မရွန်း | ၁ | - | ၁ | ဂျမေကာ |
| ကင်မရွန်း | ၁ | - | ၁ | ပနားမား |
| ဆွစ်ဇာလန် | ၁ | - | ၀ | ကင်မရွန်း |
| ကင်မရွန်း | ၃ | - | ၃ | ဆားဘီးယား |

### ဘရာဇီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျပန် | ၀ | - | ၁ | ဘရာဇီး |
| ဘရာဇီး | ၃ | - | ၀ | ဂါနာ |
| တူနီးရှား | ၁ | - | ၅ | ဘရာဇီး |
| ဘရာဇီး | ၂ | - | ၀ | ဆားဘီးယား |
| ဘရာဇီး | ၁ | - | ၀ | ဆွစ်ဇာလန် |

### ဆွစ်ဇာလန်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့မှာကစားမဲ့ အုပ်စု (G) ပွဲစဉ်က နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆားဘီးယားအသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆားဘီးယားအသင်းဟာ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှု ဒုတိယအကောင်းဆုံးအသင်းဖြစ်ပေမဲ့ အုပ်စုအဖွင့်ပွဲစဉ်မှာ ဘရာဇီးအသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ကစားသမားတွေ နားလည်မှုလွဲနေတာကြောင့် ကစားပုံကျဆင်းခဲ့ပြီး အဖွင့်ပွဲစဉ်မှာ ဘရာဇီးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ကစားပုံပြောင်းလဲပြီး ပွဲထွက်ခဲ့တာကြောင့် ပုံစံကောင်းရရှိလာခဲ့ပြီး ကင်မရွန်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ကင်မရွန်းအသင်းရဲ့ဦးဆောင်ခြင်းကို ခံရပေမဲ့ သွင်းဂိုးသုံးဂိုးထိ သွင်းယူနိုင်ခဲ့လို့ ရမှတ်ပြည့်ရယူနိုင်မဲ့ အခွင့်အရေးပိုင်ဆိုင်ခဲ့ပေမဲ့ ခံစစ်ကစားသမား ပါလိုဗစ် ဒဏ်ရာကြောင့် ထွက်ခွာပြီးနောက်ပိုင်းမှာ ကစားအားကျဆင်းသွားတာကြောင့် ချေပဂိုး ပြန်လည်ခွင့်ပြုလိုက်ရလို့ သရေရလဒ်သာ ရရှိခဲ့တာကို တွေ့ရမှာပါ။

အခုပွဲစဉ်မှာတော့ ဆွစ်ဇာလန်အသင်းကို အနိုင်ကစားနိုင်ရင် အုပ်စုအဆင့်က တက်ရောက်ဖို့ အခွင့်အရေးရှိနေပေမဲ့ သူတို့အသင်းရဲ့ အဓိက ခံစစ်ကစားသမား ပါလိုဗစ် ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်သလို အသင်းရဲ့အဓိက ကစားသမား တာဒစ် ခြေစွမ်းပြသဖို့ ရုန်းကန်နေရတဲ့အပြင် ဗလာဟိုဗစ်ကလဲ နည်းပြရဲ့ကစားကွက်နဲ့ အံဝင်မှုမရှိတာကြောင့် နိုင်ပွဲရဖို့လွယ်ကူမှာမဟုတ်ပါဘူး။ ဒ့ါပြင် ဆားဘီးယားအသင်းဟာ ပြီးခဲ့တဲ့ နှစ်ပွဲမှာ ခံစစ်ပိုင်းက ပေးဂိုးငါးဂိုးထိ ခွင့်ပြုထားတာကလဲ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အတွေ့အကြုံလိုအပ်နေသေးတယ်ဆိုတာ ပြသနေသလိုဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိ ကမ္ဘာ့အဆင့် (၂၁) မှာ ရပ်တည်နေပေမဲ့ ယူဂိုဆလားဗီးယားပြည်ထောင်စုက ခွဲထွက်ပြီးနောက်ပိုင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၁၆ သင်းအဆင့်သာ တက်ရောက်နိုင်တော့သလို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွေမှာတော့ အုပ်စုအဆင့်ကနေ လှည့်ပြန်ခဲ့ရတာကို တွေ့ရမှာပါ။ လာမဲ့ပွဲစဉ်မှာ သူတို့အသင်းနည်းပြကတော့ ကင်မရွန်းနဲ့ ပွဲစဉ်က လူစာရင်းအတိုင်း အပြောင်းအလဲလုပ်မှာမဟုတ်ပေမဲ့ အသင်းလိုက်စုဖွဲ့မှုအားနည်းရင်တော့ ဆွစ်ဇာလန်ကို အရေးနိမ့်ဖို့ များပါတယ်။

နည်းပြ ယာကင်ရဲ့ ဆွစ်ဇာလန်အသင်းဟာ အသင်းလိုက်စုဖွဲ့မှုကောင်းတာကြောင့် ပြိုင်ဘက်မရွေး ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်ဆိုတာကို ပြီးခဲ့တဲ့ ဘရာဇီးအသင်းနဲ့ပွဲစဉ်မှာ တွေ့မြင်ရမှာပါ။ အဲဒီပွဲစဉ်မှာ နည်းပြယာကင်က အမ်ဘိုလိုကို အထောင်ထားပြီး ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့ရာမှာ အလုပ်ဖြစ်ခဲ့တယ်လို့ဆိုရမှာပါ။ ဒါကြောင့် သူတို့အသင်းနည်းပြအနေနဲ့ ဒုတိယပွဲစဉ် ဘရာဇီးအသင်းကို ရင်ဆိုင်ရာမှာလဲ ကစားကွက်နဲ့ လူစာရင်းအပြောင်းအလဲသိပ်မလုပ်ဘဲ ဆက်လက်ရင်ဆိုင်ခဲ့ပြီး အပြန်အလှန်ဖိအားပေးမှုတွေ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပွဲကစားချိန် မိနစ် ၈၀ ကျော်မှာတော့ ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရပြီး ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ သူတို့အသင်းအနေနဲ့ ဘရာဇီးအသင်းကို အဘက်ဘက်ကယှဉ်နိုင်ခဲ့ပေမဲ့ ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့်သာ နောက်ကျသွင်းဂိုးနဲ့ ရမှတ်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။

ဆွစ်ဇာလန်အသင်းဟာ အခုပွဲစဉ်မှာလဲ ဆားဘီးယားအသင်းကို အနည်းဆုံးသရေရလဒ် ကစားနိုင်ရင် နောက်တစ်ဆင့်တက်ရောက်ဖို့ အလားအလာကောင်းနေတာကြောင့် ခံစစ်ကစားပုံအသားပေးလွန်းတဲ့ သူတို့အသင်းအတွက် ခက်ခဲမှာမဟုတ်ပါဘူး။ ဒ့ါပြင် သူတို့နှစ်သင်း ၂၀၁၈ ကမ္ဘာ့ဖလားအုပ်စုအဆင့် တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာလဲ ဆွစ်ဇာလန်က နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ဆားဘီးယားအသင်းက ပွဲအစ ငါးမိနစ်မှာ မက်ထရိုဗစ်ရဲ့ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမဲ့ ဆွစ်ဇာလန်အသင်းက ပွဲချိန် ၅၂ မိနစ်မှာ ရှာကာ၊ ပွဲချိန်မိနစ် ၉၀ မှာ ရှာကွီရီတို့ရဲ့သွင်းဂိုးတွေနဲ့ အနိုင်ရသွားခဲ့တာဖြစ်ပါတယ်။ ထူးခြားချက်တစ်ခုကတော့ အဲဒီပွဲစဉ်မှာ ပါဝင်ခဲ့တဲ့ ကစားသမားအများစုဟာ လက်ရှိမှာလဲ ပြန်လည်ပါဝင်နေတာဖြစ်ပြီး အနည်းဆုံး ကစားသမား ငါးယောက်လောက်ထိ ပွဲထွက်ကစားနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ ကမ္ဘာ့ဖလားအုပ်စု အဆင့်ပွဲစဉ်တွေမှာ အစဉ်အလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ဆွစ်ဇာလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆားဘီးယား | ၄ | - | ၁ | ဆွီဒင် |
| နော်ဝေ | ၀ | - | ၂ | ဆားဘီးယား |
| ဘာရိန်း | ၁ | - | ၅ | ဆားဘီးယား |
| ဘရာဇီး | ၂ | - | ၀ | ဆားဘီးယား |
| ကင်မရွန်း | ၃ | - | ၃ | ဆားဘီးယား |

### ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပိန် | ၁ | - | ၂ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၂ | - | ၁ | ချက် |
| ဆွစ်ဇာလန် | ၀ | - | ၂ | ဂါနာ |
| ဆွစ်ဇာလန် | ၁ | - | ၀ | ကင်မရွန်း |
| ဘရာဇီး | ၁ | - | ၀ | ဆွစ်ဇာလန် |

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)
(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)
(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
   (၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်းတျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။
   (၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်းတျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ဖြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။
(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
   (၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။
   (၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။
   (၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။
   (၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။
(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
   (၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။
   (၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။
   (၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။
(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
   (၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။
   (၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။
   (၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။
   (၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။
(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။
(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။
(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။
(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။
(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက် ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်
(င) ဖြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်
(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်
(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်
(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား
(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








## စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ ၂၀၂၂-၂၀၂၃ပညာသင်နှစ်၊ စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာသင်တန်းများစတင်ဖွင့်လှစ်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးသိပ္ပံများ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် စိုက်ပျိုးရေးဒီပလိုမာ ပထမနှစ်သင်တန်းများကို စိုက်ပျိုးရေးသိပ္ပံကျောင်း(၁၅)ကျောင်း၌လည်းကောင်း၊ မွေးမြူရေးဒီပလိုမာပထမနှစ်သင်တန်းများကို စိုက်ပျိုးရေးသိပ္ပံကျောင်း(၉)ကျောင်း (ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဇွဲကပင်၊ ကျောက်တော်) တို့တွင်လည်းကောင်း စတင်ဖွင့်လှစ်လျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံသင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြုပုံမှန်သင်တန်းများကို ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ချည်မှင်နှင့်အထည်အလိပ်ဒီပလိုမာ (၁)နှစ်သင်တန်း | ၃၀ ဦး |
| (ခ) | ချည်မှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၅ ဦး |
| (ဂ) | ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်း | ၅ ဦး |
| (ဃ) | ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်း | ၅ ဦး |
| (င) | လက်ရက်ကန်း (၆)လသင်တန်း | ၁၀ ဦး |

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-

(၁) အမှတ်စဉ်(က)သင်တန်းအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး အသက် (၁၆)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

(၂) အမှတ်စဉ်(ခ)သင်တန်းအတွက် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ် မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

(၃) အမှတ်စဉ်(ဂ)၊ (ဃ)နှင့် (င) သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

(၄) အမှတ်စဉ်(ဂ) နှင့် (ဃ) သင်တန်းများအတွက် အမျိုးသမီးများကို ဦးစားပေးမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၂၅၇၃၉၁၈၊ ၀၉-၄၂၀၇၁၂၈၃၁

E-mail - mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် နေ၊ မီး၊ အပြည့်အစုံ အဆောင် **(အခမဲ့)** နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် တစ်လ ၃၀၀၀၀/- ကျပ် ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ရေတာရှည်မြို့နေ သန်းသန်းဝေ(ဘ) ဦးကျန် (၁၄/ရေတာ(နိုင်)၀၀၅၇၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၃၀၉၀၆၀၅

### ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့နေ နီလာမြင့်အောင် (ဘ) ဦးစံအောင် (၉/ဝတန(နိုင်)၁၄၁၀၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်နေ ကျော်ခင်းထွန်း(ဘ)ဦးထွန်းလွင် (၇/ညလပ(နိုင်)၀၀၀၀၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၀၂၆၅၉၆

### ပျောက်ဆုံးကြောင်း

မော်လမြိုင်ကျွန်းမြို့နေ ခင်မောင်စိုး(ခ)ရာဟင်း(ဘ) ဦးချစ်စိန်(၁၄/မမန(နိုင်)၀၁၄၁၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၅၀၈၅၈၇၂

### ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့နေ မြတ်မှုးဇေ (ဘ) ဦးတင်စိုး (၉/ဝတန(နိုင်)၁၉၅၈၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

**ဥတုရာသီ တောကိုမီ**

**သင့် သွေး ဖြင့် အသက် ကယ်ပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ဒေသတွင်းမှထွက်ရှိလာသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်...

❖ ကုန်ကြမ်းထွက်ရှိမှုခိုင်မာအောင်ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်မြို့၌ (၅၅)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ (၅၅)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်း ရပ်နားထားခဲ့ရသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာလအတွင်း အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ဆေးရုံအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်မည့်အစီအစဉ်အတွက်

**စာမျက်နှာ ၁၈ ကော်လံ ၂** ☆

## စစ်တက္ကသိုလ်ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်မည်

စစ်တက္ကသိုလ်ပိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၂ ရက် **(ယနေ့)** နံနက် ၇ နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် Skynet FUTURE 5 Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့နှင့် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး

ဆောင်းပါး စာမျက်နှာ - ၁၀

**နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review-IFR)သို့ တက်ရောက်ရန် တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်သော စစ်ရေယာဉ်(ကျန်စစ်သား) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ခွာ** စာမျက်နှာ - ၁၉

**ဖလူး၊ ကျောက်ခက်၊ သဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ** စာမျက်နှာ - ၁၉

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့်မြောက်ဥက္ကလာပမြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများကျူးလွန်ခဲ့ပြီး ဘဏ်ကိုဓားပြတိုက်လုယက်မှုကျူးလွန်ရန် စီစဉ်လျက်ရှိသည့် Anti-Coup People's Liberation Force - ACPLF နှင့် Anonymous Fighter Force - AFF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ** စာမျက်နှာ - ၂၂


ကျန်းမာသန့်ရှင်း ပိုးမွှားကင်းပြီး လန်းဆန်းမွှေးပျံ့စေတာ
ကြာပန်းတံဆိပ် "PADONMAR" ဆပ်ပြာ...

ပေါင်မြို့နယ်၊ မွန်ပြည်နယ် 09 781 848 699 , 09 793 732 616 သို့
လက်လီ၊ လက်ကား မှာယူအားပေးနိုင်ပါပြီ...



PADONMAR
ရေမှာ "ကြာ"၊
ဆပ်ပြာမှာ "ပဒုမ္မာ"